# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နုန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၀၃၉)

# (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနား ဒုတိယ သမ္မတ ဦးမြင့်ဆွေ တက်ရောက်

**မြဝတီ နိုဝင်ဘာ ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့တွင် (၆၂) နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်ပြီး မြဝတီ ကုန်သွယ်ရေးဇုန်အား ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် နံနက် ၇ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ကျင်းပသည့် ၂၀၁၇ ခုနှစ်၊ (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်း၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ၊ ကရင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများ၊ အပစ်ရပ်လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ နှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



**ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌတို့ ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများနှင့် ပျော်ပွဲရွှင်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** သတင်းစဉ်

## ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်ကြောင့် နှစ်နိုင်ငံအကြား ချောမွေ့စွာသွားနေသည့် စေ့စပ်ဆွေးနွေးမှုများကို ထိခိုက်စေမည့် အန္တရာယ်ရှိ

## ထုတ်ပြန်ချက် ထုတ်ပြန်ခဲ့ခြင်းအပေါ် မြန်မာအစိုးရအနေဖြင့် လက်ခံကျေနပ်ခြင်းမရှိ

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက်**

**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်**
**(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)**

**၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် လုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်အပေါ် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်**

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဥက္ကဋ္ဌ၏ ထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုဟူသော အခြေခံမှုကို ကိုင်စွဲထားသည့် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအချို့၏ ရပ်တည်ချက်ကို အသိအမှတ်ပြုပါသည်။

ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်တွင် မြန်မာအစိုးရ၏ လူမျိုး၊ ဘာသာ အဆင့်အတန်းခွဲခြားမှုမရှိဘဲ အကျပ်အတည်းဖြစ်နေသောသူ အားလုံးထံ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်မှုကို အောင်မြင်စွာလုပ်ဆောင်ပေးခဲ့မှု အပါအဝင် ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ကြိုးပမ်းမှု အချို့အဝက်ကိုသာ အသိအမှတ်ပြုခဲ့သည်။

ဤထုတ်ပြန်ချက်သည် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ရင်ဆိုင်နေရသော ပြဿနာများအား နှစ်နိုင်ငံ ဆွေးနွေးကာ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုဖြင့် ဖြေရှင်းမှသာအောင်မြင်မှုရနိုင်သည်ဆိုသည့်အချက်ကို လျစ်လျူရှုထားခဲ့ပါသည်။ ထို့အပြင် အဆိုပါထုတ်ပြန်ချက်ကြောင့် နှစ်နိုင်ငံအကြား ချောမောစွာသွားနေသည့်

*စာမျက်နှာ ၄ ကော်လံ ၁* ❋

**ရခိုင်ပြည်နယ် အခြေအနေနှင့် ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်အပေါ် မြန်မာ အမြဲတမ်းကိုယ်စားလှယ်က မိန့်ခွန်းပြန်လည်ပြောကြား**

စာမျက်နှာ » ၄

**လူငယ် ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် ကျင်းပပြုလုပ်ရေးအတွက် တတိယအကြိမ် ညှိနှိုင်းစည်းဝေး**

စာမျက်နှာ » ၈

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

**မြန်မာ့အလင်း**

# မတူကွဲပြားသော ရှုထောင့်တို့၏ ဆုံမှတ်

ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် နိုင်ငံတကာတို့ကြား သဘောထားအမြင်ကွဲလွဲမှုသည် မတူခြားနားသော ချဉ်းကပ်ပုံ၌ အခြေပြုနေပါသည်။ နိုင်ငံတကာက ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် လူ့အခွင့်အရေးရှုထောင့်သက်သက်မှ ရှုမြင်သုံးသပ်ကြပါသည်။ မြန်မာနိုင်ငံက ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် တိုင်းရင်းသားအခွင့်အရေး တောင်းဆိုမှုနှင့်အတူ တိုင်းပြည်၏ အချုပ်အခြာအာဏာ ထိပါးလာခြင်းဟူသော ရှုထောင့်မှ ရှုမြင် သုံးသပ်ပါသည်။ မတူညီသော ရှုထောင့်တို့မှ ရှုမြင်သုံးသပ်ကြသည်ဖြစ်၍ မြန်မာနိုင်ငံနှင့် နိုင်ငံတကာတို့ကြား သဘောထားအမြင်တို့သည် ကွာဟသည်ထက် ကွာဟလာပါသည်။

ဤသို့ ကွာဟသည်ထက် ကွာဟလာသော သဘောထားအမြင်တို့ကို ဆုံချက်တစ်ခုဖြစ်ပေါ်လာစေရန် စုစည်း ဆက်စပ်ပေးမည့် နည်းလမ်းတစ်ရပ်ရှိပါသည်။ အဆိုပါ နည်းလမ်းမှာ တစ်ဖက်၏ တရားနည်းလမ်းကျသော စိုးရိမ်သောက အပေါ် ကျန်တစ်ဖက်က အလေးအနက် အသိအမှတ်ပြုခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံက နိုင်ငံတကာ၏ လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်သောကအပေါ် အသိအမှတ်ပြုသည့်နည်းတူ နိုင်ငံတကာကလည်း မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာထိပါးလာမည့် စိုးရိမ်သောကအပေါ် အသိအမှတ်ပြုရန် လိုအပ်ပါသည်။ လူသားတို့၏ အခြေခံ အခွင့်အရေးတို့ကိုသာ ကြားလို၊ မြင်လိုသည်၊ တိုင်းရင်းသားအခွင့်အရေးနှင့် အချုပ်အခြာအာဏာဆိုသည်တို့ကို မမြင်လို၊ မကြားလိုဟု ဆုပ်ကိုင်နေပါက ရခိုင်ပြည်နယ်အရေးကိစ္စဆိုင်ရာ အဖြေကို မည်သို့မည်ပုံ ညှိနှိုင်းရယူနိုင်ပါမည်နည်း။

သိမ်မွေ့နက်ရှိုင်း၍ အတိမ်းအစောင်းမခံနိုင်သော ပြဿနာတို့အား သေးငယ်သော်လည်း ရှင်းလင်းတိကျသော ခြေလှမ်းတို့ဖြင့် စတင်ကိုင်တွယ်သင့်သည်ဟု ဆိုကြပါသည်။ တစ်ဖက်နှင့် တစ်ဖက်အကြား တည်ရှိနေမည့် မတူကွဲပြားသော စိုးရိမ်သောကတို့အပေါ် ရှင်းလင်းပြတ်သားစွာ အပြန်အလှန် အသိအမှတ်ပြုခြင်းသည် အဖြေရရှိနိုင်သည့် လမ်းစကို ရှာဖွေပေးမည် ဖြစ်ပါသည်။ ဒုတိယအဆင့်အနေဖြင့် နှစ်ဖက်စလုံးက ပြဿနာအား အမှန်တကယ် ဖြေရှင်းလိုစိတ်ရှိကြောင်း ရှင်းလင်းပီသစွာ ထုတ်ဖော်ပြသရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံက ရခိုင်ပြည်နယ်ပြဿနာကို ဖြေရှင်းပေးမည့် အခြေခံမူနှစ်ရပ်ကို ရှင်းလင်းပီသစွာ ချမှတ်ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံက ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေးသွားသော ဘင်္ဂါလီမျိုးနွယ်တို့ကို စိစစ်လက်ခံမည်ဟု ပြောကြားပြီး ဖြစ်သကဲ့သို့ စိစစ်ပြီး ဘင်္ဂါလီမျိုးနွယ်တို့အနက်မှ ဥပဒေနှင့် ညီညွတ်သူတို့ကို နိုင်ငံသား အခွင့်အရေးပေးမည်ဟု ကတိပြုပြီး ဖြစ်ပါသည်။ နိုင်ငံတကာက မြန်မာနိုင်ငံ၏ ပြဿနာဖြေရှင်းလိုစိတ်ကို လေးလေးနက်နက် အသိအမှတ်ပြုရန် လိုအပ်ပါသည်။ နိုင်ငံတကာအနေဖြင့် ဤသို့သော အသိအမှတ်ပြုမှုနှင့်အတူ အဆိုပါ လုပ်ငန်းစဉ်နှစ်ရပ်အား ထိရောက် လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မည်သို့ မည်ပုံ ပံ့ပိုးကူညီမည်ဆိုသည်ကိုလည်း နွေးနွေးထွေးထွေး အဆိုပြုသင့်ပါသည်။ ဤလုပ်ငန်းစဉ်တို့ကို မှန်ကန်မျှတမှုနှင့်အတူ ထိရောက် လျင်မြန်စွာ အကောင်အထည်ဖော်လိုပါက ပြင်ပမှ ဖိအားပေး အပြစ်တင်သည်ထက် အဆိုပါလုပ်ငန်းစဉ်တို့၌ လက်တွေ့ညှိနှိုင်း ပူးပေါင်းဆောင်ရွက်သည်က ပိုမို အကျိုးဖြစ်ထွန်းစေသည်ကို အသိအမှတ်ပြုရန် လိုအပ်ပါကြောင်း အလေးအနက် တင်ပြအပ်ပါသည်။ ။

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

**နေပြည်တော် နိုဝင်ဘာ ၇**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၄ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ၊ ဒုတိယဆု ဇော်လွင်ဦး(ဟသ်ာတ)ရေးသားသည့် "ကွယ်ပျောက်လုဆဲယဉ်းတလဲ" စာအုပ်ကို စာအုပ်အသင်း၏ နိုဝင်ဘာလအသင်းပေး စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့် လည်းကောင်း၊ စာတိုက်မှတစ်ဆင့် လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၀၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေစင် ရွှေသား လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေစင် ရွှေသား ရွှေပြား ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်နိုင်ရေးအတွက် အကြိမ်(၂၀)မြောက် ရွှေစင် ရွှေသား လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိ စေတီတော် လိုဏ်ဂူတော်အတွင်း၌ ကျင်းပသည်။



ရှေးဦးစွာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု(နိုင်ငံတော်သြဝါဒါစရိယ) ဆရာတော် ဘဒ္ဒန္တ ကဝိသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်သည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တ ကဝိသာရ ကြီးမှူးသည့် ဆရာတော် သံဃာတော်များအား နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို ဆပ်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော် မိုးထိမိုးမိရွှေတောင်ကြီး ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအဖွဲ့က ရွှေစင် ကျပ်သား ၃၀၊ ၁၁ ပဲ၊ ၆ ရွေးနှင့် မြန်မာဟိန်းစည်သူကုမ္ပဏီမိသားစုက ရွှေစင် ၁ ကျပ်သား လှူဒါန်းရာ နေပြည်တော် ကောင်စီဝင် ဦးအောင်မြင့်ထွန်းနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု(နိုင်ငံတော်သြဝါဒါစရိယ) ဆရာတော် ဘဒ္ဒန္တ ကဝိသာရက အနုမောဒနာတရား ဟောကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

ယင်းနောက်ကြွရောက်လာကြသော ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်ပြီး ဘုရားဖူးလာပြည်သူများကို စတုဒိသာ ထမင်းအာဟာရဒါန ကျွေးမွေးလှူဒါန်းကြသည်။

နေပြည်တော် မိုးထိမိုးမိရွှေတောင်ကြီး ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအဖွဲ့နှင့် မိတ်ဖက်ကုမ္ပဏီများအနေဖြင့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေစင် ရွှေသား ရွှေပြား ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်နိုင်ရေးအတွက် ရွှေစင်ရွှေသား လှူဒါန်းခြင်းမှာ အကြိမ်(၂၀)ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ယနေ့အချိန်ထိ ရွှေစင် ရွှေသား စုစုပေါင်း ၈ ပိဿာ ၄၁ ကျပ်သား၊ ၃ ပဲ၊ ၁ ရွေး လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်္ဂလာဈေး အမြန်ဆုံး ဆောက်လုပ်ပေးရေး ဈေးသူ ဈေးသားများ တွေ့ဆုံဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်မြို့ အဓိကဈေးကြီး တစ်ဈေးဖြစ်သည့် မင်္ဂလာဈေးကြီး မီးလောင်မှုမှာ နှစ်နှစ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ပြန်ဆောက်ပေးရန် ကြန့်ကြာနေမှုကြောင့် မီးလောင်ခံရဈေးမှ ဈေးသူ ဈေးသားများ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းက ရွှေမင်္ဂလာဈေး ၅ လွှာ၌ ကျင်းပခဲ့သည်။



"ကျွန်တော်တို့ မင်္ဂလာဈေးကြီး မီးလောင်ခဲ့တာ နှစ်နှစ်နီးပါး ရှိသွားပါပြီ၊ ပြီးခဲ့တဲ့ နိုဝင်ဘာ ၁ ရက်က ပန္နက်တင်ပွဲလုပ်ပေးမယ်လို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေက ကတိပေးခဲ့ပေမယ့် အမှန်တကယ် ပန္နက်တင်အခမ်းအနားကို လုပ်ပေးနိုင်ခြင်း မရှိပါဘူး၊ ဆိုင်ခန်းငှားခတွေကလည်း များပြားလာတဲ့အတွက် အတော်လေးကို အခက်အခဲတွေနဲ့ ရင်ဆိုင်နေကြရပါတယ်"ဟု မီးလောင်မင်္ဂလာဈေးကြီး မြေညီထပ်မှ ဦးတင်ဝင်းက ပြောသည်။

အဆိုပါဈေးကြီး မီးလောင်မှုကြောင့် ဈေးသူ ဈေးသားများအား အနီးရှိ ရွှေမင်္ဂလာဈေးကြီးသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ရာ ယခုအခါ ပုံမှန်ရောင်းဝယ်ဖောက်ကား၍ စည်ကားလျက်ရှိသည်။ အပေါ်ဆုံး ၅ လွှာမှအပ ကျန်အထပ်များတွင် ပုံမှန်ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။

မီးလောင်သွားသော မင်္ဂလာဈေးအနီးတွင် တခြားသောဈေးများဖြစ်သည့် မင်္ဂလာမွန်ဈေး၊ ရွှေမင်္ဂလာဈေးနှင့် ရွှေပြည့်စုံဈေးကြီးတို့မှာလည်း ပုံမှန်ရောင်းဝယ် ဖောက်ကားလျက်ရှိသည်။ ယခုအခါ မီးလောင်သွားသော ဈေးကြီးကို ဖြိုချ ရှင်းလင်းပြီး ပြန်လည်တည်ဆောက်ရန် အသင့်ဖြစ်နေသည်ကို တွေ့ရသည်။ **မြင့်မောင်စိုး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၇-၁၁-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၄၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၄၅/၇၅၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၅၀/၇၆၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၉၅/၈၀၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၆၅/၇၅၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ | . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၈၆ | . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ | . ၅ |
| ထိုင်း | တစ်ဘတ် | ၄၁ | . ၂၆ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | . ၁၃ |
| တရုတ် | တစ်ယွမ် | ၂၀၅ | . ၉၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃ | . ၃၅ |


**မြန်မာ့အလင်း**

၁၂၇၇ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



မြန်မာ့အလင်း

Gmail mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❖ ရှေ့ဖုံးမှ

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်နှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်တို့က သဘာပတိအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းအား အလေးပြုကြသည်။

**သဝဏ်လွှာဖတ်ကြား**

ထို့နောက် ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သည့် ၂၀၁၇ ခုနှစ် (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်က (၆၂)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် အမှာစကားပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်နယ် ဂုဏ်ထူးဆောင် ထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ၂၀၁၇ ခုနှစ် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများနှင့် ပျော်ပွဲ ရွှင်ပွဲမုခ်ဦးကို ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကျော်ဝင်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၁၇ ခုနှစ် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။



ဒုတိယ သမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ မြန်မာ - ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားအား ကြည့်ရှုစစ်ဆေးစဉ် သတင်းစဉ်

**ကုန်သည်အဖွဲ့နှင့် တွေ့ဆုံ**

ဆက်လက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဘားအံမြို့မှ မြဝတီမြို့သို့ ရောက်ရှိပြီး မြဝတီကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ကုန်သည်အဖွဲ့အစည်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်းက မြဝတီကုန်သွယ်ရေးဇုန်ဆိုင်ရာ အခြေအနေများ၊ အခွန်ကောက်ခံရရှိမှု အခြေအနေများ၊ ကုန်သွယ်ရေးဇုန်သို့ ကုန်သွယ်ယာဉ် ဝင်၊ ထွက်မှု အခြေအနေများနှင့် မြဝတီနယ်စပ် ကုန်သွယ်မှု လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

**စည်းလုံးညီညွတ်**

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးမြင့်ဆွေက တရားမဝင် ကုန်သွယ်မှုများကို တရားဝင် ကုန်သွယ်မှုများ ဖြစ်လာအောင် ဆောင်ရွက်ရေး၊ တရားမဝင် ကုန်သွယ်မှုများကို အဆင့်ဆင့်ကြီးကြပ်၍ ထိရောက်စွာ တားဆီးနိုင်ရေး၊ သွင်းကုန်အစားထိုး အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများကို အားပေးကူညီ ဆောင်ရွက်ရေး ၊ တရားဝင်ကုန်သွယ်မှု သွက်လက်မြန်ဆန်စေရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ရေး၊ နိုင်ငံတကာ ကုန်သွယ်မှုအမြင်ရှိရေး၊ ဖမ်းဆီးတားဆီးမှုမှ ရရှိသည့် ဆုကြေးအတွက် သိမ်းဆည်းရမိသော တရားမဝင် ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ဆုငွေချီးမြှင့်ခြင်းဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၇) အတိုင်း ဆောင်ရွက်ရေးနှင့် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ တာဝန်နှင့် ဝတ္တရားများကို တရားဥပဒေနှင့်အညီ စည်းလုံးညီညွတ်စွာ ထမ်းဆောင်နိုင်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က မြဝတီစက်မှုဇုန် တည်ဆောက်ပြီးစီးနိုင်ရေးနှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

**ကုန်သွယ်ရေးလုပ်ငန်းများစတင်ခဲ့**

မြဝတီကုန်သွယ်ရေးဇုန်သည် မြဝတီမြို့နှင့် ၆ ဒသမ ၅ မိုင်အကွာရှိ စံတုကုန်းဒေသ၌ တည်ရှိသည်။ အဆိုပါ ကုန်သွယ်ရေးဇုန်ကို ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၈ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကုန်သွယ်ရေးလုပ်ငန်းများ စတင်ခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် မြန်မာ - ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးရာ ကရင်ပြည်နယ်လမ်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းဟန်စိုးက တံတားဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဖွင့်လှစ်ခဲ့**

မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားသည် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး အလျား မီတာ ၇၆၀၊ အကျယ် ၁၆ ဒသမ ၂ မီတာ ရှိကြောင်း၊ အဆိုပါ တံတားကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၇ ခုနှစ် မတ်လတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယ သမ္မတသည် မြန်မာ - ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားအား ကြည့်ရှုစစ်ဆေးရာ မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးထူးလွင်က တံတားဆိုင်ရာ အခြေအနေများ၊ နယ်နိမိတ်ဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြဝတီမြို့ မြစန္ဒီပန်းခြံခန်းမ၌ မြဝတီခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အခြေအနေများကို လည်းကောင်း၊ မြဝတီ မြို့မိ မြို့ဖနှင့် အသင်းအဖွဲ့ကိုယ်စားလှယ်များက မြဝတီဒေသဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ဆောင်ရွက်ပေးခဲ့**

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် 230 KVA မြဝတီ ဓာတ်အားခွဲရုံအား ကြည့်ရှုစစ်ဆေးကြရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)၊ စီမံကိန်းညွှန်ကြားရေးမှူး ဦးမျိုးနိုင်က ဓာတ်အားခွဲရုံဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဦးမြင့်လွင်အား အီသီယိုးပီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်လွင်အား ၎င်း၏ လက်ရှိ တာဝန်ဝတ္တရားများအပြင် အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ **သတင်းစဉ်**

## ဦးမိုးကျော်အောင်အား အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် မလေးရှားနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံရုံးမှ သံအမတ် ဦးမိုးကျော်အောင်အား အိန္ဒိယ သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီး ဖြစ်သည်။

**သတင်းစဉ်**

## ဦးမျိုးတင့်အား ဘရာဇီးနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးတင့်အား ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။

**သတင်းစဉ်**



## အာဆီယံ အပေါင်းသုံး အစီအစဉ်ဖြင့် ပေးပို့လှူဒါန်းသည့် အရန်ဆန်ရိက္ခာများ စစ်တွေမြို့သို့ရောက်

**စစ်တွေ နိုဝင်ဘာ ၇**

ရခိုင်ပြည်နယ်မြောက်ခြမ်း ဘူးသီးတောင်နှင့် မောင်တောဒေသတို့မှ နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် တိုင်းရင်းသားများအတွက် အာဆီယံအပေါင်းသုံး အရေးပေါ် အရန်ဆန်ရိက္ခာ (APTERR)အစီအစဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံမှ ပေးပို့လှူဒါန်းသည့် ဆန်တန်ချိန် ၂၆၇ တန်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အစီအစဉ်အရ စိန်မင်းသားသင်္ဘောဖြင့် စစ်တွေမြို့သို့ နိုဝင်ဘာ ၁ ရက်တွင် ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ အရန်ဆန်သည် အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာသူများအတွက် စခန်းဖွင့်ထားသည့် ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦးမြို့နယ်များရှိ စခန်းများတွင် ခိုလှုံနေသူများအား ထောက်ပံ့ လှူဒါန်းခြင်းဖြစ်သည့်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က သက်ဆိုင်ရာဒေသများသို့ ဆက်လက်ပေးပို့လှူဒါန်းနိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် အခြေအနေနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်အပေါ် မြန်မာ အမြဲတမ်းကိုယ်စားလှယ်က မိန့်ခွန်းပြန်လည်ပြောကြား

နေပြည်တော် နိုဝင်ဘာ ၇

**ရခိုင်ပြည်နယ်အခြေအနေနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ၏ ထုတ်ပြန်ချက် (Statement by the President of the Security Council-PRST) တစ်ရပ်ထုတ်ပြန်ရန် လုံခြုံရေးကောင်စီတွင် တံခါးဖွင့်အစည်းအဝေးတစ်ရပ်ကို နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၃ နာရီတွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည်။ ရခိုင်ပြည်နယ်နှင့် စပ်လျဉ်း၍ လုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက် တစ်ရပ်ကိုချမှတ်ရန် ကြိုးပမ်းခဲ့သော်လည်း သဘောတူညီမှုမရခဲ့သဖြင့် ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်ကို အတည်ပြုချမှတ်ခဲ့ခြင်း ဖြစ်သည်။**

အဆိုပါအစည်းအဝေးတွင် ယင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ နယူးယောက်မြို့ မြန်မာ အမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းက သဘောထားရပ်တည်ချက် မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။

ထိုသို့ပြောကြားရာတွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြခဲ့သည်-

- မြန်မာနိုင်ငံ၏ အခြေအနေနှင့်ပတ်သက်၍ PRST ချမှတ်ခဲ့ခြင်းအပေါ် များစွာ စိုးရိမ်မကင်းဖြစ်မိပါကြောင်း၊
- ထိုထုတ်ပြန်ချက်သည် ရခိုင်ပြည်နယ်အတွင်း စိန်ခေါ်မှုများအား ဖြေရှင်းရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အပြည့်အဝ အသိအမှတ်ပြုနိုင်ခဲ့ခြင်း မရှိခဲ့ကြောင်း၊
- ယင်းထုတ်ပြန်ချက်တွင် လူမျိုးစုအမည်နှင့် ပတ်သက်၍ အငြင်းပွားဖွယ်ရာ အသုံးအနှုန်းအား ဖော်ပြထားခြင်းသည် ပြဿနာဖြေရှင်းရန် အထောက်အကူပြုစေမည် မဟုတ်သဖြင့် ပြင်းထန်စွာ ငြင်းပယ်ပါကြောင်း၊
- ယင်းထုတ်ပြန်ချက်သည် ပြဿနာကိစ္စရပ် ဖြေရှင်းရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အထောက်အကူ ဖြစ်စေမည် မဟုတ်သည့်အပြင် မတူညီသော ဘာသာရေးအသိုက်အဝန်းများ အကြား ကွဲပြား၊ တင်းမာမှုများကို ပိုမို မြင့်မားစေမည်ဖြစ်ပြီး မြန်မာနိုင်ငံအပေါ် မလိုလားအပ်သော နိုင်ငံရေးဖိအားများကိုလည်း တိုးပွားစေပါကြောင်း၊




**မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်း သဘောထားရပ်တည်ချက် မိန့်ခွန်းတစ်ရပ်ကို ပြောကြားစဉ်**

- ယင်းထုတ်ပြန်ချက်ပါ အချက်အချို့သည် ကုလသမဂ္ဂနှင့် အခြားသော အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကိုလည်း ထိခိုက်စေပါကြောင်း၊ ဤကိစ္စရပ်ကိုပင် ကုလသမဂ္ဂအထွေထွေညီလာခံ၏ တတိယကော်မတီနှင့် လူ့အခွင့်အရေးကောင်စီတို့၌လည်း ထည့်သွင်းဆွေးနွေးလျက် ရှိကြောင်း၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်များ အပါအဝင် ကိုယ်စားလှယ်များမှ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များထပ်နေမှုနှင့် ဘဏ္ဍာငွေ အလွန်အကျွံသုံးစွဲမှုတို့ကို ရှောင်ရှားကြရန် ထောက်ပြပြောကြားနေချိန်မျိုးတွင် ဤကိစ္စအား ထပ်ခါတလဲ ဆွေးနွေးရန် မလိုအပ်ပါကြောင်း၊
- မြန်မာအစိုးရသည် အိမ်နီးချင်းကောင်းစိတ်ဓာတ်ဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်လအတွင်း ဝန်ကြီးအဆင့် ခရီးစဉ်များ အပြန်အလှန် သွားရောက်ခဲ့ကြပြီး၊ အောက်တိုဘာ ၂၄ ရက်တွင် နယ်စပ်ဆက်ဆံရေးရုံးများ ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် လုံခြုံရေးဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ(၂)ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊
- မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသူများနှင့် နေရပ်စွန့်ခွာ ထွက်ပြေးသူများအား မိမိတို့ဆန္ဒအလျောက် လုံခြုံဘေးကင်းစွာဖြင့် သိက္ခာရှိရှိ နေရပ်သို့ပြန်လာနိုင်ရေးနှင့် ပြန်လည်ပို့ဆောင်နိုင်ရေးတို့အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊
- ထိုထုတ်ပြန်ချက်တွင် ၂၀၁၇ ခုနှစ်၊ သြဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများအား အကြမ်းဖက်လုပ်ရပ်အဖြစ် ဖော်ပြခြင်း မရှိမှုအပေါ် စိတ်ပျက်မိပါကြောင်း၊
- မိမိတို့အနေဖြင့် မည်သည့်ပုံစံဖြင့် ကျူးလွန်သည့် အကြမ်းဖက်မှုမျိုးကိုမျှ လက်ခံနိုင်မည်မဟုတ်ကြောင်း၊
- မြန်မာနိုင်ငံအနေဖြင့် ယင်းထုတ်ပြန်ချက်ပါ အချက်အချို့ကို ကန့်ကွက်လင့်ကစား ရခိုင်ပြည်နယ်ကိစ္စရပ်တွင် ရေရှည်တည်တံ့မည့် ဖြေရှင်းမှုရရှိရေးအတွက် သန္နိဋ္ဌာန်ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊
- ရခိုင်ပြည်နယ်တွင် နေထိုင်သူအားလုံးအတွက် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ကုလသမဂ္ဂနှင့် အခြားစိတ်ဝင်စားသော အဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် လက်တွဲဆောင်ရွက်သွားရန်လည်း သန္နိဋ္ဌာန် ချမှတ်ထားပါကြောင်း။

ထို့အပြင် အမြဲတမ်းကိုယ်စားလှယ်က ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်း ထည့်သွင်းရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

**“ ထုတ်ပြန်ချက်ပါ အချက်အချို့သည် ကုလသမဂ္ဂနှင့် အခြားသော အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကိုလည်း ထိခိုက်စေပါကြောင်း၊ ဤကိစ္စရပ်ကိုပင် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ တတိယကော်မတီနှင့် လူ့အခွင့်အရေးကောင်စီတို့၌လည်း ထည့်သွင်းဆွေးနွေးလျက်ရှိကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များ အပါအဝင် ကိုယ်စားလှယ်များမှ ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များထပ်နေမှုနှင့် ဘဏ္ဍာငွေ အလွန်အကျွံသုံးစွဲမှုတို့ကို ရှောင်ရှားကြရန် ထောက်ပြပြောကြားနေချိန်မျိုးတွင် ဤကိစ္စအား ထပ်ခါတလဲဆွေးနွေးရန် မလိုအပ်ပါကြောင်း”**

✳ *ရှေ့ဖုံးမှ*

စေ့စပ်ဆွေးနွေးမှုများကို ထိခိုက်စေမည့်အန္တရာယ်ရှိပါသည်။

ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသကဲ့သို့ ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီးသည် အောက်တိုဘာလ ၂၃ ရက် မှ ၂၅ ရက် အထိ နေပြည်တော်သို့ လာရောက်ခဲ့ပြီး ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား နယ်စပ်လုံခြုံရေးအပေါ် ကောင်းမွန်စွာ အကျိုးသက်ရောက်နိုင်မည့် အရေးပါသော စာချုပ်နှစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

တစ်ချိန်တည်းမှာပင် မြန်မာအစိုးရ တာဝန်ရှိသူများသည် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသောသူများ နေရပ်သို့ ပြန်လည်ရောက်ရှိလာရေးအတွက် ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များနှင့် ချစ်ခင်ရင်းနှီးစွာ ဆက်လက်ဆွေးနွေးလျက်ရှိပါသည်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးအားလည်း နိုဝင်ဘာလ ၁၆ ရက်မှ ၁၈ ရက်အထိ မြန်မာနိုင်ငံသို့လာရောက်ရန် ဖိတ်ကြားထားခဲ့ပါသည်။ ထိုသို့ဖိတ်ကြားခြင်းမှာ နှစ်ဦးနှစ်ဖက် လက်ခံကျေနပ်သော သဘောတူညီချက်တစ်ရပ် ခရီးစဉ်အတွင်းရရှိရန် မျှော်မှန်းချက်ဖြင့် ဖိတ်ကြားခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် ကိုင်တွယ်ဖြေရှင်းနေဆဲဖြစ်သော အခြေအနေတစ်ရပ်နှင့်ပတ်သက်ပြီး လိုအပ်မှုမရှိဘဲ ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက် ထုတ်ပြန်ခဲ့ခြင်းအပေါ် မြန်မာအစိုးရအနေဖြင့် လက်ခံကျေနပ်ခြင်းမရှိကြောင်း ဖော်ပြအပ်ပါသည်။

## ဒီးမော့ဆိုမြို့နယ်အတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းများအား ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုစစ်ဆေး

**လွိုင်ကော် နိုဝင်ဘာ ၆**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ဆောင်ရွက်နေသောလုပ်ငန်းများနှင့် ပတ်သက်ပြီး လိုအပ်သည်များ မှာကြားနိုင်ရေးအတွက် နိုဝင်ဘာ ၆ ရက်က ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒီးမော့ဆိုမြို့နယ်၊ ဒေါရောက်ခူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) တွင် ကျင်းပသည့် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ဆိုလာနှင့် ဆက်စပ်ပစ္စည်းများအား ထောက်ပံ့ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအတွက် အာဟာရနှင့် လိုအပ်သည်များ ဝယ်ယူနိုင်ရန် ထောက်ပံ့ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ရန်ပုံငွေကျပ် ၁၂၆ သိန်းဖြင့် မိုးထက်ကြယ်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်မည့် ကျေးလက်ကျန်းမာရေးဌာနခွဲ အုတ်ညှပ်တစ်ထပ် အဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာ ၁ ဒသမ ၀၄ ဧကတွင် လုပ်ငန်းစတင်ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရွှေနှလုံးတော် ခရစ်ယာန် ဘုရားရှိခိုးကျောင်း၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာရှိ ကျောင်းသား၊ ကျောင်းသူ ၅၆ ဦးအတွက် တစ်လစာ ဆန်အိတ် ၃၀ အတွက် အလှူငွေကျပ် ခြောက်သိန်းအား ထောက်ပံ့လှူဒါန်းခဲ့သည်။

ယင်းနောက် ပန်ပက်ကျေးရွာအုပ်စု ရွှမ်းကူကျေးရွာ ဘုန်းကြီးကျောင်း ဆရာတော်အား ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် ပြည်နယ်ရန်ပုံငွေ ၆၃ ဒသမ ၆ သန်းဖြင့် အောင်ရွှေပိုင် ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်နေသော ပရဟိတ ကျောင်းသားအိပ်ဆောင် RC တစ်ထပ် ဆောက်လုပ်ခြင်းအား လည်းကောင်း၊ ပန်ပက်ကျေးရွာတွင် ပြည်နယ်ရန်ပုံငွေ ၃၁၆ ဒသမ ၆၉ သန်းဖြင့် ငွေစင် ဆန်းသစ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့် အကျိုးပြုကျေးရွာ ၁၆ ရွာအတွက် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဒီးမော့ဆိုမြို့ မြို့မရပ်ကွက်ရှိ ပြည်နယ်ရန်ပုံငွေ ၃၄ ဒသမ ၈၅ သန်းဖြင့် ရွှေပြုံးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်နေသည့် သံကူကွန်ကရစ်အမျိုးအစား ငွေတောင်ချောင်းကူးတံတားတည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။(ဓာတ်ပုံ)

ထို့နောက် ငွေတောင်ကျေးရွာအတွင်း ပြည်နယ်ရန်ပုံငွေ ၂၉ ဒသမ ၂ သန်းဖြင့် မြရတနာငွေကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသည့် ရွှေဘုန်းပွင့်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ခရီးသွားဧည့်သည်များ ဆွဲဆောင်မှုရှိသည့် လွိုင်ကော်မြို့ ဒေါဆန်းဘွန်းကျေးရွာရှိ ကယန်းရိုးရာအရောင်းပြခန်းများအား ကြည့်ရှုအားပေးစစ်ဆေးခဲ့ပြီး စနစ်တကျ ပြန်လည်ဖော်ဆောင်ပေးနိုင်ရေး တင်ပြဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**





# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြခန်းများ ကြည့်ရှုလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၇**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ IMPACT Exhibition Center ၌ အာဆီယံနိုင်ငံများ၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြပွဲ (Defence & Security 2017) ဒုတိယနေ့ကို ဆက်လက်ကျင်းပရာ ယနေ့နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သွားရောက်ကြည့်ရှုလေ့လာသည်။

**လှည့်လည်ကြည့်ရှု**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အာဖရိကနိုင်ငံနှင့် အစ္စရေးနိုင်ငံတို့မှ ပြသထားသည့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

**တည်ခင်းဧည့်ခံ**

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့် ကြည်းတပ်၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ Gen. Konjanart Sukrasreni က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

**တက်ရောက်**

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen.Tarnchaiyan Srisuwan က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပြခန်းများအတွင်း ကြည့်ရှုလေ့လာစဉ်။**

သတင်းစဉ်

# ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၇**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်နှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော် Hotel Max ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားတွင် အစဉ်အလာကြီးမားပြီးဌာန၏ သမိုင်းအနေဖြင့် ၁၉၀၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွင်းဝန်များရုံး၊ ကိုခဥပဒေအရအုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအထိ အဆင့်ဆင့်ဖွဲ့စည်းပြီး အုပ်ချုပ်ရေးလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ခဲ့ကြကြောင်း၊ ၁၉၅၈ ခုနှစ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး လက်အောက်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ် ပြည်သူ့ကောင်စီခေတ်ကာလတွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အဆင့်ဆင့်သော အရာထမ်း၊ အမှုထမ်းများက အုပ်ချုပ်ရေးယန္တရားတွင် ပေးအပ်သော တာဝန်များကို ကျရာ အခန်းကဏ္ဍမှ ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြကြောင်း၊ ၁၉၈၈ခုနှစ် နိုဝင်ဘာ ၇ ရက်မှစ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြန်လည်ဖွဲ့စည်းပြီး အထွေထွေအုပ်ချုပ်ရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်လာခဲ့ရာ ယနေ့ အချိန်အခါသည် ၂၉ နှစ်ကာလတိုင်ခဲ့ပြီဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသည် ရပ်ကွက်၊ ကျေးရွာ အုပ်စုအဆင့်မှ ပြည်ထောင်စုအဆင့်ထိ ကျယ်ကျယ်ပြန့်ပြန့် တာဝန်ထမ်းဆောင်လျက်ရှိသည့်အတွက် တာဝန်ကျရာဒေသများရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် ငြိမ်းချမ်းရေး၏ အရသာကို သိရှိပြီး ထာဝရငြိမ်းချမ်းရေးရရှိစေရေး ဝိုင်းဝန်းကူညီပါဝင်လာစေရန် ဝိုင်းဝန်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများသည် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်တွင် ပါဝင်ဆောင်ရွက်ရသဖြင့် သိမ်းဆည်းခံ လယ်ယာမြေပြဿနာများကို တည်ဆဲဥပဒေများနှင့်အညီ တရားမျှတမှုရရှိအောင် စေတနာ၊ ကရုဏာဖြင့် ကူညီပေးလိုသော မေတ္တာစိတ်အရင်းခံပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်တွယ်ဖြေရှင်း ဆုံးဖြတ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းနယ်ပယ်အလိုက် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှုဆိုသော ဒီမိုကရေစီစံနှုန်းများနှင့်အညီ ပေးအပ်သည့်လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဝန်ထမ်းသစ္စာ အဓိဋ္ဌာန် (၆)ချက်ကို ဦးထိပ်ပန်ဆင်၍ နိုင်ငံနှင့်လူမျိုးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုကို လုံးဝရှောင်ကြဉ်ရန် လိုအပ်ပါကြောင်း၊ အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ခြိမ်းခြောက်မှုကြီးတစ်ခုဖြစ်သဖြင့် မိမိတို့အတ္တများကို ရှေ့တန်းမတင်ဘဲ တရားသဖြင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် လုပ်ငန်းသဘောသဘာဝအရ အထက်၊ အောက် အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲရပြီး ခေါင်းဆောင်ကောင်းစိတ်ဓာတ်နှင့် မိဘသဖွယ်စိတ်ဓာတ်တို့ကို ခွဲခွဲခြားခြား သိရှိဆက်ဆံလုပ်ကိုင်ကြရန် အထူးတိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ခဲ့သည့် မြို့နယ်ပြည်သူ့ဝန်ဆောင်မှု(OSS)ရုံး၊ ကြီးကြပ်သူများနှင့် ရခိုင်ပြည်နယ်၌ တည်ငြိမ်အေးချမ်းရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများတွင် စွမ်းဆောင်ရည်ဆု ရရှိခဲ့ကြသူများအား ဆုပေးအပ်ချီးမြှင့်ပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်တို့က ဗဟိုဝန်ထမ်းတက္ကသိုလ်နှင့် အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်းများတွင် ထူးချွန်ဆုရရှိခဲ့သူများအား ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ UN၊ INGO နှင့် NGO အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်း သွေးလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၇**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နိုဝင်ဘာ ၇ ရက်တွင် ကျရောက်သည့် (၂၉) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)နှင့် နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ဝန်ထမ်း(အရာထမ်း/အမှုထမ်း) အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၂၄ ဦး စုစုပေါင်း ၅၀ တို့သည် နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

စုပေါင်းသွေးလှူဒါန်းသည့် နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးသို့ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြပြီး အင်အားဖြည့်အစားအသောက်နှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

အလားတူ တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အသီးသီး



တွင်လည်း ပြည်သူ့အကျိုးပြုရေးလုပ်ငန်းများအား နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အဖြစ် လှူပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရန်ကုန် နိုဝင်ဘာ ၇**

ရထားရဲတပ်ဖွဲ့အမှတ်(၁၂)တပ်ခွဲ သဃ်န်းကျွန်းရထားရဲစခန်းမှူး ရဲအုပ်ခင်မောင်သိန်း ဦးစီးသော တပ်ဖွဲ့ဝင်များသည် မြန်မာ့မီးရထားဝန်ထမ်းများနှင့် ပူးပေါင်း၍ နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီ ၅၅ မိနစ်က သဃ်န်းကျွန်းဘူတာနှင့် ငမိုးရိပ်ဘူတာကြား မိုင်တိုင်အမှတ်(၄/၁-၅)ကြား တရားဝင်ရထားသံလမ်းကူး ဂိတ်အမှတ်(၂) Level Crossing တွင် ရထားနှင့် ကား၊ ဆိုင်ကယ်၊ ထော်လာဂျီတိုက်မိသည့် ကိစ္စရပ်များ မဖြစ်ပွားစေရေး၊ လျော့နည်းပပျောက်စေရေးတို့အတွက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# ဖြည့်စွက်ရန်ပုံငွေ တောင်းခံရေး မူ ၇ ချက်နှင့် ညီညွတ်သည့် သုံးစွဲ လိုငွေများကိုသာ တောင်းခံကြရန်လိုအပ်

နေပြည်တော် နိုဝင်ဘာ ၇

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် **၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏မူနှင့် အခြေခံသဘောအပါအဝင် ရငွေသုံးငွေများ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက ဖြည့်စွက်ရန်ပုံငွေများနှင့် ပတ်သက်၍ မူ ၇ ချက်နှင့်အညီ စိစစ်ခွင့်ပြုရမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စု၏ BE အရ ရငွေ ၁၆၆၀၅ ဘီလီယံနီးပါးနှင့် သုံးငွေ ၂၀၅၉၄ ဘီလီယံကျော် လျာထားခဲ့ပြီး ဖြည့်စွက်တောင်းခံငွေပေါင်း ၂၅၄၄ ဘီလီယံကျော် တောင်းခံထားသည်ကို တွေ့ရပါကြောင်း၊ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် မူလ BE ရေးဆွဲစဉ်ကာလတွင် အမှန်ကုန်ကျသုံးစွဲရန် လိုအပ်မည့်ငွေကို အတတ်နိုင်ဆုံး အနီးစပ်ဆုံးဖြစ်အောင် ခန့်မှန်းတွက်ချက် တောင်းခံရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် ငွေလုံးငွေရင်းလုပ်ငန်းနှင့် လုပ်ငန်းသုံး ရင်းနှီးငွေများတွင် အလေးထားတွက်ချက် တောင်းခံသင့်ကြောင်းနှင့် ဖြည့်စွက်ရန်ပုံငွေ တောင်းခံရေး မူ ၇ ချက်နှင့် ညီညွတ်သည့် သုံးစွဲလိုငွေများကိုသာ တောင်းခံကြရန် လိုအပ်ပါကြောင်း၊ ဖြည့်စွက်တောင်းခံငွေသည်လည်း မူလ BE ခွင့်ပြုငွေ၏ သတ်မှတ်ရာခိုင်နှုန်း မကျော်လွန်အောင်လည်း ဂရုပြု တွက်ချက်တောင်းခံသင့်သည်ဟု အကြံပြုလိုပါကြောင်း။

နိုင်ငံခြားချေးငွေ၊ အတိုးများနှင့် ပတ်သက်၍ နိုင်ငံခြားငွေဈေးနှုန်း အတက်အကျ ဖြစ်လေ့ရှိသည့် သဘာဝနှင့် လများကို စဉ်ဆက်မပြတ် လေ့လာဆန်းစစ်၍ လိုအပ်သည့် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်မည်ဆိုပါက ငွေဈေး အတက်၊ အကျကြောင့် ဖြည့်စွက်ရန်ပုံငွေ တွက်ချက်တောင်းခံရာတွင် ပိုငွေ၊ လိုငွေများကို အလွန်အမင်း ကွာခြားမှု မရှိအောင် ထိန်းနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းကိစ္စကို ဆွေးနွေးမည် ဖြစ်ပါကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်အရ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းကို ရာသီမရွေးသွားလာနိုင်သည့် လမ်းဖြစ်ပေါ်လာရေးကို ရည်မှန်းထားသည့်အတွက် ကျေးလက်နေပြည်သူလူထုကိုယ်စား ကျေးဇူးတင် ဝမ်းမြောက်ရပါကြောင်း၊ ကျေးလက်လမ်းများကို အမျိုးအစားခွဲခြား သတ်မှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်မည်ဟုလည်းပါရှိပါကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနအဖြစ် အသစ်ဖွဲ့စည်းခြင်းအစား လမ်းဦးစီးဌာနကို တိုးချဲ့ဖွဲ့စည်းခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို လွှဲပြောင်းရယူ တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးများ ဆောက်လုပ်ရန် မလိုတော့ဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အသုံးပြုနိုင်ပါကြောင်း။

လမ်းဦးစီးဌာန၏ လက်အောက်တွင် ကျေးလက်လမ်းများ ထားရှိခြင်းကို ကြိုဆိုပါကြောင်း၊ ဦးစီးဌာန တစ်ခုတည်းမှ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် လုပ်ဆောင်ပေးမှုသာ မလိုလားအပ်သည့် ကြန့်ကြာမှုများ မဖြစ်ပေါ်စေမည် ဖြစ်ပါကြောင်း၊ အကြံပြုချင်သည့် အချက်နှစ်ချက်မှာ ဘတ်ဂျက်အလေအလွင့် မရှိစေရန် စိစစ်ဆောင်ရွက်ပေးရန်နှင့် အရည်အသွေးစစ်ဆေးသည့်အပိုင်းကို ကြီးကြပ်ပေးရန်တို့ ဖြစ်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၊ မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင်၊ အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာ တင်တင်ဝင်း၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၈)မှ ဦးမျိုးဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက **နိုင်ငံတော် သမ္မတထံမှ ပေးပို့ထားသော အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ လေယာဉ်မတော်တဆ ထိခိုက်မှု စုံစမ်းစစ်ဆေးရေး အာဏာပိုင် အဖွဲ့အစည်း အကြီးအကဲများနှင့် တရုတ်နိုင်ငံ မြို့ပြလေကြောင်းအုပ်ချုပ်ရေးအဖွဲ့တို့အကြား လေယာဉ်မတော်တဆ ထိခိုက်မှု စုံစမ်းစစ်ဆေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် နားလည်မှု စာချွန်လွှာတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လေယာဉ်မှုးလိုင်စင် ထုတ်ပေးခြင်းဆိုင်ရာ အာဆီယံ၏ အပြန်အလှန် အသိအမှတ်ပြုမှု အစီအစဉ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုး၍ လက်ခံအတည်ပြုကြောင်း အကြောင်းကြားနိုင်ရေး ကိစ္စ**နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ **အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ဒုတိယ ခြောက်လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာ (၂၀၁၇ ခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ)** နှင့် စပ်လျဉ်း၍ အမျိုးသားပညာရေးမူဝါဒကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးညီလှငယ် က ယနေ့တင်ပြမည့် အစီအစဉ်တွင် အခန်း ငါးခန်း ပါဝင်မည်ဖြစ်ပါကြောင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ဆောင်ရွက်ချက်များ၊ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီ၏ ဆောင်ရွက်ချက်များ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ၏ ဆောင်ရွက်ချက်များ၊ ကော်မရှင်ကို ပေးအပ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများနှင့် သုံးသပ်အကြံပြုချက်တို့ဖြစ်ပါကြောင်း။

အမျိုးသားပညာရေး မူဝါဒကော်မရှင်၏ ဆောင်ရွက်ချက်များကို ပညာရေးကဏ္ဍ ခြောက်ခုခွဲခြားပြီး ကဏ္ဍတစ်ခုချင်းအလိုက် တင်ပြမည်ဖြစ်ပါကြောင်း၊ အဆိုပါကဏ္ဍများမှာ အခြေခံပညာရေးကဏ္ဍ၊ ဆရာအတတ်ပညာရေးကဏ္ဍ၊ နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍ၊ လူတိုင်း အကျုံးဝင်ပညာရေးကဏ္ဍနှင့် ဥပဒေကဏ္ဍတို့ ဖြစ်ပါကြောင်း၊ အခြေခံပညာရေးကဏ္ဍတွင် မူဝါဒ သုံးခုကို ရေးဆွဲချမှတ်ပြီး ဝန်ကြီးဌာနသို့ တင်ပြခဲ့ပါကြောင်း၊ ဆရာအတတ်ပညာရေးကဏ္ဍတွင် အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမများ မွေးထုတ်နိုင်ရေးအတွက် ဘက်စုံလွှမ်းခြုံနိုင်သည့် အခြေခံပညာဆရာများဆိုင်ရာ မူဝါဒရေးဆွဲရန် လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍအနေဖြင့် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ပေးရာတွင် အခြေခံပညာ အထက်တန်းအဆင့်နှင့် ညီမျှသည့် နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးလမ်းသွယ်များကို တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရပ်များကို အခြေခံပညာအထက်တန်းအဆင့်နှင့် တန်းညှိပြီး လမ်းသွယ်များ ဖွင့်လှစ် သင်ကြားနိုင်ရေး၊ နည်းပညာနှင့် သက်မွေးပညာ အထက်တန်းကျောင်းများမှ သင်ယူပြီးမြောက်သူများကိုလည်း အခြေခံပညာအထက်တန်းအဆင့် ပြီးမြောက်သူများအဖြစ် သတ်မှတ်နိုင်ရေးစသည့် မူဝါဒများကို ချမှတ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆင့်မြင့်ပညာရေးကဏ္ဍတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ အသုံးချရေးမူဝါဒကို ရေးဆွဲပြီး ပညာရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှာ သင်ကြားသင်ယူရေးနှင့် သုတေသန အစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် ICT ကို ပိုမိုထိရောက်စွာ အသုံးပြုခြင်းဖြင့် ကျောင်းသားများ ပညာတတ်မြောက်မှုနှင့် ၂၁ ရာစု ကျွမ်းကျင်မှု အစရှိသည့် ကောင်းကျိုးရလဒ်များ ရရှိလာမှာ ဖြစ်ပါကြောင်း၊ လူတိုင်းအကျုံးဝင်ပညာရေး ကဏ္ဍတွင် သင်ယူမှုအခွင့်အလမ်းနည်းပါးပြီး ကျောင်းပြင်ပရောက်နေကြသည့် ကလေးသူငယ်များ၏ ပညာရေး၊ လူမှုရေး၊ ဝင်ငွေတိုးရေး၊ အသိပညာနှင့် ကျွမ်းကျင်မှုကိစ္စများကို ကူညီလမ်းညွှန်သင်ကြားပို့ချနေကြသည့် အဖွဲ့အစည်းများနှင့်တွေ့ဆုံပြီး ကလေးသူငယ်များ၏ ပညာရေး၊ လူမှုရေး၊ အလုပ်အကိုင် အခွင့်အလမ်းများအတွက် ဆောင်ရွက်နေမှုများကို မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ အကြံပြုခြင်းများကို ပြုလုပ်ခဲ့ပါကြောင်း၊ ဥပဒေကဏ္ဍနှင့် ပတ်သက်၍ အမျိုးသားပညာရေး ဥပဒေပြဋ္ဌာန်းပြီးနောက် ပညာရေးဝန်ကြီးဌာနသည် အဆိုပါ ဥပဒေနှင့် ဆက်စပ်လျက်ရှိသည့် ဥပဒေများကို ရေးဆွဲပြီး ကော်မရှင်သို့ ပေးပို့ခဲ့ပါကြောင်း။

ကော်မရှင်နှင့် ကော်မရှင်က ဖွဲ့စည်းထားသည့် ကော်မတီများအနေဖြင့် အမှန်တကယ် လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပိုမိုရှင်းလင်းတိကျစွာ ဖော်ပြထားသည့် အမျိုးသားပညာရေးမူဝါဒ ကော်မရှင်ဥပဒေ သို့မဟုတ် နည်းဥပဒေတစ်ရပ်ကို ရေးဆွဲသတ်မှတ်ပေးသင့်ပါကြောင်း၊ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသည့် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းအမျိုးမျိုးကို အကောင်အထည်ဖော်ရာတွင် အမျိုးသားပညာရေး မူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီနှင့် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီတို့သည် မိမိတို့ ဆောင်ရွက်နိုင်သည့် မူဘောင်အတွင်း အသိပညာများ ဖြန့်ဝေခြင်း၊ လေ့လာသုံးသပ်ခြင်း၊ အကြံပြုခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အထောက်အကူပြုခြင်းတို့ကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံ သဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေး ကိစ္စ**နှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ က ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နိုဝင်ဘာ ၉ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊အေးအေးသန့်**



လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို



ကျောက်တန်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး

**“နိုင်ငံခြားချေးငွေ၊ အတိုးများနှင့် ပတ်သက်၍ နိုင်ငံခြား ငွေဈေးနှုန်း အတက်အကျဖြစ်လေ့ရှိသည့် သဘာဝနှင့် လများကို စဉ်ဆက်မပြတ် လေ့လာ ဆန်းစစ်၍ လိုအပ်သည့် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်မည်ဆိုပါက ငွေဈေး အတက်၊ အကျကြောင့် ဖြည့်စွက် ရန်ပုံငွေ တွက်ချက်တောင်းခံရာတွင် ပိုငွေ၊ လိုငွေများကို အလွန် အမင်း ကွာခြားမှုမရှိအောင် ထိန်းနိုင်မည်”**

---

✻ ကျောဖုံးမှ

ဝယ်ယူခြင်းမဟုတ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့်ပတ်သက်ပြီး တာဝန်ယူနေသည်မှာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဖြစ်ကြောင်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် ပြည်ထောင်စုအစိုးရ၏ အစီအစဉ်ဖြင့် ဖြန့်ဖြူးပေးနေသော EPGE မှ လျှပ်စစ်ကို တစ်ယူနစ်လျှင် ၅၇ ကျပ်နှုန်းဖြင့် ဝယ်ယူပြီး အများပြည်သူသို့ အိမ်သုံးမီတာတွင် တစ်ယူနစ်မှ ၁၀၀ ယူနစ်အထိ တစ်ယူနစ်လျှင် ၃၅ ကျပ်နှုန်း၊ ၁၀၁ ယူနစ်မှ ၂၀၀ ယူနစ်အထိ ၄၀ ကျပ်နှုန်း၊ ၂၀၁ ယူနစ်အထက်ကို ၅၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ စက်မှုလက်မှု စီးပွားရေးလုပ်ငန်းသုံး အနေဖြင့် တစ်ယူနစ် မှ ၅၀၀ ယူနစ်အထိ ၇၅ ကျပ်နှုန်း၊ ၅၀၁ ယူနစ်မှ ၁၀၀၀၀ ယူနစ်အထိ ၁၀၀ ကျပ်နှုန်း၊ ၁၀၀၀၁ ယူနစ်မှ ၅၀၀၀၀ ယူနစ်အထိ ၁၂၅ ကျပ်နှုန်းနှင့် ၅၀၀၀၁ ယူနစ်မှ ၂၀၀၀၀၀ ယူနစ် အထိ ၁၅၀ ကျပ်နှုန်းဖြင့် ဓာတ်အားပြန်လည်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအနေဖြင့် ၅၇ ကျပ်နှုန်း ဖြင့်ဝယ်ယူသော်လည်း ဌာနအနေဖြင့် ဖြန့်ဖြူးရောင်းချရာတွင် ကုန်ကျသောစရိတ်ရှိကြောင်း၊ 230 KV ဓာတ်အားလိုင်းအထိ ပြည်ထောင်စုလျှပ်စစ်ဝန်ကြီးဌာန၏ တာဝန်ဖြစ်ပြီး 66KV မှ အောက်ပိုင်းကို ဓာတ်အားခွဲရုံများအပါအဝင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် ၂၀၁၇ ခုနှစ် ဇူလိုင်လအထိ ပျမ်းမျှတစ်ယူနစ် ကုန်ကျစရိတ်သည် ၆၆ ဒသမ ၄၄ ကျပ်ဖြစ်ပြီး တစ်ယူနစ်ရောင်းချရငွေသည် ပျမ်းမျှ ၇၃ ဒသမ ၆၃ ကျပ်ဖြစ်ကြောင်း၊ ရရှိသောအမြတ်ငွေနှင့် တိုးတက်လာသောမီးသုံးသူဦးရေ၊ တိုးမြှင့်သုံးစွဲလာသော ဝန်အားများနှင့်အညီ ခွဲရုံများ၊ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရကြောင်း၊ လျှပ်စစ်ဓာတ်အား သုံးစွဲခဈေးနှုန်းပြောင်းလဲပြင်ဆင်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန်ယူညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ နွေရာသီတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက် မှုလျော့နည်းစေရန်အတွက် ၂၀၁၈ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် သာကေတ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၁၀၆ မဂ္ဂါဝပ်၊ သထုံ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၁၀၈ မဂ္ဂါဝပ်နှင့် မြင်းခြံ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ မှ ၂၂၅ မဂ္ဂါဝပ် ထွက်ရှိပြီး စုစုပေါင်း ၄၃၉ မဂ္ဂါဝပ်ထပ်မံထွက်ရှိလာမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အရေးပေါ်သုံးစွဲရန်အတွက် သဘာဝဓာတ်ငွေ့နှင့် ဒီဇယ် နှစ်မျိုးသုံး ဓာတ်အားပေးစက်များကိုလည်း စီစဉ်ထားရှိမည်ဖြစ်ကြောင်း၊ လိုအပ်သော ဓာတ်အားခွဲရုံများကိုလည်း ထပ်မံဆောက်လုပ်လျက်ရှိကြောင်း၊ လဲလှယ်ရမည့် လျှပ်စစ်ဓာတ်ကြိုးများအား ထပ်မံလဲလှယ်နေပြီး ပြတ်တောက်မှု လျော့နည်းစေရေးအတွက် တတ်အားသရွေ့စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အား တစ်ယူနစ် သုံးစွဲမှုအတွက် အများပြည်သူနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များ

*စာမျက်နှာ ၇ သို့*

# အကြိမ်(၄၀)မြောက် အာရှနှင့်ပစိဖိတ်ဆိုင်ရာ တိရစ္ဆာန်မွေးမြူထုတ်လုပ်ရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

အကြိမ်(၄၀)မြောက် အာရှနှင့် ပစိဖိတ်ဆိုင်ရာ တိရစ္ဆာန်မွေးမြူထုတ်လုပ်ရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ Royal ACE Hotel ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနအနေဖြင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ပြည်တွင်းစားသုံးမှုအတွက် လုံလောက်စွာထုတ်လုပ်နိုင်သည့်အပြင် ပြည်ပသို့ ပိုမိုတင်ပို့ ရောင်းချနိုင်ရန်၊ ကျေးလက်နေပြည်သူများအတွက် လူမှုဘဝဖူလုံရေး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၁၇)ရပ်ပါ လုပ်ငန်းရပ်များကို ဖြည့်ဆည်းနိုင်ရေးတို့ကို ဆောင်ရွက်နေပါကြောင်း၊ အသက်ရှင်ရပ်တည်မှုနှင့် ကျန်းမာသန်စွမ်းမှုအတွက် ပြည့်စုံမျှတသော အာဟာရဓာတ် ရရှိရန် အရေးကြီးကြောင်း၊ အထူးသဖြင့် နွားနို့သည် ငယ်ရွယ်စဉ်ဘဝမှစ၍ စဉ်ဆက်မပြတ် ကြီးထွားမှုနှုန်း တိုးတက်ကောင်းမွန်စေရေးနှင့် ဉာဏ်ရည်ကောင်းမွန်စေရေးအတွက် အလွန်ကောင်းမွန်သော အာဟာရဓာတ်ဖြစ်ကြောင်း၊ နို့စားနွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နို့နှင့် နို့ထွက်ပစ္စည်းများဒေသတွင်း လုံလောက်စွာရရှိနိုင်ရန် နိုင်ငံအသီးသီးမှ ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း။

ကမ္ဘာ့လူဦးရေ တိုးတက်မှုများပြားလာခြင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးသန်းသွားလာမှု များပြားခြင်း၊ စက်မှုလုပ်ငန်းများ တိုးတက်ထွန်းကားလာခြင်း စသောအချက်များကြောင့် ရာသီဥတုဖောက်ပြန်မှုများ၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများ ပိုမိုများပြားလာနေပြီး လူနှင့်တိရစ္ဆာန်များအနေဖြင့် ရာသီဥတုဖောက်ပြန်မှု၏ ဆိုးကျိုးများကို ခံစားနေရကြောင်း၊ တစ်ဖက်တွင်လည်း စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ များပြားလာမှု၊ စားမြုံ့ပြန်သတ္တဝါများမှ မီသိန်းဓာတ်ငွေ့ထွက်ရှိမှုများ၊ တိရစ္ဆာန်ထွက် အညစ်အကြေးများကို သေချာစွာစွန့်ပစ်မှုမရှိခြင်း စသည့် အချက်များကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပြီး ရာသီဥတုဖောက်ပြန်မှုကို ပိုမိုဆိုးရွားစေသည်ဟု ယူဆကြကြောင်း။

ယခုကျင်းပသည့် အစည်းအဝေးတွင် နို့စားနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးသွားမည်ဟု သိရသဖြင့် ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးကို မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ




မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ အာရှဒေသနို့စားနွား မွေးမြူသူများအသင်း၊ ထိုင်းနိုင်ငံနို့စားနွားမွေးမြူမှု တိုးတက်ရေးအသင်းတို့ ပူးပေါင်းကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အာရှနှင့် ပစိဖိတ်ဆိုင်ရာ တိရစ္ဆာန်မွေးမြူထုတ်လုပ်ရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မရှင် အဖွဲ့ဝင် ၁၈ နိုင်ငံမှ အဆင့်မြင့် အရာရှိကြီးများ၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO)၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)၊ ဥရောပသမဂ္ဂ (EU) အပါအဝင် ပြည်တွင်းပြည်ပဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြမည်ဖြစ်ပြီး နိုဝင်ဘာ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အားနည်းချက်တွေ ကျော်လွှားနိုင်ဖို့ အားသာချက်ရှိတဲ့ တိုးတက်တဲ့နိုင်ငံတွေနဲ့ ပူးပေါင်းပြီး ကိုယ်ပိုင်ရပ်တည်နိုင်အောင် ကြိုးစားရမယ်


ဦးဇော်မင်းဦး


ဦးကျော်မိုးနိုင်


ဒေါ်နွယ်နီစိုးရင်


ဦးမောင်မောင်ကြည်သာ


Mr.Bob Zhu

**ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အကျိုးပြုမည့် အစိုးရတစ်ရပ် ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ နိုင်ငံတော်အဆင့် e - Government Conference and ICT Exhibition ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ တွင် နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားသို့ တက်ရောက်လာသူများ၏ မြန်မာနိုင်ငံ ICT ကဏ္ဍအပေါ် အကြံပြုပြောကြားချက်များကို စုစည်းဖော်ပြအပ်ပါသည်။**

**ဦးဇော်မင်းဦး**

**အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်**

မနှစ်ကလည်း ဒီလိုပြပွဲတွေ ဆောင်ရွက်ခဲ့ကြတယ်။ မနှစ်ကနဲ့စာရင် ဝန်ကြီးဌာနတွေရဲ့ စနစ်တွေ တိုးတက်လာတာကို တွေ့ရပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ ခြုံကြည့်မယ်ဆိုရင်လည်း ICT အသုံးပြုမှု Index က တက်လာပါတယ်။ e - Government Ranking ကျတော့ ကျွန်တော်တို့ နိုင်ငံက အရင်ထက်စာရင်တော့ တက်လာတယ်။ ဒါပေမယ့် နိုင်ငံတကာမှာက e-Government Ranking က ၁၉၀ ရှိနေတဲ့အချိန် ကျွန်တော်တို့ဆီမှာ ၁၆၀ ကျော်ရှိနေတဲ့အတွက် သူတို့ရဲ့နှုန်းကိုမီအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ICT နဲ့ ပတ်သက်တဲ့ Infrastructures တွေ လိုအပ်နေပါသေးတယ်။ ဥပဒေလမ်းကြောင်းအရ လိုအပ်ချက်တွေလည်း ရှိနေပါသေးတယ်။

ပြီးတော့ တက္ကသိုလ်တွေ အများကြီးရှိပေမယ့် တကယ့် Industry ထဲမှာ လုပ်နိုင်တဲ့ Human Resources အပိုင်းမှာ အားနည်းနေတာကို တွေ့ရပါတယ်။ ဒီလိုအားနည်းချက်တွေ၊ လိုအပ်ချက်တွေ ကျော်လွှားနိုင်ဖို့ အားသာချက်ရှိတဲ့၊ တိုးတက်တဲ့ နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး နောက်ပိုင်းမှာ ကိုယ်ပိုင်ရပ်တည်နိုင်အောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။ အစိုးရအနေနဲ့ National ID ကို ဆောင်ရွက်တော့မယ်လို့ သိရှိရပါတယ်။ တကယ်ကို အရေးကြီးတဲ့အပိုင်း ဖြစ်ပါတယ်။ ဒီအပိုင်းကို ဆောင်ရွက်ပြီးသွားရင် လိုအပ်တဲ့ စီမံကိန်းတွေကို ဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။

**ဦးကျော်မိုးနိုင်**

**Managing Director၊ Myanmar Ease Net Co.,Ltd**

ကျွန်တော်တို့အနေနဲ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အား ဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး online e-Visa ကို ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ IT ကဏ္ဍ ဖွံ့ဖြိုးဖို့အတွက် လျှပ်စစ်မီးရရှိဖို့က အခြေခံကျတဲ့နေရာက ပါနေပါတယ်။ ပြီးတော့ Data Centre တွေလည်း လိုအပ်ပါတယ်။ ICT နဲ့ ပတ်သက်တဲ့ ခိုင်မာတဲ့ Policy တွေ လိုအပ်ပါတယ်။ Cyber Security နဲ့ ပတ်သက်ပြီး Network Stability ရှိအောင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အချက်အလက်တွေမှန်သမျှဟာ Secure Network ထဲမှာ ရှိနေအောင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

**ဒေါ်နွယ်နီစိုးရင်**

**ညွှန်ကြားရေးမှူး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

ဒီနေ့ပြပွဲက ဒုတိယအကြိမ် ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ပထမအကြိမ်မှာ ဝန်ကြီးဌာန ပြခန်းတွေမပါဘူး။ ဒီနှစ်မှာ ဝန်ကြီးဌာနတွေရဲ့ ပြခန်းတွေ ပါဝင်ပြသတဲ့အတွက် ဌာနအလိုက် ဆောင်ရွက်တဲ့ လုပ်ငန်းတွေကို သိရမယ်။ ပြီးတော့ ICT ကုမ္ပဏီတွေရဲ့ ပြခန်းတွေလည်းပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိအနေအထားမှာက ICT နဲ့ ပတ်သက်ပြီး သီးခြားစီလုပ်နေတာ တွေ့ရတယ်။ ဝန်ကြီးဌာနအလိုက် ဆောင်ရွက်နေတာတွေရှိတယ်။ ဒါပေမယ့် အချိတ်အဆက်ပြတ်နေတာမျိုးရှိတယ်။ ဒီလိုမျိုးပြခန်းလေးတွေ လုပ်လိုက်တော့ အချိတ်အဆက် မပြတ်တော့ဘူး။

ပြီးတော့ Myanmar National Portal ဆိုပြီး ဆောင်ရွက်နေတာရှိပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီမှာ launch လုပ်မှာဖြစ်ပါတယ်။ Myanmar National Portal ကို ဧပြီ ၃ ရက်က Agreement နဲ့ စာချုပ်ချုပ်ပြီး လက်မှတ်ထိုးခဲ့ပါတယ်။ အခု Project Implement လုပ်နေတယ်။ ဝန်ကြီးဌာနတွေကို အချက်အလက်တွေ ကောက်ခံထားတယ်။ အားလုံးကို ဇန်နဝါရီမှာပြီးအောင် လုပ်မှာ ဖြစ်ပါတယ်။

**ဦးမောင်မောင်ကြည်သာ**

**Technical Director၊ Golden Myanmar Apex Co.,Ltd**

ကျွန်တော်တို့နိုင်ငံမှာ e-Government အနေနဲ့ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် ကျွန်တော်တို့ ကုမ္ပဏီတွေ ကိုယ်တိုင်လည်း လိုအပ်ချက်တွေ ဖြည့်နေရသေးတဲ့ အချိန်မျိုးဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေး လုပ်ငန်းတွေ စလုပ်တာက ဆယ်စုနှစ်တစ်စုလောက်ပဲ ရှိသေးတာ ဖြစ်ပါတယ်။ ဌာနဆိုင်ရာတွေမှာ လိုအပ်ချက်တွေ ဖြည့်နေတုန်းဆိုတော့ အားလုံးပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီလို ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ ရေရှည်အတွက် တစ်ခါတည်း အစီအစဉ်ချပြီး ဆောင်ရွက်သင့်ပါတယ်။ နိုင်ငံတိုးတက်ဖို့ e-Government ကိုလည်း အောင်မြင်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**Mr.Bob Zhu**

**Huawei Technologies(Yangon) Co.,Ltd**

မြန်မာနိုင်ငံ ICT ပတ်ဝန်းကျင်ကို နိုင်ငံတကာနဲ့ ယှဉ်ကြည့်မယ်ဆိုရင် ဖွံ့ဖြိုးမှု လိုအပ်နေသေးတယ်။ ICT ကဏ္ဍမှာ လိုအပ်ချက်တွေ ရှိနေသေးတယ်လို့ ပြည်ထောင်စုဝန်ကြီးကလည်း ဒီနေ့ ပြောကြားသွားပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုရဖို့အတွက် တစ်နိုင်ငံလုံး အင်တာနက် လွှမ်းခြုံမှုကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သင့်ပါတယ်။ e-Government အောင်မြင်အောင် ဆောင်ရွက်ဖို့အတွက် Data Centre တွေကိုလည်း ခိုင်မာအားကောင်းအောင် ဆောင်ရွက် သင့်ပါတယ်။ ဒီနေ့ ပြခန်းတွေမှာ Data Centre နဲ့ပတ်သက်ပြီး ပြသထားတာတွေကိုလည်း တွေ့ရပါတယ်။

**မွေးကြူဟန်**
**ဓာတ်ပုံ-ကိုကိုစိုးညွန့်**

*စာမျက်နှာ ၆ မှ*

လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရန် ထိန်းချုပ်မှုအနေဖြင့် ဓာတ်အားသုံးစွဲမှု အနည်းအများအလိုက် နှုန်းထားအလွှာများခွဲခြားပြီး ကောက်ခံလျက်ရှိကြောင်း ဖြေကြားခဲ့သည်။

ထို့ပြင် အင်းစိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၏ ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်မီတာဖတ်ရာတွင် အချိန်မှန်၊ ယူနစ်မှန်ဖတ်ကြားပေးခြင်းအား စနစ်တကျ ပြုလုပ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းအပေါ် လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ယခင် Analog မီတာများအစား Digital Remote Control ဖြင့် ပေ ၁၀၀ အကွာအဝေးမှ ဖတ်ရှု၍ရသော OMR(Off-site Meter Reading) မီတာများ လဲလှယ်တပ်ဆင်ခြင်း ဆောင်ရွက်လျက်ရှိကြောင်း၊ နောက်ပိုင်းတွင် Control Center မှ မီတာဖတ်၍ရသောစနစ်ကို ယခုအခါ ဒေါပုံမြို့နယ်တွင် Pilot Project အနေဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း မီတာပေါင်း တစ်သန်းကျော် ရှိသည့်အနက် ငါးသိန်းခန့်ကို OMR မီတာများ လဲလှယ်တပ်ဆင်ပြီးဖြစ်ကြောင်း၊ Control Center မှ မီတာဖတ်ပြီး သုံးစွဲသူကိုယ်တိုင် မိမိတို့သုံးစွဲထားသည့်ယူနစ်အား ဖတ်၍ရသောစနစ်ကို ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားခဲ့သည်။

**သတင်း-ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# လူငယ် ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် ကျင်းပပြုလုပ်ရေးအတွက် တတိယအကြိမ် ညှိနှိုင်းစည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၇**

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် ကျင်းပပြုလုပ်ရေးအတွက် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ညှိနှိုင်းအစည်းဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာဝင်းမြတ်အေး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

**အကျိုးကျေးဇူးများပြသနိုင်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပပြုလုပ်ရေးနှင့် ပတ်သက်၍ ဆွေးနွေးကြရာ စာပေဆိုင်ရာပြပွဲ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲစသည့် အစီအစဉ်အမျိုးမျိုး ဆောင်ရွက်သွားရန် စီစဉ်ထားမှု၊ လူငယ်များ၏ ဆွေးနွေးပွဲများနှင့် ကျပန်းစကားပြော ပြိုင်ပွဲများအပြင် ထူးချွန်ထက်မြက်သည့် လူငယ်များနှင့် တွေ့ဆုံပွဲများကို စီစဉ်ထားမှု၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများပါ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှု၊ အားကစားဆိုင်ရာ ပြခန်းများနှင့် ပြိုင်ပွဲများတွင် ထူးခြားသည့် အားကစားနည်းများကိုပါ ထည့်သွင်းပြသနိုင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ သိပ္ပံဆိုင်ရာ ပြခန်းများ၌ ခေတ်မီ၍ လူငယ်များ၏ တီထွင်ဖန်တီးမှုများကို ဖော်ထုတ်ပြသသွားရေး၊ လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် ကျင်းပမည့် အချိန်သည် ရန်ကုန်တက္ကသိုလ်၏ ရာပြည့်အကြိုကာလနှင့် တိုက်ဆိုင်နေသည့်အတွက် ရန်ကုန်တက္ကသိုလ် ရာပြည့်အကြို အထိမ်းအမှတ်ပွဲတော် အဖြစ် ထည့်သွင်းဖော်ပြပေးရေး၊ အင်္ဂလိပ်၊ မြန်မာ စသည့် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများနှင့် ပြခန်းများအပြင် ကျောင်းသားကျောင်းသူများ၏ ကွန်ပျူတာနှင့် နည်းပညာရပ်ဆိုင်ရာ တီထွင်ထားမှုများကို ပိုမိုထည့်သွင်းပြသသွားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ အလွယ်တကူ သိရှိနိုင်သည့် ရောဂါရှာဖွေစမ်းသပ်မှုများကို ဆောင်ရွက်သွားရေး၊ ပညာပေးပြခန်း၌ အဖြစ်များသည့် ကူးစက်ရောဂါများအား ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ ပုံမှန်လေ့ကျင့်ခန်းဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ပြသနိုင်ရေးတို့ကို လည်းကောင်း။

**ထည့်သွင်းရေးဆွဲသွားရန် လို**

နိုင်ငံရေးနှင့်ပတ်သက်၍ ဖက်ဒရယ်စနစ်၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မည်ကို လူငယ်များ သိရှိရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေး၏ အရေးပါမှုကို လူငယ်များ သိရှိရေး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လူငယ်မူဝါဒကို သဘောတူလက်ခံ၍ Action Plan ရေးဆွဲရာ၌ Traditional challenge အပေါ် ထည့်သွင်းရေးဆွဲသွားရန် လိုအပ်သည်ကို မှာကြားထားမှု၊ Traditional challenge ဆိုသည်မှာ မီဒီယာနှင့် ဖေ့စ်ဘွတ်ကဏ္ဍဖြစ်ပြီး ဖေ့စ်ဘွတ်ကဏ္ဍပေါ် မူတည်ပြီး လူငယ်များ၏ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေသဖြင့် အဆိုပါ စိန်ခေါ်မှုများသည် အရေးကြီးသည့်အတွက် လူငယ်မူဝါဒဆိုင်ရာ Action Plan ရေးဆွဲရာ၌ မည်သို့ကိုင်တွယ်ဖြေရှင်းရမည်၊ မည်သို့ တားဆီးကာကွယ်ရမည်ကို ထည့်သွင်းရေးဆွဲသွားရန် လိုအပ်မှုတို့ကိုလည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် အနုပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၏ Logo၊ ဆောင်ပုဒ်၊ သီချင်းတို့အား ပဏာမရွေးချယ်ထားမှု၊ ပွဲတော်ကာလအတွင်း ပြခန်းများနှင့် ပြိုင်ပွဲများ ကျင်းပသွားမည့် အစီအစဉ်များ၊ ကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်း၍ လုပ်ငန်းဆောင်ရွက်နေမှုများ၊ အနုပညာကဏ္ဍမှ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

**ကျင်းပသွားရန် လျာထား**

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကို ရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်း၌ ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**ဈေးရောင်းပွဲတော်များ ထည့်သွင်း**

ပွဲတော်ကာလအတွင်း စာပေဆိုင်ရာလှုပ်ရှားမှုများအဖြစ် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ စကားရည်လုပွဲနှင့် လူငယ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ အားကစားဆိုင်ရာ လှုပ်ရှားမှုများအဖြစ် ရိုးရာအားကစားပြိုင်ပွဲများ၊ မြန်မာ့သိုင်း၊ ပိုက်ကျော်ခြင်း၊ စုပေါင်းလမ်းလျှောက်ပြိုင်ပွဲများ၊ လူငယ်အသင်းအဖွဲ့များ၏ ရန်ပုံငွေဈေးရောင်းပွဲတော်အဖြစ် ရိုးရာအစားအစာများ၊ လက်မှုပစ္စည်းများရောင်းချခြင်း၊ သိပ္ပံဆိုင်ရာ လှုပ်ရှားမှုအဖြစ် လူငယ်များတီထွင်ထားသည့် သိပ္ပံပစ္စည်းများ၊ ကွန်ပျူတာနှင့် နည်းပညာဆိုင်ရာ ပစ္စည်းများပြသခြင်း၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများအဖြစ် ဖျော်ဖြေရေးစင်မြင့်၊ တိုင်းရင်းသားရိုးရာ ပြခန်းများ၊ တိုင်းရင်းသားများ၏ ဝတ်စုံများ ဆင်ယင်ပြသခြင်း၊ IT နည်းပညာဆိုင်ရာ လှုပ်ရှားမှုအဖြစ် Application များ အသုံးပြု၍ ပရိုဂရမ်များ တည်ဆောက်ခြင်းနှင့် Project ရေးဆွဲခြင်း၊ အသိပညာပေး လှုပ်ရှားမှုအဖြစ် စံပြလူငယ်ရိပ်သာ၊ ရှားပါးစာအုပ်များ ခင်းကျင်းပြသခြင်း၊ လူငယ်နှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးပြခန်းများနှင့် စာအုပ်ဈေးရောင်းပွဲတော်များကို ထည့်သွင်းကျင်းပသွားမည် ဖြစ်သည်။ **သတင်းစဉ်**

# e-Government Conference & ICT Exhibition 2017 ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

**e-Government ညွှန်းကိန်းကို အွန်လိုင်းဝန်ဆောင်မှုဆိုင်ရာ၊ တယ်လီကွန်မြူနီကေးရှင်းဆိုင်ရာနှင့် လူသားစွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညွှန်းကိန်းများဖြင့် တိုင်းတာပြီး မြန်မာနိုင်ငံ၏ e-Government ညွှန်းကိန်းသည် ၂၀၁၆ ခုနှစ်၌ နိုင်ငံပေါင်း ၁၉၃ နိုင်ငံတွင် ၁၆၉ အဆင့်တွင်ရှိကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က e-Government Conference & ICT Exhibition 2017 ဖွင့်ပွဲအခမ်းအနား အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။**

e - Government Conference & ICT Exhibition 2017 ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန ၂ ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ညီလာခံနှင့် ပြပွဲကို ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦး၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွန်းနှင့် Huawei ကုမ္ပဏီမှ CEO ဖြစ်သူ မစ္စတာ လျန်းလီမန်းတို့က ဖွင့်လှစ်ပေးခဲ့သည်။ **(အောက်ပုံ)**




ဖွင့်ပွဲအခမ်းနားတွင် ပြည်ထောင်စုဝန်ကြီးက e - Government သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာသည့် ဖွံ့ဖြိုးမှု ညွှန်းကိန်းတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် e – Government လုပ်ငန်းများကို ဦးဆောင် ဆောင်ရွက်နေသူများသည် စနစ်ကျသည့် စီမံခန့်ခွဲမှု လိုအပ်ပြီး လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းပုံစံတချို့ကို ပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်၊ ပိုမိုမြန်ဆန်သည့် ပုံစံမျိုး ပြောင်းလဲရန် နည်းပညာထက် အရေးကြီးပါကြောင်း၊ နည်းပညာများ ကောင်းမွန်ပြီး ဆောင်ရွက်နေပုံများ မပြောင်းလဲလျှင် တိုးတက်မှုရရှိရန် ခက်ခဲပါကြောင်း။

မြန်မာနိုင်ငံ၏ e – Government စနစ်ကို ၂၀၀၄ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုဆိုလျှင် ၁၃ နှစ်ကျော်ကြာ ရှိခဲ့ပြီဖြစ်ပါကြောင်း၊ အဆိုပါကာလ အတွင်း အစိုးရဌာနများတွင် ဝက်ဘ်ဆိုက်များ ရှိလာခဲ့သော်လည်း လုပ်ငန်းအစမှ အဆုံးအထိ အွန်လိုင်းအသုံးပြုပြီး လုပ်ဆောင်ပေးနိုင်သည့် ဌာန လုပ်ငန်းများမှာ နည်းပါးသေးကြောင်း၊ e-Government အကောင်အထည် ဖော်ရခြင်းမှာ ကောင်းမွန်သည့် အုပ်ချုပ်မှုနှင့် ပြည်သူအခြေပြု အစိုးရဝန်ဆောင်မှုများ ဖြစ်ပေါ်စေရန်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူနှင့် အစိုးရအကြား နားလည်မှု၊ ပိုမိုပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်လာနိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

အလားတူ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦးကလည်း မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နည်းပညာ စီးပွားရေးကဏ္ဍ (ICT Industry) သည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အစပျိုးအဆင့်သာရှိနေသေးပါကြောင်း၊ မြန်မာနိုင်ငံသည် အခြားနိုင်ငံများနည်းတူ သတင်းအချက်အလက် နည်းပညာစီးပွားရေး ကဏ္ဍသည် နိုင်ငံ၏ အဓိက ဝင်ငွေရှာဖွေပေးနိုင်သည့် စီးပွားရေးကဏ္ဍတစ်ခု ဖြစ်လာစေရန် ရည်မှန်းချက်ထား ကြိုးပမ်းသွားရမည် ဖြစ်ကြောင်း ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ထို့ပြင် e-Government အကောင်အထည်ဖော်ရာတွင် ငွေကြေးအရင်းအနှီးများစွာ လိုအပ်ပြီး အစိုးရ၏ အင်အားတစ်ခုတည်းဖြင့် ဆောင်ရွက်ရန် ခက်ခဲပါကြောင်း၊ အချို့သော e-Government လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အစိုးရဌာနများသာမက e – Government စနစ်များ အောင်မြင်ရန် ICT Industry နှင့် Private Sector များမှလည်း ကူညီမှုအားဖြင့် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အစိုးရဘဏ္ဍာရေးလိုအပ်ချက်ကို ဖြေလျှော့စေရန် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်းကိုလည်း ဦးခွန်ဦးက အကြံပြုပြောကြားသည်။

အဆိုပါညီလာခံနှင့် ပြပွဲကို နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး နှစ်ရက်တာကာလအတွင်း စကားဝိုင်းဆွေးနွေးပွဲများအပြင် ပြည်တွင်း ပြည်ပ ပညာရှင်များက စာတမ်းများကိုလည်း ဖတ်ကြားဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ညီလာခံနှင့် ပြပွဲတွင် နည်းပညာဆိုင်ရာ ပြခန်းများအဖြစ် ဝန်ကြီးဌာနများနှင့် ပြည်တွင်း ပြည်ပ ကုမ္ပဏီများမှ ပြခန်းပေါင်း ၇၀ ကျော် ပါဝင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လေဖိအားနည်းရပ်ဝန်း ဆက်လက် တည်ရှိနေ

နေပြည်တော် နိုဝင်ဘာ ၇

**ယနေ့ ည ၇ နာရီ မိုးလေဝသခန့်မှန်းချက်**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့၌ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**ထူးခြားသည့် ညအပူချိန်များ**

ဟားခါးမြို့၌ ၆ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့၌ ၇ ဒီဂရီစင်တီဂရိတ်နှင့် မိုးကုတ်မြို့၌ ၉ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မော်ဘီမြို့၌ ၀ ဒသမ ၁၆ လက်မနှင့် ကော့ကရိတ်မြို့၌ ၀ ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။


**ထူးခြားသည့်အခြေအနေ**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ထိုင်းနိုင်ငံ ချန်ဖုန်းမြို့အနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီ အတွင်း ကပ္ပလီပင်လယ်ပြင်သို့ ရောက်ရှိမည်ဟု ခန့်မှန်းရသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**



# ကျွန်တော်တို့ရဲ့ ဆောင်ရွက်နေမှုဟာ တကယ်ကို ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှုကို ဦးတည်တယ်၊ ငြိမ်းချမ်းမှုနဲ့ ဖွံ့ဖြိုးမှုဆက်စပ်နေတယ်၊ ဖွံ့ဖြိုးမှုကို အားစိုက်ဆောင်ရွက်တဲ့အတွက် ငြိမ်းချမ်းမှုလည်း လိုက်ပါလာမှာ ဖြစ်ပါတယ်

**ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီး**

*ယမန်နေ့မှအဆက်*

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အနေဖြင့်လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်ရေးအတွက် ပြီးခဲ့သည့်ရက်ပိုင်းက ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် မောင်တောဒေသသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။**

**အဆိုပါ UEHRD စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး ပြည်သူများ ပိုမိုသိရှိနိုင်စေရန် UEHRD ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တွေ့ဆုံမေးမြန်းထားပါသည်။**

**မေး။ အခုလက်ရှိမှာလူငယ်ထုအင်အားနဲ့ လူမှုအဖွဲ့အစည်းအင်အားရဲ့ ပူးပေါင်းပါဝင်မှု ဘယ်လောက်ရှိလဲဆိုတာ သိလိုပါတယ်။**

ဖြေ။ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေနဲ့ လူငယ်မူဝါဒကို ပထမ ရက် ၁၀၀ စီမံကိန်းအစမှာကတည်းက ထိပ်ဆုံးစီမံချက်အနေနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီတစ်နှစ်ခွဲအတွင်းမှာ လူငယ်များ ကိုယ်တိုင်ရေးဆွဲတဲ့ လူငယ်မူဝါဒအကြမ်း ပေါ်ပေါက်လာပါတယ်။ ဒီလူငယ်မူဝါဒအကြမ်းကိုလည်း နိုင်ငံတော်က အတည်ပြုဖို့ Cabinet ကနေ လက်မှတ်ထိုးဖို့တစ်ခုပဲ ကျန်ပါတော့တယ်။ ဒါကလည်း မကြာခင် ပြီးသွားမှာပါ။ မူဝါဒဆိုတာ ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေကို ချမှတ်ဆောင်ရွက်ဖို့၊ ဆက်တိုက်ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးက ပါဝင်ပတ်သက်ခဲ့တဲ့ လူငယ်ထုတွေရှိတယ်။ ကိုယ်စားပြုဆိုတာ အလွန်ခက်ခဲစွာ ဆောင်ရွက်ရတဲ့အတွက် အတတ်နိုင်ဆုံး ကျွန်တော်တို့ ဆောင်ရွက်တယ်။ သို့သော် တကယ်တမ်း အကောင်အထည်ဖော်တဲ့နေရာမှာတော့ လူငယ်ထုတွေရဲ့ဆန္ဒတွေ၊ မျှော်မှန်းချက်တွေကို အပြည့်အဝ ကျွန်တော်တို့ ဖော်ဆောင်ရပါမယ်။ ဖော်ဆောင်ဖို့အတွက် ဆောင်ရွက်နေတဲ့ လူငယ်တွေရှိတယ်။ တစ်နိုင်ငံလုံးက လူငယ်တွေကို စုစည်းပြီး ပြည်ထောင်စုစီမံကိန်းကြီးရဲ့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးတဲ့နေရာမှာ လူငယ်ထုအင်အားကိုယူပြီး ဆောင်ရွက်ဖို့ စတင်နေပါပြီ။ အင်မတန် တက်ကြွတဲ့လူငယ်တွေနဲ့ ဆက်သွယ်နေပါတယ်။ ဆောင်ရွက်ဖို့နည်းလမ်းတွေ ရှာဖွေပါတယ်။ အခုနည်းလမ်းတွေလည်းရပြီ၊ လုပ်လက်စရှိတဲ့ လူငယ်အများစုက ဒီဒေသမှာ ရှေးဦးလုပ်ငန်းအကောင်အထည်ဖော်မှုတွေကို လက်တွေ့ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ အဲ့ဒီအတွေ့အကြုံတွေယူပါမယ်။ ရှေ့ဆက်ပြီး လူငယ်ထုလုပ်ရမယ့်ကိစ္စတွေမှာ နည်းလမ်းတွေ အများကြီးပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ပြည်သူတွေအားလုံးပါဝင်ဖို့ဆိုရင် လူမှုအဖွဲ့အစည်းတွေ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာဖို့ဖြစ်ပါတယ်။ ရခိုင်ဒေသမှာရှိတဲ့ လူမှုအဖွဲ့အစည်းတွေကလည်း အလွန်အရေးကြီးပါတယ်။ လူငယ်အင်အားနဲ့ လူထုအင်အားပါဝင်တဲ့နည်းတွေနဲ့ ဆောင်ရွက်နေပါတယ်။

**မေး။ ပဋိပက္ခနဲ့ပတ်သက်ပြီး ဒေသခံတွေရဲ့ သဘောထားတွေ ဘယ်လိုရှိလဲဆိုတာ သိပါရစေ ခင်ဗျာ။**

ဖြေ။ နှစ်ရှည်လများဖြစ်ခဲ့တဲ့ ပဋိပက္ခရဲ့ အရင်းအမြစ်ကို ဖော်ထုတ်ဖို့ဆိုတာ အလွန်အရေးကြီးပါတယ်။ အရင်းအမြစ်ကို ဖော်ထုတ်တဲ့နေရာမှာ သိရုံနဲ့လည်းမရဘူး။ တကယ်ကို ဘာလဲဆိုတာ ကျကျနန အထောက်အထားနဲ့ ရှိဖို့လိုပါတယ်။ ရခိုင်ပြည်နယ်ရဲ့ ပြဿနာဟာ တစ်ကမ္ဘာလုံးနဲ့ ဆက်စပ်နေတဲ့အတွက်ကြောင့် ရခိုင်ပြည်နယ်နဲ့ ပတ်သက်လို့ အကြံပေးဖို့



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

မစ္စတာ ကိုဖီအာနန် ဦးဆောင်တဲ့ ကော်မရှင်ကိုဖွဲ့စည်းခဲ့ပါတယ်။ အကြံပြုချက်တွေရပါတယ်။ အောက်တိုဘာ ၉ ရက် မှာ အကြမ်းဖက်မှု စဖြစ်တယ်။ ဖြစ်တဲ့အခါကျတော့ ပြဿနာတွေအများကြီး ပေါ်ပေါက်တယ်။ ပြဿနာတွေရဲ့ဇစ်မြစ်ကို ဖော်ထုတ်ဖို့ စုံစမ်းစစ်ဆေးရေးကော်မရှင်ဆိုပြီး ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်တဲ့ အဖွဲ့ကိုဖွဲ့တယ်။ ဒုတိယသမ္မတ ဦးဆောင်တဲ့ကော်မရှင်က အကြံပြုချက်တွေရှိတယ်။ အကြံပြုချက်တွေ ထွက်ပေါ်လာတဲ့အခါမှာ အခုလက်ရှိအခြေအနေနဲ့ ဆက်စပ်ပြီး ပြည်သူအကျိုးရှိမယ့်ဟာတွေကို ဦးစားပေးဖော်ထုတ်ပြီး ဆောင်ရွက်တဲ့ကိစ္စတွေရှိပါတယ်။ ပြည်သူလူထုက အခုလက်ရှိဖြစ်နေတဲ့ အခြေအနေတွေရယ်။ နဂိုကစုစည်းလာတဲ့ အခြေခံအကြောင်းအရင်းတွေအပေါ်မှာ ဖြေရှင်းဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီး ပြည်သူလူထုတွေဆီကနေ တုံ့ပြန်မှုတွေ၊ ခံစားချက်တွေ၊ အတွေးအခေါ်တွေ၊ အယူအဆတွေ၊ အကြံဉာဏ်တွေ ကျွန်တော်တို့ ရတယ်။

**မေး။ UEHRD ဖွဲ့စည်းလိုက်တဲ့အတွက် ရခိုင်ပြည်နယ်ဒေသမှာရှိတဲ့ ပြည်သူတွေအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဘယ်လောက်များ အထောက်အကူပြုနိုင်မလဲဆိုတာ သိပါရစေခင်ဗျာ။**

ဖြေ။ ပြည်ထောင်စုစီမံကိန်းဖြစ်တဲ့အတွက် အလျင်အမြန်နဲ့ အများကြီးပြောင်းလဲသွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ မြန်မာနိုင်ငံမှာ ပထမဦးဆုံး စီမံကိန်းကြီးဖြစ်ပါတယ်။ ဒီမှာအရေးကြီးတာက စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားစတဲ့ ကိစ္စတွေဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုကိစ္စတွေ အလွန်အရေးကြီးပါတယ်။ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ စီမံချက်ဆိုတာ ရခိုင်ပြည်နယ်ကနေ ဆောင်ရွက်ထားတဲ့ကိစ္စလေးရှိပါတယ်။ ဒါကို ပြည်ထောင်စုအစိုးရကို တင်ပြပြီး ပူးပေါင်းဆောင်ရွက်နေတဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေ အများကြီးရှိပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေစဖို့ မေလကတည်းကစပြီး လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ ဒီလိုအခက်အခဲတွေ ပေါ်လာတဲ့အခါ ရှေ့မတိုးနိုင်ဘဲ တန့်သွားတာဖြစ်ပါတယ်။ ရှေ့တိုးတဲ့နေရာမှာ အရှိန်အဟုန်ကို အင်အားကြီးကြီးနဲ့ ရှေ့တိုးမှုရပါမယ်။ ဒါမှပြောင်းလဲမှုက မြန်မြန်ဆန်ဆန်ဖြစ်မယ်။ ကျွန်တော်တို့က သံသရာပြန်လည်မှာ ကြောက်တယ်။ ဖွံ့ဖြိုးတိုးတက်မှု အများကြီးဖြစ်လာရင် မတည်ငြိမ်မှု ပဋိပက္ခတွေ လျော့နည်းသွားမယ်။ မတည်ငြိမ်မှုနဲ့ ပဋိပက္ခတွေက မဖွံ့ဖြိုး၊ မတိုးတက်မှုတွေအပေါ်မှာ မူတည်နေတယ်။ မဖွံ့ဖြိုး၊ မတိုးတက်မှုဆိုတာ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ လူမှုရေး လူသားအားလုံးရဲ့ အခြေခံမှုကို ပြောတာဖြစ်ပါတယ်။ လူ့အခွင့်အရေးဆိုပြီး ပြောနေတာမဟုတ်ဘူး။ ကျွန်တော်တို့မှာလည်း အခွင့်အရေးရှိတယ်။ လူတစ်ယောက်ရပ်တည်ဖို့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ဖော်ဆောင်ရမယ်။ လူသားတိုင်းက ဖော်ဆောင်ရမယ်။ ရခိုင်တိုင်းရင်းသားတွေမှာ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဘယ်လောက် နိမ့်ကျနေသလဲ၊ အခြားနေရာထက်စာရင် ပိုပြီးနိမ့်ကျနေသလား။ ရခိုင်ပြည်နယ်မှာ တကယ်လုပ်ကိုင်နေတဲ့ စီးပွားရေးလုပ်ငန်းတွေ ဘယ်နှခုရှိသလဲ၊ စက်မှုဇုန်တွေ ဘယ်လောက်တိုးတက် ဖွံ့ဖြိုးနေသလဲ။ လမ်းပန်းဆက်သွယ်ရေးတွေ ဘယ်လောက်ကောင်းသလဲ၊ လျှပ်စစ်မီးတွေ ဘယ်လောက်ရသလဲ၊ ဒါတွေအကုန်လုံးအရေးကြီးပါတယ်။ ဒါတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ဖို့ ပြည်ထောင်စုစီမံကိန်းကြီးက အရှိန်မြှင့်ပေးနိုင်မှာဖြစ်ပါတယ်။

> **“ပြည်ထောင်စုစီမံကိန်းဆိုတာ အင်မတန်ကျယ်ပြန့်ပါတယ်၊ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ပြည်သူ့အင်အားကို အခြေတည်တာဖြစ်ပါတယ်၊ ပြည်သူ့အင်အားက ဒီလောက် ရှိတယ်၊ ငါတို့နိုင်ငံက ဒီလို စည်းရုံးမှုရှိတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူ့အင်အားပြသမှာမို့ ပြည်သူတွေ ပါဝင်ဖို့လိုတယ်၊ ကျွန်တော်တို့လုပ်မယ့် လုပ်ငန်းစဉ်တွေကို ပြည်သူတွေ တကယ် သိဖို့ ဖြန့်ဖြူးပေးနိုင်မယ့် မီဒီယာကဏ္ဍကလည်း အများကြီး ပူးပေါင်းပါလို့ ပြောချင်ပါတယ်”**

ပြည်ထောင်စုစီမံကိန်းကြီး ဖော်ဆောင်လိုက်တဲ့ အကျိုးရလဒ်က တစ်ကမ္ဘာလုံးက စိတ်ဝင်စားလာတယ်။ ကျွန်တော်တို့သည် ရခိုင်ဒေသအတွက် အစိုးရသစ်တက်လာကတည်းက ဦးစားပေးဆောင်ရွက်ခဲ့တယ်။ ဆောင်ရွက်နေရင်းက ဒါတွေဖြစ်တယ်။ ဒီတစ်ခါတော့ ပဋိပက္ခတွေ ထပ်ပြီးမဖြစ်စေချင်တော့ဘူး။ မဖြစ်စေချင်တော့ အခြေခံအကြောင်းအရင်းဖြစ်တဲ့ ဖွံ့ဖြိုးမှုအကြီးကြီးတွေ အရှိန်အဟုန်နဲ့ ဆောင်ရွက်မယ်ဆိုတာကို ပြလိုက်တယ်။ တစ်ကမ္ဘာလုံးသိသွားတယ်။ မိတ်ဆွေနိုင်ငံတွေ၊ UN အဖွဲ့အစည်းတွေ၊ INGO အဖွဲ့အစည်းတွေကလည်း ကူညီမယ်၊ ဆောင်ရွက်မယ်ဆိုပြီး ဖြစ်လာပါတယ်။ ပြည်သူလူထုလည်း ပါဝင်မယ်။ ဒါကြောင့် ဒီဒေသကြီးဟာ အလျင်အမြန်နဲ့ ဖွံ့ဖြိုးတိုးတက်လာဖို့ရှိပါတယ်။

**မေး။ ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်မှာ နိုင်ငံတကာအဖွဲ့အစည်းတွေက လှူဒါန်းတာတွေ၊ ပြည်တွင်းအလှူရှင်တွေက လှူဒါန်းတာတွေရှိပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အလှူငွေတွေကို ဘယ်လိုဆောင်ရွက်မလဲဆိုတာ သိပါရစေခင်ဗျာ။**

ဖြေ။ အလှူငွေနဲ့ ပတ်သက်ပြီး အလွန်အရေးကြီးတယ်။ စနစ်ကျဖို့လိုတယ်၊ ပွင့်လင်းမြင်သာဖို့လိုတယ်၊ သုံးစွဲတဲ့နေရာမှာ ပြည်သူဆီ တိုက်ရိုက်အကျိုးရှိသွားတယ်ဆိုတာကို ပြသနိုင်ဖို့လိုတယ်။ ဘယ်လိုဆောင်ရွက်လိုက်တယ်ဆိုတာကို ပွင့်ပွင့်လင်းလင်းပြဖို့လိုတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က နှစ်ပတ်တစ်ခါ ရရှိတဲ့စာရင်းဇယားနဲ့ သုံးစွဲတာတွေကို ရှင်းတမ်းတွေထုတ်ဖို့ ကြိုးစားတယ်။ မှန်ကန်တဲ့လုပ်ရပ်တွေ ဟုတ်လား၊ မဟုတ်လားဆိုတာ ပြည်တွင်း၊ ပြည်ပ စာရင်းစစ်တွေဖွဲ့ပြီး စနစ်တကျ ဆောင်ရွက်သွားဖို့ လုပ်နေပါတယ်။

**မေး။ ဖွံ့ဖြိုးရေးတွေ၊ ပြန်လည် ထူထောင်ရေးတွေ လုပ်တဲ့အခါ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကို ဘယ်လိုအောင်မြင်အောင် ဆောင်ရွက်သွားမယ်ဆိုတာလည်း သိလိုပါတယ်။**

ဖြေ။ အများနဲ့လုပ်ရရင် စိန်ခေါ်မှုဆိုတာရှိပါတယ်။ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေဆိုတာ အများပူးပေါင်းဆောင်ရွက်မှုလည်း အောင်မြင်မှာဖြစ်ပါတယ်။ ပူးပေါင်းပါဝင်မယ်ဆိုရင် ပွင့်လင်းမြင်သာဖို့အရေးကြီးပါတယ်။ ပြည်ထောင်စုစီမံကိန်းကို ပြည်သူတွေ ဒီထက်မက သိရှိအောင် ရှင်းပြရမှာဖြစ်ပါတယ်။ ဒါကြောင့် သတင်းမီဒီယာရဲ့အခန်းကဏ္ဍက အလွန်အရေးကြီးပါတယ်။ မီဒီယာတွေအနေနဲ့ ပူးပေါင်းပါဝင်ဖို့လည်း လိုပါတယ်။ မီဒီယာတွေကနေ သတင်းအမှန်တွေကို ဖော်ထုတ်ပေးဖို့လိုပါတယ်။ ပြည်သူတွေ တိုက်ရိုက်သိအောင် ကျွန်တော်တို့ ဆောင်ရွက်သွားမှာပါ။

**မေး။ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီထောက်ပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီး ပြည်သူတွေကို ဖြည့်စွက်ပြီး ပြောချင်တာရှိရင် ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ပြည်ထောင်စုစီမံကိန်းဆိုတာ အင်မတန်ကျယ်ပြန့်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြည်သူ့အင်အားကို အခြေတည်တာဖြစ်ပါတယ်။ ပြည်သူ့အင်အားက ဒီလောက်ရှိတယ်။ ငါတို့နိုင်ငံက ဒီလိုစည်းရုံးမှုရှိတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူ့အင်အားပြသမှာမို့ ပြည်သူတွေ ပါဝင်ဖို့လိုတယ်။ ကျွန်တော်တို့ လုပ်မယ့်လုပ်ငန်းစဉ်တွေကို ပြည်သူတွေ တကယ်သိဖို့ ဖြန့်ဖြူးပေးနိုင်မယ့် မီဒီယာကဏ္ဍကလည်း အများကြီး ပူးပေါင်းပါလို့ ပြောချင်ပါတယ်။ ပြည်သူတွေအနေနဲ့ မီဒီယာကဏ္ဍကနေ ဖြန့်ဝေတဲ့သတင်းတွေကို အာရုံစိုက်ပြီး လေ့လာပါလို့ ပြောချင်တယ်။ မရှင်းလင်းတာရှိရင်လည်း ကျွန်တော်တို့ ဝန်ကြီးဌာနကို အမြဲတမ်းဆက်သွယ်မေးမြန်းနိုင်ပါတယ်။ ဒါ ပြည်သူတွေကို ပြောချင်တဲ့စကားပါ။ ကျွန်တော်တို့ရဲ့ဆောင်ရွက်နေမှုဟာ တကယ်ကို ငြိမ်းချမ်းမှု၊ ဖွံ့ဖြိုးမှုကို ဦးတည်တယ်။ ငြိမ်းချမ်းမှုနဲ့ ဖွံ့ဖြိုးမှုဆက်စပ်နေတယ်။ ဖွံ့ဖြိုးမှုကို အားစိုက်ဆောင်ရွက်တဲ့အတွက်ကြောင့် ငြိမ်းချမ်းမှုလည်းပိုပြီး လိုက်ပါလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဘက်ပေါင်းစုံနဲ့ ဆောင်ရွက်နေပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုတွေမှာ ပြည်သူတွေက တကယ့်စိတ်ရင်းစေတနာအမှန်နဲ့ ပူးပေါင်းပါဝင်လိုက်ခြင်းအားဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုအတွက် တကယ့်ကို အင်အားတစ်ရပ်ဖြစ်မှာပါလို့ ပြောလိုပါတယ်။

## မောင်တောမြို့နယ် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့မှ နွားအကောင်ရေ ၂၆၀ နှင့် ဆိတ် ၆၀၉ ကောင်အား ကုသကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်



**နေပြည်တော် နိုဝင်ဘာ ၇**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ နွားအကောင်ရေ ၂၆၀ ကို ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၀၉ ကောင် ကို ဆေးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ မြို့နယ် တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေး အဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ကျေးရွာရှိ နွားတစ်ကောင်၊ ဆိတ်နှစ်ကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ကျေးရွာရှိ နွားတစ်ကောင်နှင့် ငါးခူရ ပတ်ဝန်းကျင်ကျေးရွာတို့ရှိ ဆိတ်တစ်ကောင် စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့ရှိ နွားနှစ်ကောင် ကို ကာကွယ်ကုသပေးခြင်း၊ ဆိတ်သုံးကောင်ကို ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်းနွားအကောင် ၂၆၀ တို့ကို ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၀၉ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာလ ၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ရှေ့ဖုံးပါ မောင်တောဒေသ၌ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် စပါးများ ရိတ်သိမ်းခြွေလှေ့နေမှု သတင်းတွင် စပါးရိတ်သိမ်းပြီးစီးမှုအား ဧက ၃၀၀၀ ကျော် အစား ၅၉၃ ဧက ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သတင်းအဖွဲ့**

# NVC ကတ် လုပ်ဆောင်နိုင်ရန် ဘင်္ဂါလီများနေထိုင်သည့် မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု စေတီပြင်သို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက သွားရောက်ရှင်းလင်းပြောကြား

**မောင်တော နိုဝင်ဘာ ၇**
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန ရခိုင်ပြည်နယ် ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်မင်း ဦးစီးသည့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ဘင်္ဂါလီများနေထိုင်သည့် မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု စေတီပြင်သို့ သွားရောက်၍ အစ္စလမ်ဘာသာဝင်များ National Verification Card (NVC) လုပ်ဆောင်နိုင်ရန်နှင့် အမျိုးသားမှတ်ပုံတင်ကိုင်ဆောင်ထားသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်အတိုင်း ဆက်လက်လုပ်ဆောင်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) နိုင်ငံသားအသိအမှတ်ပြုကတ်ပြား သင့်တော်ရာ ကတ်တစ်မျိုးမျိုးကို ရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည့် အကြောင်းကို သွားရောက်ရှင်းလင်းပြောကြားသည်၊

“NVC ကတ်လုပ်ဆောင်ရာမှာ ခြိမ်းခြောက်မှုတွေနဲ့ ပတ်သက်ပြီး တော်တော် ပြင်းပြင်းထန်ထန် လုပ်ထားတယ်၊ အသက်အန္တရာယ်နဲ့ ပတ်သက်ပြီး ခြိမ်းခြောက်တယ်၊ ဒါကြောင့် ကြောက်လန့်ပြီး လာမလုပ်ရဲတာလည်း ပါတယ်၊ ကျွန်တော်တို့က ဒီမှာရှိတဲ့သူတွေကို NVC ကတ် လုပ်ပေးလိုက်ရင် ဒီမှာရှိတဲ့သူနဲ့ မရှိတဲ့သူ ကွဲပြားသွားမယ်၊ အဲဒီလို ကွဲပြားသွားမှာကို အချို့က မလိုလားဘူး၊ ဒါကြောင့် NVC ကတ် မလုပ်ဖို့ ဝိုင်းပြီး ခြိမ်းခြောက်နေတယ်၊ နှောင့်ယှက်နေတယ်၊ အဲ့ဒီလို ခြိမ်းခြောက်နှောင့်ယှက်မှု ထင်ထင်ရှားရှားလုပ်တဲ့ သူတွေကို ကျွန်တော်တို့က အမှုဖွင့် အရေးယူထားပါတယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ရွှေဇားအနောက်ရွာက လူတစ်ဦးကို ကျွန်တော်တို့ အမှုဖွင့်ထားပါတယ်”ဟု ဦးအောင်မင်းက ပြောသည်။

**ခြိမ်းခြောက်မှုများရှိနေ**

National Verification Card ပြုလုပ်ရာတွင် ခြိမ်းခြောက်မှုများရှိနေပြီး အဆိုပါ ခြိမ်းခြောက်မှုများသည် နိုင်ငံတော်၏ ကောင်းမွန်သည့် ရည်ရွယ်ချက်နှင့် ရည်မှန်းချက်ကို ဖျက်လို ဖျက်ဆီးပြုလုပ်သည့် သဘောဖြစ်သည်၊ ထို့ကြောင့် အဆိုပါ ခြိမ်းခြောက်မှုများအတွက် အကြမ်းဖက်ဥပဒေပုဒ်မများနှင့် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရခိုင်ပြည်နယ် ဦးစီးမှူးက သတင်းအဖွဲ့၏ မေးမြန်းချက်ကို ဖြေကြားသည်။

ရွှေဇားမြောက်ရွာတွင် နေထိုင်၍ NVC ကတ်လုပ်ဆောင်ထားသူ အစ္စလာမ်ဘာသာဝင် ဟာရစ်ဆာမက်က “NVC ကတ်ကို လွန်ခဲ့တဲ့ ၁၀ ရက်လောက်က လုပ်ခဲ့ပါတယ်၊ NVC ကတ်ကို ကိုင်ဆောင်ထားရင် ခရီးသွားလို့ရတယ်ဆိုတာကြောင့်ပါ၊ ကျွန်တော်အပါအဝင် မိသားစုလေးယောက်လုပ်ခဲ့ပါတယ်၊ ပညာသင်ကြားခွင့်၊ ဆေးကုသခွင့်ရမယ်လို့ ပြောတာလည်း ရှိပါတယ်၊ ခရီးသွားခွင့်ရမယ်လို့ ပြောပါတယ်၊ အခြားသူတွေကတော့ လုပ်ချင်မှ လုပ်မှာပေါ့၊ သူတို့သဘောပါ၊ ခရီးသွားလို့ရမယ်ဆိုတဲ့ ယုံကြည်မှုကြောင့်ပါ”ဟု ပြောသည်။

**နိုင်ငံအတွင်း နေထိုင်သူများကို ထုတ်ပေးခြင်းဖြစ်**

NVC ကတ် လုပ်ဆောင်ပေးခြင်းသည် နိုင်ငံခြားသားများအဖြစ် ယူဆ၍ ထုတ်ပေးခြင်းမဟုတ်ဘဲ နိုင်ငံအတွင်း နေထိုင်သူများကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားသားကို National Verification Card လုပ်ဆောင်ပေးမည် မဟုတ်ကြောင်း မောင်တောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက သိရသည်၊

စေတီပြင် ရာအိမ်မှူး ဂျာနီအာလောမ်က “NVC ကတ်ကို ရွှေဇားဂုံနားစာသင်ကျောင်းမှာ လုပ်ခဲ့ပါတယ်၊ NVC ကတ်ကိုင်ထားမယ်၊ အချက်အလက်တွေ စိစစ်ပြီးလို့ နေထိုင်တာ မှန်ကန်တယ်ဆိုရင် နိုင်ငံသားစိစစ်ရေး လျှောက်ခွင့်ရမယ် ပြောပါတယ်၊ ကျွန်တော့်အမေမှာက သုံးခေါက်ချိုးကတ် ရှိပါတယ်၊ အမျိုးသမီးကတော့ မလုပ်ရသေးပါဘူး၊ သူ့သဘောပါ၊ NVC ကတ် ကိုင်ထားပြီး နိုင်ငံသားကတ်ရတာနဲ့ ကြိုက်တဲ့နေရာသွားလာခွင့်ရမယ် ပြောပါတယ်၊ ကျွန်တော်ကတော့ NVC ကတ် လုပ်ချင်တဲ့သူတွေ လုပ်ဖို့ပြောထားပါတယ်၊ မိသားစု ရှစ်ယောက်ရှိပါတယ်”ဟု ပြောသည်၊

National Verification Card များ လုပ်ဆောင်ပေးရာတွင် အစ္စလမ်ဘာသာဝင်များလည်း အလွယ်တကူ လုပ်ဆောင်နိုင်ရန်အတွက် နိုဝင်ဘာ ၇ ရက်တွင် ရွှေဇားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအပြင် ရွှေဇားကျေးရွာအုပ်စု စေတီပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင်ပါ နှစ်နေရာခွဲ၍ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်၊

အစ္စလာမ်ဘာသာဝင် အာလီအာမတ်က “အသက် ၆၁ နှစ် ရှိပါပြီ၊ ရွှေဇား၊ ကံဘဲရွာမှာနေပါတယ်၊ သုံးခေါက်ချိုးကတ် (အမျိုးသားမှတ်ပုံတင်ကတ်) ရှိပါတယ်၊ သူတို့က ဒီကတ်ကို စိစစ်ပြီး နိုင်ငံသားစိစစ်ရေးကတ် လဲပေးမယ်ပြောပါတယ်၊ ကျွန်တော့်မှာ မိသားစုခြောက်ယောက်ရှိပါတယ်၊ ကျန်တဲ့သူတွေ မရှိပါဘူး၊ ကျွန်တော်အဖေ့မှာတော့ ရှိပါတယ်၊ ကျွန်တော့်ညီအစ်ကိုတွေမှာလည်း ရှိပေမယ့် သားသမီးတွေမှာ မရှိပါဘူး၊ ကျွန်တော့်သားသမီးတွေက တခြားနိုင်ငံက ရောက်လာတဲ့သူတွေလို့ သတ်မှတ်ခံရမယ်ထင်လို့ NVC ကတ် မယူချင်ဘူးလို့ပြောပါတယ်၊ ကျွန်တော်က အဲ့ဒီလို မဟုတ်ဘူးလို့ ပြောပြပါတယ်၊ သားသမီးတွေ နားလည်အောင် ပြောပြမှာပါ၊ လက်ထဲမှာ သက်သေခံကတ်တစ်ခုခုမရှိရင် ဘယ်လိုလုပ် ဒီမှာနေတယ်လို့ သတ်မှတ်လို့ရမလဲ”ဟု ပြောသည်။

ညွှန်ကြားရေးမှူး ဦးအောင်မင်းဦးစီးသည့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းမှစတင်၍ ရွှေဇားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် NVC ကတ်များကို ဆက်လက်ပြုလုပ်ပေးခဲ့ရာ ဟိန္ဒူဘာသာဝင် ကျား၊ မ စုစုပေါင်း ၆၁ ယောက်တို့အား NVC ကတ်များ လုပ်ဆောင်ပေးခဲ့သည်။

**သတင်းအဖွဲ့**



မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု စေတီပြင်သို့ သွားရောက်၍ အစ္စလာမ်ဘာသာဝင်များအား National Verification Card (NVC) လုပ်ဆောင်နိုင်ရန် ရှင်းလင်းပြောကြားစဉ်။ ဓာတ်ပုံ-ဖိုးထောင်



ရွှေဇားကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ National Verification Card (NVC) ကတ်များ ပြုလုပ်ပေးနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ဖိုးထောင်

## ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၇**
ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသည့် ဒေသများတွင် စက်မှုလယ်ယာဦးစီးဌာနမှ စပါးရိတ်သိမ်းခြွေလှေ့စက်ကိရိယာများအား အသုံးပြု၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မောင်တောမြို့နယ်အတွင်းရှိ ကံပူ၊ ကျောင်းတောင်၊ မြို့သူကြီး၊ အုန်းတော၊ အလယ်သံကျော်၊ နွားရုံတောင်ကျေးရွာများတွင် အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၆ ရက်ထိ စုစုပေါင်း ၅၉၂ ဒသမ ၉ ကေကျော်ကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ သင်္ဂနက်၊ ချောင်းနွယ်၊ ကြို့တေး၊ ကံ့ကော်ကျွန်းကျေးရွာများတွင် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၆ ရက်ထိ စုစုပေါင်း ၅၃ ကေကို ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



မောင်တောမြို့နယ် မြို့သူကြီးကျေးရွာ၌ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးရိတ်သိမ်းခြွေလှေ့နေသည်ကို တွေ့ရစဉ်။




## စစ်တွေမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်း

**စစ်တွေ နိုဝင်ဘာ ၇**
ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာ ကွင်းအမှတ် ၅၇၀ ဦးပိုင်အမှတ် ၄၈ တောင်သူ ဦးထွန်းဝင်း၏ ဆင်းသွယ်လတ် မိုးစပါးစိုက်ခင်း၌ စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၃ ရက်တွင် ဆောင်ရွက်ခဲ့သည်။ အဆိုပါ စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို စစ်တွေခရိုင် မျိုးစေ့တာဝန်ခံ ဦးတင်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဦးစီးမှူး ဦးတင်အေးနှင့် ဝန်ထမ်းများ စုစုပေါင်း ကိုးဦးဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စစ်တွေမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါး ၂၃၁၈၈ ဧက စိုက်ပျိုးထားရှိပြီး ဆင်းသွယ်လတ်စပါးမျိုး ဧက ၄၅၀၀ ပါဝင်ကာ ဆင်းသွယ်လတ်စပါးမျိုးသည် စစ်တွေမြို့နယ်ရှိ တောင်သူအများဆုံး စိုက်ပျိုးလျက်ရှိသော စပါးမျိုးကွဲတစ်ခုလည်းဖြစ်သည်။

ယခုအချိန်တွင် စပါးများရင့်မှည့်လာပြီဖြစ်၍ ဆင်းသွယ်လတ်စပါးမျိုးကို စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အစိုဂ၉ ဒသမ ၈၂ တင်း၊ အခြောက် ၈၁ ဒသမ ၉၂ တင်း ထွက်ရှိကြောင်း သိရသည်။ ဆင်းသွယ်လတ်စပါးမျိုးသည် ရခိုင်ပြည်နယ်၏ ရေမြေဒေသနှင့် ကိုက်ညီပြီး တောင်သူများ ကြိုက်နှစ်သက်သည့် ဈေးကွက်ရှိသော စပါးမျိုးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆည်ရေပေးဝေမှု စွမ်းဆောင်ရည်တိုးတက်ရေး သင်တန်းဖွင့်



ဆည်ရေပေးဝေမှု စွမ်းဆောင်ရည်တိုးတက်ရေးသင်တန်း သင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်သူများအား တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံရုံးနှင့် အစ္စရေးနိုင်ငံ Israel's Agency for International Development Cooperation, Ministry of Foreign Affairs လက်အောက်ရှိ MASHAV တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် "ဆည်ရေပေးဝေမှု စွမ်းဆောင်ရည်တိုးတက်ရေးသင်တန်း" သင်တန်းဖွင့်ပွဲကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၌ ယနေ့ မွန်းလွဲ ၂ နာရီခွဲ၌ ကျင်းပသည်။

သင်တန်းတွင် အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Daniel Zohar Zonshine နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်ထွန်းတို့က အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Daniel Zohar Zonshine၊ အစ္စရေးသင်တန်းနည်းပြဆရာများ Mr. Shai DOTAN (Senior Director, Ministry of Agriculture and Rural Development) နှင့် Mr. Gilad MAREK (Agronomist consultant of MASHAV)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်ထွန်း၊ ဦးတင်မောင်အေးထူး၊ ဦးဗိုလ်ဗိုလ်ကျော်နှင့် အင်ဂျင်နီယာချုပ် (စက်မှု) ဦးထွန်းကျော်စိုး၊ အရာထမ်းများနှင့် သင်တန်းသားသင်တန်းသူ ၄၀ တက်ရောက်သည်။

**သန်းဦး(လေးမျက်နှာ)၊ဓာတ်ပုံ -စိုက်ပျိုးရေး**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၇ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၇၀၆ ဒသမ ၆၂၉ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၀ ဒသမ ၅၇၁ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| | | | ဩဂုတ်လ | | စက်တင်ဘာလ |
|---|---|---|---|---|---|
| စဉ် | ကဏ္ဍ | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ US$ သန်း | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ US$သန်း |
| ၁။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၈၃ | ၂၇၀ ၄၅၆* | | ၀.၁၅၀* |
| ၂။ | စက်မှုကဏ္ဍ | ၁၅ | ၁၃၀.၁၄၃ | ၁၀ | ၂၆၅.၂၂၁ |
| ၃။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁ | ၁၁၆.၉၂၁ | | |
| ၄။ | အိမ်ရာအဆောက်အအုံကဏ္ဍ | ၁ | ၂.၃၀၀ | ၁ | ၁၇၄.၀၀၀ |
| ၅။ | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၃ | ၄၇.၇၂၀ | | |
| ၆။ | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၁ | ၃.၀၀၀ | | |
| ၇။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၅ | ၂၁.၀၈၉ | ၁ | ၁.၂၀၀ |
| ၈။ | စိုက်ပျိုးရေးကဏ္ဍ | ၁ | ၁၁၅.၀၀၀ | | |
| | စုစုပေါင်း | ၂၇ | ၇၀၆.၆၂၉ | ၁၂ | ၄၄၀.၅၇၁ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၃ ဒသမ ၀၂၉ သန်း အပါအဝင် ငွေကျပ် (၅၅၆၇၃၉ ဒသမ ၅၄၀) သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း အမေရိကန်ဒေါ်လာ (၆ ဒသမ ၅၈၀) သန်း အပါအဝင် ငွေကျပ် (၇၆၈၁၅ ဒသမ ၃၃၇ )သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဩဂုတ်လ | | စက်တင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ ကျပ်သန်း | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ ကျပ်သန်း |
| ၁။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍ | ၁ | ၂၀,၇၁၇.၁၅၀ | | |
| ၂။ | အိမ်ရာအဆောက်အအုံကဏ္ဍ | ၁ | ၂၇,၈၂၆.၃၇၀ | | |
| ၃။ | စက်မှုကဏ္ဍ | ၄ | ၈၈,၂၁၃.၄၇၀ | ၂ | ၁,၆၀၀.၉၈၀ |
| ၄။ | စက်မှုဇုန် တည်ဆောက်ရေး ကဏ္ဍ | ၁ | ၂၂၂,၅၄၅.၄၅၀ | | |
| ၅။ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | | ၁၅,၀၀၀.၀၀၀ | | |
| ၆။ | ဆောက်လုပ်ရေး ကဏ္ဍ | | ၁၀,၉၈၈.၉၈၀* | | ၆၅,၇၈၄.၃၅၇* |
| ၇။ | မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ | ၁ | ၁၀၀.၀၀၀ | | |
| ၈။ | လျှပ်စစ်ဓာတ်အား ကဏ္ဍ | ၁ | ၉,၄၅၇.၅၆၀ | | |
| ၉။ | လယ်ယာ ကဏ္ဍ | | | ၁ | ၄၀၀.၀၀၀ |
| ၁၀။ | အခြားလုပ်ငန်း ကဏ္ဍ | ၃ | ၁၆၁,၈၉၀.၅၆၀ | ၃ | ၉,၁၀၀.၀၀၀ |
| | စုစုပေါင်း | ၁၂ | ၅၄၅,၇၅၀.၅၆ | ၆ | ၇၆,၈၈၅.၃၃၇ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ကဏ္ဍအလိုက် ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၂၀၁၇ ခုနှစ် ဩဂုတ်လ အတွင်း) | ၂၀၁၇-၂၀၁၇ ဘဏ္ဍာနှစ် (၂၀၁၇ ခုနှစ် စက်တင်ဘာအတွင်း) |
| ၁။ | ရေနံနှင့် သဘာဓာတ်ငွေ့ကဏ္ဍ | - | - |
| ၂။ | လယ်ယာကဏ္ဍ | ၅၃၆ | - |
| ၃။ | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၂၁၃ | - |
| ၄။ | သတ္တုတူးဖော်ရေးကဏ္ဍ | - | - |
| ၅။ | စက်မှုကဏ္ဍ | ၁၀၈၂၉ | ၄၄၀၆ |
| ၆။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁၈၈ | - |
| ၇။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | - | - |
| ၈။ | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၂၉၁ | - |
| ၉။ | ဆောက်လုပ်ရေးကဏ္ဍ | - | - |
| ၁၀။ | အိမ်ရာနှင့်အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၃၉ | ၆၁ |
| ၁၁။ | စက်မှုဇုန်တည်ဆောက်မှု ကဏ္ဍ | - | - |
| ၁၂။ | အခြားစက်မှုကဏ္ဍ | ၄၀၄ | ၂၃ |
| | စုစုပေါင်း | ၁၂၅၀၀ | ၄,၄၉၀ |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ကဏ္ဍအလိုက် ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၂၀၁၇ ခုနှစ် ဩဂုတ်လ အတွင်း) | ၂၀၁၇-၂၀၁၇ ဘဏ္ဍာနှစ် (၂၀၁၇ ခုနှစ် စက်တင်ဘာ အတွင်း) |
| ၁။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၈၂ | - |
| ၂။ | သတ္တုတူးဖော်ရေးကဏ္ဍ | - | - |
| ၃။ | စက်မှုကဏ္ဍ | ၅၅၂ | ၁၈၀ |
| ၄။ | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | - | - |
| ၅။ | အိမ်ရာနှင့်အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၇၄ | |
| ၆။ | မွေးမြူရေးနှင့်ရေလုပ်ငန်း ကဏ္ဍ | ၃၅ | - |
| ၇။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | ၁၈၈ | - |
| ၈။ | စက်မှုဇုန်တည်ဆောက် မှုကဏ္ဍ | ၆၇ | - |
| ၉။ | ဆောက်လုပ်ရေးကဏ္ဍ | - | - |
| ၁၀။ | လယ်ယာကဏ္ဍ | - | ၁၁ |
| ၁၁။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၃၄၀ | ၄၀၄ |
| | စုစုပေါင်း | ၁,၃၃၈ | ၅၉၅ |

# စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲနှင့် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) နှင့် ဂျပန်-မြန်မာ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုစင်တာ (JMEIC)တို့၏ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲနှင့် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၄×၇၈လမ်းထောင့်၊ ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပသည်။

ထို့နောက် MRCCIနှင့် JMEIC တို့ကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို MRCCI အသင်းဥက္ကဋ္ဌ ဦးအောင်သန်းနှင့် JMEIC ဥက္ကဋ္ဌ Mr. Noriyuki Yonemura တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။ ယင်းနောက် MRCCI နှင့် JMEIC တို့မှ တာဝန်ရှိသူများက ဆောက်လုပ်ရေးလုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှု အစိတ်အပိုင်းများနှင့် ပတ်သက်သည့် လက်ရှိဆောင်ရွက်ချက်များ၊ အနာဂတ်အလားအလာများနှင့် ရင်နှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို ရှင်းလင်းပြောကြားကြသည်။ တက်ရောက် လာကြသူများသည် JMEIC မှ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ကုမ္ပဏီများ၏လုပ်ငန်းများနှင့်ပတ်သက်၍ ၎င်းတို့ စိတ်ပါဝင်စားသည့် လုပ်ငန်းများအလိုက် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ခပေါင်းရေလှောင်တမံ၌ ယခုနှစ်တွင် ရေဧက ပေပေါင်း ရှစ်သိန်းသုံးသောင်းကျော် စိုက်ပျိုးရေပေးဝေနိုင်မည်

**တောင်ငူ နိုဝင်ဘာ ၇**

ခပေါင်း ဆည်ရေသောက်စနစ် ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးစိုက်ပျိုးရေပေးဝေခြင်းနှင့်ပတ်သက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များနှင့်အတူ ဒေသခံတောင်သူများနှင့်ကွင်းဆင်းတွေ့ဆုံခြင်းကို နိုဝင်ဘာ ၇ ရက် နံနက် ၉နာရီက တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာတွင် ကျင်းပခဲ့သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူနှင့် အုတ်တွင်းမြို့နယ်များအတွင်း စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ခပေါင်းရေလှောင်တမံ၌ ယခုနှစ်တွင် ရေဝင်ရောက်မှုကောင်းမွန်သည့်အတွက် ရေဧကပေပေါင်း ရှစ်သိန်းသုံးသောင်းကျော် သိုလှောင်ထားနိုင်လျက်ရှိကြောင်း သိရသည်။

ခပေါင်းဆည်ရေသောက်စနစ်တစ်ခုလုံး၏ စိစစ် ရေသောက်ဧရိယာမှာ ၅၃၂၈၆ ဧကဖြစ်ရာ လက်ရှိသိုလှောင်ရေဖြင့် အဆိုပါ စိစစ်ဧကကို စိုက်ပျိုးရေ အပြည့်အဝပေးဝေနိုင်မည်ဖြစ်ပြီး ဆည်ရေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးရန်အတွက် ဒေသခံတောင်သူများ ညှိနှိုင်းချက်အရ နွေစပါး ဧက ၃၅၃၀၀၊ ဆောင်းသီးနှံ ၁၇၉၈၆ ဧက စုစုပေါင်း ၅၃၂၈၆ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၅)မှ ဦးစီးအရာရှိ ဦးမျိုးအောင်ဇင်က ရှင်းလင်းပြောကြားသည်။

ခပေါင်းရေလှောင်တမံမှ ရေစတင်ပေးဝေမည့်ရက်မှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်ဟုသိရှိရပြီး နွေစပါးနှင့် ဆောင်းသီးနှံလျာထား စိုက်ပျိုးဧကပေါင်း ၅၃၂၈၆ ဧကကို ပြည့်မီအောင် စိုက်ပျိုးရေပေးဝေနိုင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သူရ(တောင်ငူ)**



# ကျောက်မျက်လုပ်ကွက်အတွင်း ရေမဆေးကျောက်ရှာဖွေသူများ အတင်းဝင်ရောက် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးနှင့် ရေမဆေးကျောက်ရှာဖွေသူ နှစ်ဦးသေဆုံး

**ဖားကန့် နိုဝင်ဘာ ၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်ရှိ ပတ္တမြားနဂါးကျောက်မျက်ကုမ္ပဏီအတွင်း ရေမဆေးကျောက်ရှာဖွေသူများက နိုဝင်ဘာ ၆ ရက် ညနေ ၄ နာရီခန့်တွင် အတင်း ဝင်ရောက်လာသဖြင့် တားဆီးထိန်းသိမ်းရာမှ ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ရေမဆေးကျောက်ရှာဖွေသူနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ကွက်အတွင်း ရေမဆေးကျောက်ရှာဖွေသူ အင်အား ၅၀၀ ခန့်က အတင်းဝင်ရောက်လာသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက သတ်မှတ်ချိန်မတိုင်မီ ဝင်ရောက်ရှာဖွေခြင်းမပြုရန် တားဆီး ထိန်းသိမ်းစဉ် ရေမဆေးကျောက်ရှာဖွေသူများက စိန်တူများဖြင့် ရိုက်နှက်ခြင်း၊ ကျောက်ခဲများဖြင့် ပစ်ပေါက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ပြုလုပ်သဖြင့် ရဲဒုတပ်ကြပ် အောင်ခိုင်တွင် ပေါက်ပြဲဒဏ်ရာများရရှိပြီး ရဲတပ်ဖွဲ့ဝင်ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

ရဲဒုတပ်ကြပ် အောင်ခိုင်အား ဖားကန့်ဆေးရုံသို့ ပို့ဆောင်ကုသရာ ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း၊ ရေမဆေးကျောက်ရှာဖွေသူ အောင်ပိုင်စိုး (၂၃နှစ်)သည် ဖြစ်စဉ် ဖြစ်ပွားသည့်နေရာတွင် သေဆုံးခဲ့ပြီး ခင်မောင်ဝင်း (၃၅နှစ်)မှာ ဖားကန့်ဆေးရုံသို့ ပို့ဆောင်ရာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



ရေမဆေးကျောက် ရှာဖွေသူများနှင့် တားဆီးထိန်းသိမ်းနေသော လုံခြုံရေးတပ်ဖွဲ့ဝင်တို့ကို တွေ့ရစဉ်

# ဒလမြို့နယ်တွင် အများပြည်သူ သွားလာနေသည့်လမ်းပေါ် ဝိုင်းဖွဲ့ အရက်သေစာ သောက်စားသူများအား အရေးယူ

**ဒလ နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် အများပြည်သူသွားလာနေသည့် လမ်းပေါ်တွင် ဝိုင်းဖွဲ့၍ အရက်သေစာ သောက်စားနေသူများအား ဖမ်းဆီးအရေးယူလျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ်တွင် နိုဝင်ဘာ ၁ ရက်မှ ၆ ရက်အထိ အများပြည်သူ သွားလာနေသည့် လမ်းပေါ်တွင် ဝိုင်းဖွဲ့၍ အရက်သေစာသောက်စားနေသူများ ဒလမြို့မ ရဲတပ်ဖွဲ့စခန်းက ဖမ်းဆီးအရေးယူခဲ့ရာ အမှုရှစ်မှု၊ လူဦးရေ ၁၅ ဦးအား ဖမ်းဆီးအရေးယူခဲ့ပြီး အဆိုပါအမှုနှင့် ဆက်စပ်နေသူများအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အများပြည်သူသွားလာနေသည့် လမ်းပေါ်တွင် ဝိုင်းဖွဲ့၍ အရက်သေစာသောက်စားမှုများ မပြုလုပ်ကြရန်နှင့် ကျူးလွန်ပါက အရေးယူမည်ဖြစ်ကြောင်း ဒလမြို့နယ် ခေတ္တမြို့နယ်မှူး ဒုတိယရဲမှူး တင်လှမှ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် ပြည်သူများနှင့်တွေ့ဆုံ၍ ကြိုတင်အသိပေးပြောကြားခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

# လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့နှံ့ခဲ့သည့် မော်တော်ယာဉ်အသုံးပြု၍ ခါးပိုက်နှိုက်မှု ကျူးလွန်သူကို ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်နေ ဒေါ်/... သည် တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေးမှတ်တိုင်မှ ကျောက်တန်းမြို့နယ်သို့ သွားရောက်ရန် အောက်တိုဘာ ၃၁ ရက် နံနက် ၇ နာရီခန့်တွင် အမှတ်(၁၀) YBS ယာဉ်ကို စီးနင်းလာစဉ် သာကေတမြို့နယ် ကျောက်တိုင်မှတ်တိုင်အရောက် ၎င်းကိုင်ထားသည့် လက်ကိုင်အိတ်မှာ ဇစ်ပွင့်နေသဖြင့် စစ်ဆေးကြည့်ရာ Samsung Note III ဖုန်းတစ်လုံးမှာ ပျောက်ဆုံးနေကြောင်း သိရှိရပြီး ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းအရောက် ယာဉ်ပေါ်မှဆင်းစဉ် ၎င်းနှင့်အတူ ယာဉ်ပေါ်မှ ဆင်းလာသူ အသက်(၃၀နှစ်)ခန့်ရှိ အမျိုးသားနှစ်ဦးမှာ ဟန်အမူအရာပျက်လျက် အသင့်စောင့်နေသည့် FF/ ------ အငှားယာဉ်ပေါ်သို့ တက်သွားသဖြင့် ယာဉ်အားရပ်ခိုင်းသော်လည်း မောင်းနှင်ထွက်ပြေးသွားကြောင်း တိုင်တန်းချက်အရ သာကေတမြို့မရဲစခန်းတွင် အမှုဖွင့်ကာ ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးရှိ မှုခင်းဖော်ထုတ်ရေးရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်စဉ်က အသုံးပြုခဲ့သည့် မော်တော်ယာဉ်ကို တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ အခင်းဖြစ်ပြီးနောက် ၁၄ နာရီအတွင်း လှိုင်သာယာမြို့နယ် ကစင် ၂၃ ရပ်ကွက် ဦးဖိုးလှိုင်လမ်းပေါ်မှ သိမ်းဆည်းရမိခဲ့သည်။ ယာဉ်မောင်းဖြစ်သူမှာ ဟိန်းထက်ထွန်းဖြစ်ကာ ခါးပိုက်နှိုက်မှုကျူးလွန်သူများမှာ ညီညီ၊ ကျော်မင်းဝင်းနှင့် ကုလားတို့ဖြစ်ကြောင်း သိရှိရကာ နိုဝင်ဘာ ၃ ရက် ညနေ ၅ နာရီတွင် ညီညီ ကို လှိုင်သာယာမြို့နယ် ၅ ရပ်ကွက် တပင်ရွှေထီး လမ်းမပေါ်တွင် အမှုမှ ဖုန်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ ညီညီအားစစ်ဆေးရာ ခါးပိုက်နှိုက်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ယာဉ်ကို တစ်နေ့လျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် ငှားရမ်းခဲ့ကြောင်း၊ ခါးပိုက်နှိုက်မှုကျူးလွန်ပြီးနောက် ရွှေပြည်သာမြို့နယ်သို့ ရောက်ရှိစဉ် လူမှုကွန်ရက် အသုံးပြုကြည့်ရာ ၎င်းတို့ သုံးဦးအတူ ခါးပိုက်နှိုက်မှု ကျူးလွန်ခဲ့သည့်ဖြစ်စဉ်အား တွေ့ရှိရသဖြင့် အသုံးပြုသည့် မော်တော်ယာဉ်ကို လမ်းပေါ်တွင် စွန့်ပစ်ကာ ထွက်ပြေးတိမ်းရှောင်စဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း၊ ညီညီပါ လေးဦးတို့အား အမှုဖြင့် အရေးယူဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသူ ဟိန်းထက်ထွန်း၊ ကုလားနှင့် ကျော်မင်းဝင်းတို့ သုံးဦးအား ဖမ်းဆီး ရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ချမ်းမြသာစည်မြို့နယ် ဘီယာဆိုင်၌ ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်

**မန္တလေး နိုဝင်ဘာ ၇**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၅၆ လမ်း အနော်ရထာလမ်းနှင့် ဘုရင့်နောင်လမ်းကြား ကံသာယာရပ်ကွက် အကွက်အမှတ် (၀၀-၄) ရှိ New Style ဘီယာဆိုင်သည် နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီ ၅ မိနစ်က လျှပ်စစ်မီးဘုတ်ခုံ ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ ယင်းမီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ်အစီး ၂၀၊ သန္နိမီးသတ်တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀နှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ တိုင်း/ခရိုင် မြို့နယ်မှ တာဝန်ရှိသူများကြီးကြပ်၍ လိုအပ်သည်များ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ပေ (၃၀ × ၅၀) New Style ဘီယာဆိုင် မီးလောင်ဆုံးရှုံးခဲ့ပြီး ယင်းဘီယာဆိုင်နှင့် အတွင်းပစ္စည်းများ ဆုံးရှုံးခဲ့ကြောင်းနှင့် ဆိုင်မန်နေဂျာ ဦးမင်းမင်းစိုင်းအား ချမ်းမြသာစည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ကြာဂရက်အုပ်စု ထီးခံကျေးရွာတွင် ဓားထိုးမှုဖြစ်ပွား တစ်ဦးသေဆုံး တစ်ဦးဒဏ်ရာရ

**ကျောင်းကုန်း နိုဝင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကြာဂရက်အုပ်စု ထီးခံကျေးရွာတွင် နိုဝင်ဘာ ၆ ရက် ညနေ ၆ နာရီခွဲက လူသတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သန်းဝင်းသည် တစ်ရွာတည်းနေ ဦးထွန်းနိုင်၏ နေအိမ်ရှေ့ခန်း၌ တီဗွီကြည့်နေစဉ် တစ်ရွာတည်းနေ ကြာရွှေ ရောက်ရှိလာပြီး အိမ်ပေါ်တက်ကာ ဓားဖြင့်ထိုးပြီး ပြေးဆင်းသွားခဲ့ရာ သန်းဝင်း၌ ဝဲဘက်ရင်အုံအောက် ထိုးသွင်းဒဏ်ရာရရှိသွား၍ ဒေါင့်ကြီးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးရုံအရောက်၌ သေဆုံးသွားခဲ့သည်။

ထို့နောက် ကြာရွှေသည် ယောက်ခမတော်စပ်သူ ဒေါ်ကြည်၏ နေအိမ်သို့ ရောက်ရှိလာပြီး လွန်ခဲ့သော သုံးလခန့်က ကွဲနေသော ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခါးတိုမှာ မိခင်ဒေါ်ကြည် နေအိမ်ရှေ့ခန်းတွင် သားဖြစ်သူနှင့်အတူအိပ်နေစဉ် ကြာရွှေက သတ်ပစ်မယ်ဟုပြော၍ ခြင်ထောင်ထဲဝင်ကာ ဓားဖြင့်ထိုးသဖြင့် ဒေါ်ခါးတိုတွင် ဒဏ်ရာများရရှိသွားသည်။ ကြာရွှေမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်နေပြီး အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ကျွဲကျောင်းရန် ထွက်ခွာသွားပြီး ပြန်မရောက်သဖြင့် လိုက်လံရှာဖွေရာမှ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရ

**ရေး နိုဝင်ဘာ ၇**

မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ နှစ်ကရင်ကျေးရွာတွင် နိုဝင်ဘာ ၇ ရက်က လည်ပင်း၌ ပြတ်ရှဒဏ်ရာနှင့် ဝဲမျက်ခုံးပေါက်ပြဲဒဏ်ရာများဖြင့် အသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးနေသည်ကို တွေ့ရသည်။

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကံထွန်းနှင့် ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများက နှစ်ကရင်ကျေးရွာနေ မဖြူဝင်း၏ ခင်ပွန်းဖြစ်သူ ကိုဌေးအောင်သည် နိုဝင်ဘာ ၅ ရက် နံနက် ၆နာရီခန့်တွင် ကျွဲကျောင်းရန် စားကျက်လယ်ကွင်း၌ နေအိမ်မှ ထွက်ခွာသွားပြီး ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ရှာဖွေရာမှ အသတ်ခံရသည်ကို တွေ့ရခြင်းဖြစ်ကြောင်း လမိုင်းနယ်မြေရဲစခန်းမှ သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ နိုဝင်ဘာ ၇ ရက်က အမှုဖွင့်တိုင်တန်းထားသဖြင့် ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# မရမ်းချောင်စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်နှစ်စီးဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး နိုင်ဝင်ဘာ ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၆၉ စီး၊ သွင်းကုန် ၇၂၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၆၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၅ ဒသမ ၄၅၀ ခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ရှစ်သန်းခန့် စုစုပေါင်းတားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၄၅၀ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် အောက်တိုဘာ ၃၁ ရက်က ရန်ကုန်သို့ သွားရောက်မည့် Toyota Kluger Wagon ယာဉ်တစ်စီး၊ Nissan Cabster Light Truck ယာဉ်တစ်စီးတို့အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ရှစ်သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Toyota Kluger Wagon နှင့် Nissan Cabster Light Truck ယာဉ်နှစ်စီးကို တွေ့ရစဉ်။

# စွန့်ပစ် အမှိုက်ပလတ်စတစ်များမှထုတ်မည့် ဒီဇယ်ဆီကို ဒီဇင်ဘာတွင် ဘုတလင်မြို့၌ အခြေပြု၍ ဈေးကွက်သို့ စဖြန့်မည်

**ဘုတလင် နိုဝင်ဘာ ၇**

ဘုတလင်မြို့ ချင်းတွင်း ဓာတုအင်ဂျင်နီယာလုပ်ငန်းမှ စွန့်ပစ်ပလတ်စတစ်အမှိုက် စွန့်ပစ်တာယာ၊ အင်ဂျင်ဝိုင်အဟောင်း၊ စွန့်ပစ်စားအုန်းဆီများနှင့် ရေနံစိမ်းများမှ ဒီဇယ်ဆီထုတ်လုပ်ကာဈေးကွက်သို့တင်ပို့ရောင်းချခြင်းကိုလာမည့်ဒီဇင်ဘာလအတွင်း စတင်မည်ဖြစ်ကြောင်း လုပ်ငန်းပိုင်ရှင် ဓာတုအင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းထံမှ သိရသည်။

"အရင်တုန်းက ပလတ်စတစ်ကနေ ဒီဇယ်ဆီထုတ်နေတာက စမ်းသပ်စက်အဆင့်ပါ။ အခုဟာက ဈေးကွက်ထဲကို တစ်ရက်ကို တစ်ပီပါ၊ နှစ်ပီပါလောက်ထွက်မယ့် စက်အလတ်စား ပြောင်းလုပ်ထားတာပါ။ အခုဟာက စမ်းတဲ့အဆင့်မဟုတ်တော့ဘဲ စီးပွားဖြစ်ထုတ်မယ့်အဆင့်ပေါ့၊ နိုဝင်ဘာလထဲ ဈေးကွက်ပို့နိုင်အောင် လုပ်နေပေမယ့် အခက်အခဲက အနည်းငယ်ရှိနေတဲ့အတွက် ဒီဇင်ဘာမှာ ဈေးကွက်ပို့ဖို့ လုပ်နေတာပါ၊ ဒီလအတွင်း စက်အပြီးလုပ်ပြီးရင် ဒီဇင်ဘာလအတွင်းမှာ အဆက်မပြတ် ထုတ်နိုင်အောင် လုပ်နေတာပါ"ဟု ဦးသန့်ဇင်ထွန်းက ပြောသည်။

စွန့်ပစ်အမှိုက်များဖြင့်ထုတ်သည့် ချင်းတွင်းဓာတုအင်ဂျင်နီယာထုတ် ဒီဇယ်ဆီသည် အခြားဒီဇယ်ဆီအရည်အသွေးနှင့် ကွာခြားမှုမရှိဘဲ ဈေးနှုန်းတွင် အခြားဒီဇယ်ဆီထက် ချိုသာနေသောကြောင့် တောင်သူအများစု သုံးစွဲသည့် ဒီဇယ်ဆီအဖြစ် စမ်းသပ်၍ ထုတ်လုပ်ရောင်းချနေသည့် ဈေးကွက်အရ သိရသည်။

**သံတိုင်ထွန်း (မုံရွာ)**

## Yangon Book Street ရန်ကုန် စနေ-တနင်္ဂနွေ စာအုပ်လမ်း

ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန် မြို့တော်စည်ပင်သာယာရေး ကော်မတီတို့၏ ကူညီမှုနှင့်အတူ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် စတင်၍ Yangon Book Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကို စာအုပ်ဆိုင်များနှင့် အထိမ်းအမှတ်ပစ္စည်းအရောင်းဆိုင်များ အပါအဝင် စုစုပေါင်း ဆိုင်ခန်း ၁၇၀ ခန့်ဖြင့် ပြန်လည်ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး Yangon Book Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း ဖွင့်ပွဲအခမ်းအနားတွင် စာအုပ်လမ်းသို့ လာရောက်မည့် စာဖတ်သူများအား စာအုပ်လက်ဆောင်ပေးခြင်း၊ ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲကျင်းပခြင်း၊ စာရေးသူတို့၏ စာဖတ်ဝိုင်း အစီအစဉ်၊ စာပေပဟေဠိ အစီအစဉ်၊ တေးဂီတ အစီအစဉ်များဖြင့် ဖျော်ဖြေခြင်း၊ ကာတွန်းဆရာများ၏ ကယ်ရီကေးချားရေးဆွဲခြင်းစသော အစီအစဉ်များ ပါဝင်မည်ဖြစ်သောကြောင့် စာပေဝါသနာရှင်များ၊ စာပေချစ်မြတ်နိုးသူများအားလုံး ပြန်လည်ဖွင့်လှစ်မည့် Yangon Book Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းသို့ ကြွရောက်အားပေးနိုင်ပါရန်နှင့် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၁၁ ရက်နေ့မှ ၁၃ ရက် နေ့အထိ စနေ-တနင်္ဂနွေ-တနင်္လာ သုံးရက်တိုင်တိုင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျန်ရက်သတ္တပတ်များတွင် စနေ-တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့်**
**ဖြန့်ချိသူများအသင်း (၀၉-၃၀၀၀၂၃၁၁)**

❖ *ကျောဖုံးမှ*

**ဂိုးသမား**-ဘုန်းသစ္စာမင်း(ရှမ်းယူနိုက်တက်)၊ ထွန်းနန္ဒဦး (မြဝတီ)၊ ဇာခြည်မောင် (ရောဝတီ)၊ **နောက်တန်း**-စိုးမိုးထွန်း၊ ကျော်သူထွန်း၊ ရဲရင့်အောင် (ရတနာပုံ)၊ သန်းထိုက်ဇင်၊ ကျော်မျိုးနိုင် (အား/ကာသိပ္ပံ)၊ သဲမောင် (ရောဝတီ)၊ အောင်ဖြိုးသော်၊ မင်းရဲထွဋ်၊ မြတ်မင်းသူ၊ ဟိန်းဖြိုးဝင်း (ရှမ်းယူနိုက်တက်)၊ သူရိန်စိုး (ရန်ကုန်)၊ သက်ပိုင်ထွေး (MFF Youth)၊ **အလယ်တန်း**-ဇွဲသက်ပိုင်၊ စိုးလွင်လွင်၊ မြတ်ထွန်းသစ်၊ ဝေယံ၊ ရဲမင်းသူ၊ စစ်မင်း၊ နိုင်မင်းသူ (ရှမ်းယူနိုက်တက်)၊ သန်းမြင့်ထွန်း၊ နေမိုးနိုင် (ရောဝတီ)၊ တလိုင်းမွှေးအောင် (ရတနာပုံ)၊ ဇင်ဖြိုးအောင် (ဇွဲကပင်)၊အောင်မိုးသူ၊ မြတ်ကောင်းခန့်၊ ဟိန်းထက်အောင် (MFF Youth)၊ ရှေ့တန်း-ရွှေကို၊ သန်းဒွက် (ရှမ်းယူနိုက်တက်)၊ စိုင်းဇော်ဇော်ခိုင် (ရောဝတီ)၊ တည်ငြိမ်မင်း (ရခိုင်)၊ ဇင်မင်းထွန်း (မကွေး)၊ ချမ်းငြိမ်း (Southern)၊ အီစိုး(ရန်ကုန်) နှင့် သက်အောင် (ဟံသာဝတီ) တို့ ပါဝင်နေသည်။ မြန်မာ ယူ-၂၁ အသင်း ယှဉ်ပြိုင်မည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက်မှ ၂၃ ရက်အထိကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းများ နှစ်စဉ်နီးပါး ဝင်ရောက် ယှဉ်ပြိုင်နေသည့်ပြိုင်ပွဲလည်း ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပမည့် အကြိမ်(၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်သည်။

**ရဲရင့်ရှိုင်း**

## ခေါ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ ကွက်သစ်(၃)လမ်းနေ
(ဦးဘသစ်)-ဒေါ်ရွှေကြည်တို့၏သား၊
သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊
ရဲတပ်ကြပ်ကြီးမျိုးမင်းထွန်း-ဒေါ်သဇင်သူတို့၏ညီ

**ဗိုလ်မှူးမျိုးမင်းစိုး**
**B.Sc (DSA)**
**ယာယီတပ်ခွဲမှူး၊ အမှတ်(၃၄၆)ခြေမြန်တပ်ရင်း**

နှင့်

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ ဇောခိ(၂)လမ်းနေ
(ဦးရင်မြိုင်)-ဒေါ်ခင်အေးဆင့်၊ ဇီးကုန်းမြို့၊ သစ်နဖားလမ်းနေ
(ဦးတင်အေး)-ဒေါ်ညွန့်မေတို့၏မြေး၊ ဦးခင်မောင်သန်း-ဒေါ်တင်တင်လင်း
တို့၏တူမ၊ ဝက်ထီးကန်မြို့၊ အမှတ်(၂)ရဲလေ့ကျင့်ရေးကျောင်း
ဦးဝင်းသူ-ဒုရဲမှူးခင်သက်သက်တို့၏သမီး

**မသဲစုသူသူ**
**B.Sc(Chem)(Hons;)**
**(Project Officer, Myanmar Red Cross Society, Nay Pyi Taw)**

တို့သည် ၅-၁၁-၂၀၁၇ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ ခေါ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘဆွေမျိုးများနှင့်**
**ဗိုလ်မှူးမျိုးမင်းစိုး-မသဲစုသူသူ**


## အထူးပင်ဝမ်းမြောက်ဂုဏ်ယူခြင်း




saturday, 4th November 2017 ရက်တွင် ခမ်းနားအောင်မြင်စွာ ကျင်းပ ပြုလုပ်ခဲ့သော

Yangon Can Manufacturing Co.,Ltd(Joint Ventured by LOI HEIN and TOYO SEIKAN GROUP)

၏ Grand Opening Ceremony ပွဲကြီးအောင်မြင်မှုအတွက်အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

Uni Tun Co.,Ltd, Sunpak International Co.,Ltd , Hon Chuan (Myanmar) CO., Ltd တို့မှ

ဆုမွန်ကောင်းတောင်းလျက်ဂုဏ်ပြုအပ်ပါသည်။

# တောင်ကိုရီးယားနိုင်ငံသို့ အာရှခရီးစဉ်အဖြစ် ထရန့်ရောက်ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၇**

မြောက်ကိုရီးယား အရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးပွဲများ ပြုလုပ်ရန် အကြောင်းအရာဖြင့် အာရှ ခရီးစဉ် လှည့်လည်လျက်ရှိသည့် အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်သည် ဂျပန်နိုင်ငံသို့ ရောက်ရှိကာဝန်ကြီးချုပ် ရှင်ဇိုအာဘေး နှင့် သဘောတူညီမှုတစ်ခု ရရှိခဲ့ပြီးနောက်တွင် ခရီးဆက်လက်ထွက်ခွာခဲ့ရာ တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထရန့်သည် အင်္ဂါနေ့တွင် ဆိုးလ်မြို့ပြင်ပရှိ အမေရိကန်လေတပ် အခြေစိုက်စခန်းသို့ ရောက်ရှိခဲ့သည်။ ထရန့်နှင့် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းတို့ အဓိကဆွေးနွေးသွားမည့် အကြောင်းအရာမှာမြောက်ကိုရီးယားနျူကလီးယားခြိမ်းခြောက်မှုဖြစ်သည်။

ခေါင်းဆောင်နှစ်ဦးတို့သည် မြောက်ကိုရီးယားနိုင်ငံနှင့်စပ်လျဉ်းသည့် ရပ်တည်ချက်နှင့်ပတ်သက်၍ သဘောတူညီမှုရရှိနိုင်မည်လားဆိုသည်ကို နှစ်နိုင်ငံပြည်သူများက စိတ်ဝင်တစားစောင့်ကြည့်လျက်ရှိသည်။ မြောက်ကိုရီးယားကို ဖျက်ဆီးပစ်ရန် ထရန့်က ခြိမ်းခြောက်လာချိန်တွင် သမ္မတမွန်ဂျယ်အင်းက ဆွေးနွေးပွဲများကို ပိုမိုတိုးမြှင့်လုပ်ဆောင်သွားရန် ပြောကြားခဲ့သည်။

တောင်ကိုရီးယားနှင့် အမေရိကန်နှစ်နိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ်နှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်း ဆွေးနွေးဖလှယ်ကြသည်ဟု သိရသည်။

သမ္မတရွေးကောက်ပွဲ ယှဉ်ပြိုင်ခဲ့စဉ်အတွင်းထရန့်သည် အမေရိကန်ပြည်ထောင်စုကို မျှတမှု မရှိစွာပြုမူခံနေရကြောင်း ပြောကြားခဲ့သည်။ အမေရိကန် ဒုံးကျည်ကာကွယ်ရေးစနစ်အကြောင်းကို ဥပမာပေးလျက် ယင်းအတွက်ကုန်ကျစရိတ်ကို အမေရိကန်က ကျခံရမည်မဟုတ်ဘဲ တောင်ကိုရီးယားက ကျခံသင့်ကြောင်း ထရန့်က ကိုးကားပြောဆိုခဲ့သည်။

နောက်ထပ် ဆွေးနွေးသွားရန်ရှိသည့် ခေါင်းစဉ်ကြီးတစ်ခုမှာ ကုန်သွယ်ရေးဖြစ်သည်။ နှစ်နိုင်ငံလုံးသည် ၂၀၁၂ ခုနှစ် ကုန်သွယ်ရေးစာချုပ်ကို ပြန်လည်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သွားကြရန် ပြီးခဲ့သည့် လက သဘောတူညီခဲ့ကြသည်။ အမေရိကန်အနေဖြင့် တောင်ကိုရီးယားနိုင်ငံနှင့် ကုန်သွယ်ရေးဆိုင်ရာလိုငွေပြမှုမှာလည်း ယခုအခါနှစ်ဆခန့်ဖြစ်လာခဲ့ကြောင်း အမေရိကန်က ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**




# ဗီယက်နမ် မုန်တိုင်းကြောင့် အေပက် ထိပ်သီး အစည်းအဝေး နှောင့်နှေးမှု မရှိရေး တာဝန်ရှိသူများစီမံ




မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးသွားသော နေရာအချို့ကို တွေ့ရစဉ်

**ဟန္တိုင်း နိုဝင်ဘာ ၇**

ဗီယက်နမ် အလယ်ပိုင်းနှင့် အလယ်ပိုင်းကုန်းမြင့်ဒေသများတွင် ဒမ်မရီတိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် သေဆုံးသူ ၄၄ ဦးနှင့် ပျောက်ဆုံးသူ ၁၉ ဦးရှိလာပြီဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ သဘာဝအန္တရာယ်ကြိုတင်တားဆီးရေးနှင့် ထိန်းချုပ်ရေးဗဟိုကော်မတီက နိုဝင်ဘာ ၇ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

သေဆုံးသူများထဲတွင် အလယ်ပိုင်း ခန့်ဝါပြည်နယ်မှ ခုနစ်ဦး၊ အလယ်ပိုင်း ကွမ်ငိုင်ပြည်နယ်မှ လေးဦး၊ အလယ်ပိုင်း ဘင်ဒင်ပြည်နယ်မှ သုံးဦး၊ အလယ်ပိုင်းကုန်းမြင့်ဒေသ လမ်ဒေါင်ပြည်နယ်မှ သုံးဦး၊ အလယ်ပိုင်း ဖူးရန်ပြည်နယ်မှ တစ်ဦး၊ အလယ်ပိုင်းကုန်းမြင့်ဒေသ ခွန်တန်ပြည်နယ်မှ တစ်ဦး၊ အလယ်ပိုင်းကုန်းမြင့်ဒေသ ဒက်ခ်လက်ခ်ပြည်နယ်မှ တစ်ဦးနှင့် အခြားသေဆုံးသူ လေးဦးမှာ မည်သည့်နေရာမှဖြစ်ကြောင်း ထုတ်ပြန်ကြေညာနိုင်ခြင်း မရှိသေးပေ။

ဒမ်မရီမုန်တိုင်းဒဏ်ကြောင့် သင်္ဘောနှင့်လှေ စုစုပေါင်း ၁၂၈၆စင်း နစ်မြုပ်သို့မဟုတ် ပျက်စီးသွားကြောင်း သိရသည်။ ပျောက်ဆုံးသူများအနက် အချို့မှာ မုန်တိုင်းဒဏ်နှင့် လှိုင်းဒဏ်ခံစားခဲ့ရသော သင်္ဘောများဖြစ်နိုင်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ ဒါနန်မြို့၌ နိုဝင်ဘာ ၆ ရက်မှ ၁၁ ရက်အထိကျင်းပနေသည့် အာရှပစိဖိတ်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အေပက်အစည်းအဝေးသည်လည်း မိုးရေကြီးမှုကြောင့် နှောင့်နှေးမည်ကို စိုးရိမ်နေရသည်။ သို့သော်လည်း အေပက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာမည့် သက်ဆိုင်ရာ တာဝန်ရှိသူများအတွက် ချက်ချင်းတုံ့ပြန်ဖြေရှင်း ဆောင်ရွက်ကူညီနိုင်ရန် မြို့တော်တာဝန်ရှိသူများက စီမံဆောင်ရွက်ထားကြောင်း ဒါနန်စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဌာနမှ ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## ဒုံးကျည် ပစ်ခတ်မှု မလုပ်ဆောင်ခဲ့ဟု အီရန်ငြင်းဆို

**တီဟီရန် နိုဝင်ဘာ ၇**

ဆော်ဒီအာရေဗျမြို့တော် ရီယာ့ဒ်သို့ တိုက်ချင်းပစ်ဒုံးကျည်ဖြင့် ပစ်ခတ်မှုတွင် အီရန်ပါဝင်ပတ်သက်နေသည်ဟု စွပ်စွဲထားမှုကို အီရန်အာဏာပိုင်များကငြင်းဆန်ခဲ့ကြောင်း သိရသည်။ အီရန်က ယီမင်ရှိစစ်သွေးကြွများသို့ စစ်လက်နက်များ ထောက်ပံ့ပေးနေသည်ဟု ဆော်ဒီက စွပ်စွဲခဲ့ပြီးနောက်တွင် အီရန်က ယင်းစွပ်စွဲချက်များကို ငြင်းဆန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယီမင်၌ ဆော်ဒီ ဦးဆောင်သည့် မဟာမိတ်အင်အားစုများက လေကြောင်းမှ ဆက်လက်တိုက်ခိုက်နေပြီး အရပ်သားသေဆုံးမှုများလည်း ပိုမိုမြင့်တက်လာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကျူးဘားနိုင်ငံ နာမည်ကြီး ကမ်းခြေတစ်ခု၌ ငါးမန်းကိုက်ခံရသဖြင့် လူတစ်ဦး သေဆုံး

**ဟာဗားနား နိုဝင်ဘာ ၇**

ကျူးဘားနိုင်ငံအရှေ့ပိုင်းတွင် ငါးမန်းကိုက်ခံရမှုကြောင့် အသက် ၂၂နှစ်အရွယ် အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း ပြည်တွင်းမီဒီယာများတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

ကျူးဘားနိုင်ငံအရှေ့ပိုင်း ဟောဂင်ပြည်နယ်ရှိ ထင်ရှားသော ဂါဒါလာဗက်ကာ ကမ်းခြေတွင် ရေကူးနေစဉ် မထင်မှတ်ဘဲ ငါးမန်းကိုက်ခံခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါနေရာမျိုးတွင် ယခင်က ထိုသို့ ငါးမန်းကိုက်ခံရသည့် ဖြစ်ရပ်မျိုးမရှိခဲ့ကြောင်း ငါးမန်းကိုက်ခံရသည့်အချိန်တွင် အဆိုပါကမ်းခြေမှ သိပ်မဝေးသောနေရာတစ်ခုတွင် စုံတွဲသုံးတွဲ ရေကူးနေခဲ့ကြောင်း ဒေသတွင်း သတင်းများတွင် ဆက်လက်ဖော်ပြခဲ့သည်။

ငါးမန်းကိုက်ခံရသော အမျိုးသားကို နီးစပ်ရာဆေးပေးခန်းသို့ ပို့ဆောင်ခဲ့ကြောင်း၊ သို့သော်လည်း အဆိုပါအမျိုးသားမှာ ငါးမန်းကိုက်ခံရသောဒဏ်ရာကြောင့် ဆေးရုံသို့ မရောက်မီ သွေးထွက်လွန်ကာ သေဆုံးခဲ့ကြောင်း သိရသည်။

ငါးမန်းကိုက်ခံရသော လူနာ၏ဘယ်ဘက်ပေါင်ရှိ ဒုတိယအကြီးဆုံး သွေးလွှတ်ကြောပေါက်ခဲ့သောကြောင့် ထိုသို့ သေဆုံးခဲ့ကြောင်း ၎င်းကို ကြည့်ရှုခဲ့သည့် ဆရာဝန်ဖြစ်သူ အန်းရစ်ရယ်မီဒီယိုကွန်တစ်က ပြောခဲ့သည်။

ဂါဒါလာဗာကာ ကမ်းခြေသည် ကျူးဘားနိုင်ငံ၏ ထိပ်တန်းအပန်းဖြေစခန်းငါးခုအနက်တစ်ခုဖြစ်ကြောင်း သိရသည်။

ဒေသခံအာဏာပိုင်များက အဆိုပါဖြစ်ရပ်သည် ကြုံတောင့်ကြုံခဲကိစ္စရပ်တစ်ခုဖြစ်ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**



# နိုင်ငံတကာ သတင်းတိုထွာ

## ဆော်ဒီအာရေဗျ၌ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ဆော်ဒီမင်းသားတစ်ပါးနှင့် အစိုးရအရာရှိများ သေဆုံး

**ရီယာ့ဒ် နိုဝင်ဘာ ၇**

ဆော်ဒီအာရေဗျနိုင်ငံ နယ်စပ်မြို့ဖြစ်သော အာဆာမြို့အနီးတွင် ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ဆော်ဒီမင်းသား မန်ဆောဘင်မိုဂရမ် သေဆုံးသွားကြောင်း၊ မင်းသားနှင့်အတူ အခြားအစိုးရအရာရှိများလည်း ရဟတ်ယာဉ်ပျက်ကျမှုတွင် ပါဝင်သွားခဲ့ကြောင်း ဒေသတွင်း သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

အဆိုပါ ရဟတ်ယာဉ်ပျက်ကျမှု အပေါ် တရားဝင် အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ကြေညာခြင်း မပြုသလို ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါသွားသူများ၏ အကြောင်းကိုလည်း ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

**ဆင်ဟွာ**

## ဆီးရီးယားနိုင်ငံ၌ ကားဗုံးဖောက်ခွဲမှု ဖြစ်ပွား အရပ်သား ၇၅ ဦး သေဆုံး

**ဒမတ်စကတ် နိုဝင်ဘာ ၇**

ဆီးရီးယားနိုင်ငံ အရှေ့ပိုင်း Deir ez-Zorj မြို့၌ လွန်ခဲ့သောရက်က ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ အရပ်သား ၇၅ ဦး သေဆုံးခဲ့ပြီး ၁၄၀ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းသတင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

အဆိုပါတိုက်ခိုက်မှုသည် Deir ez-Zorj မြို့မြောက်ပိုင်း စစ်ဆေးရေးဂိတ်တစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုသည် ဒုက္ခသည်စခန်းတည်ရှိရာတွင်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ တိုက်ခိုက်သူများသည် ပေါက်ကွဲစေနိုင်သော ပစ္စည်းများကို ကားအပြည့်တင်ဆောင်ပြီး ဒုက္ခသည်စခန်းအတွင်း မောင်းနှင်ဝင်ရောက်ကာ ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့အခြေစိုက် ဆီးရီးယားနိုင်ငံ လူ့အခွင့်အရေးလေ့လာရေးအဖွဲ့က ယင်းတိုက်ခိုက်မှုသည် အိုင်အက်စ်အစွန်းရောက် အကြမ်းဖက် အဖွဲ့အစည်းများ၏ လက်ချက်ဖြစ်သည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

Deir ez-Zorj မြို့သည် အိုင်အက်စ်တို့၏ လက်အောက်သို့ သုံးနှစ်ကြာ ကျရောက်ခဲ့သည့် မြို့ဖြစ်ပြီး ယခုအခါတွင် ဆီးရီးယားနိုင်ငံ အစိုးရက ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံ စစ်ဘက်က ယခုအခါ Deir ez-Zorj မြို့ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

**ဆင်ဟွာ**

# အစွမ်းထက်မြက် အာဏာစက်ဖြင့် ဆော်ဒီကိုကိုင်လှုပ်သူ

**ကလျာမိုးမြင့်**



ဆော်ဒီအာရေဗျမှာ ထင်ရှားကျော်စောတဲ့ သန်းကြွယ်ရင်းနှီးမြှုပ်နှံသူ မင်းသား အယ်လ်ဝါလီဘင်တယ်လယ်နဲ့ အခြားမင်းသား ၁၀ ဦး၊ ဝန်ကြီးလေးဦးနဲ့ ဝန်ကြီးဟောင်းလေးဦး ထက်မနည်းကို စနေနေ့ညမှာ ဖမ်းဆီးလိုက်ကြောင်း ကြေညာခဲ့ပါတယ်။ မင်းသားတွေကို ဖမ်းဆီးလိုက်ကြောင်း ကြေညာချက်ကို ဆော်ဒီနိုင်ငံပိုင် Al Arabiya ရုပ်သံကနေ ကြေညာခဲ့တာဖြစ်ပါတယ်။

မင်းသား ဘင်တယ်လယ်ကို ဖမ်းဆီးလိုက်ခြင်းက ဆော်ဒီဘုရင့်နိုင်ငံတော်နဲ့တကွ ကမ္ဘာ့အကြီးစားငွေကြေးအချက်အချာနိုင်ငံတွေအားလုံးကို အကြီးအကျယ်တုန်လှုပ်သွားစေခဲ့ပါတယ်။

မင်းသား ဘင်တယ်လယ်ဟာ အရှေ့အလယ်ပိုင်းဒေသရဲ့ အချမ်းသာဆုံး ပုဂ္ဂိုလ်တစ်ဦးပါ။ ဒေါ်လာ ၁၈ ဒသမ ၇ ဘီလီယံ ပိုင်ဆိုင်ပြီး အသက် ၆၂ နှစ်ရှိပြီဖြစ်တဲ့ ဆော်ဒီမင်းသား အလ်ဝါလီ ဘင်တယ်လယ်ဟာ Twitten Citigroup စတဲ့ နိုင်ငံတကာကုမ္ပဏီများစွာမှာ ရှယ်ယာတွေ ပိုင်ဆိုင်ထားတဲ့ သန်းကြွယ်သူဌေးဖြစ်ပါတယ်။ အာရပ်ကမ္ဘာတစ်လွှားမှာ စောင့်ကြည့်နေကြတဲ့ ဂြိုဟ်တုရုပ်မြင်သံကြားကွန်ရက်ကို ထိန်းချုပ်နေတဲ့သူလည်း ဖြစ်ပါတယ်။

ဆော်ဒီဘုရင်ရဲ့ သားလည်းဖြစ်၊ ထိပ်တန်းအကြံပေး ပုဂ္ဂိုလ်လည်းဖြစ်တဲ့ ဆော်ဒီအိမ်ရှေ့မင်းသားအနေနဲ့ လုပ်ပိုင်ခွင့်အာဏာ ပိုမိုရရှိလာချိန်အတွင်းမှာ ခုလိုအပြောက်အမြား ဖမ်းဆီးမှုကြီးတစ်ခု ပေါ်ထွက်လာခဲ့တာပါ။ ဩဇာအာဏာကြီးထွားလာတဲ့ ဆော်ဒီအိမ်ရှေ့ မင်းသားမိုဟာမက် ဘင်ဆယ်လ်မန်ဟာ နိုဝင်ဘာ ၄ ရက်နေ့မှာ အကျင့်ပျက်ခြစားမှု နှိမ်နင်းရေးကော်မရှင်သစ်တစ်ခုကို ဖွဲ့စည်းလိုက်ပါတယ်။ ကော်မရှင်ဖွဲ့စည်းလိုက်ကြောင်း အမိန့်ထုတ်ပြန်လိုက်ပြီး ချက်ချင်းဆိုသလိုပဲ ယခုလို နှိမ်နင်းဖမ်းဆီးမှုတွေ ဆက်တိုက်ပေါ်ထွက်လာခဲ့တာ ဖြစ်ပါတယ်။

အသက် ၃၂ မှာ ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မန်ဟာ ဆော်ဒီနိုင်ငံရဲ့စစ်ရေး၊ နိုင်ငံခြားရေး၊ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာ မူဝါဒပိုင်းတွေမှာ တော်တော်လေးကို ဩဇာလွှမ်းမိုးလာခဲ့ပြီး ငယ်ရွယ်တဲ့ အသက်အပိုင်းအခြားတစ်ခုမှာ ပုဂ္ဂိုလ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာတွေ အမြောက်အမြား ပေးအပ်ထားခြင်းခံရတဲ့သူဆိုပြီး တော်ဝင်ဘုရင့်မိသားစုအတွင်းမှာ မကျေမနပ်ရေရွတ်သံတွေကို ပေါ်ပေါက်လာစေခဲ့တဲ့ မင်းသားတစ်ပါးပဲ ဖြစ်ပါတယ်။

နိုင်ငံပိုင်ရုပ်သံ Al Arabiya က အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကော်မတီဟာ အကျင့်ပျက်ခြစားတယ်လို့ ထင်ရတဲ့မည်သူကိုမဆို စုံစမ်းစစ်ဆေးခွင့်၊ ဖမ်းဆီးခွင့်၊ ခရီးသွားလာမှုကို ပိတ်ပင်ခွင့်နဲ့ ရပ်တန့်အောင် လုပ်ပိုင်ခွင့်ရှိတယ်လို့ ဖော်ပြထားပါတယ်။

ရီယာ့ဒ်မှာရှိတဲ့ တော်ဝင်ဟိုတယ် Ritz Carlton ကို ပြီးခဲ့တဲ့စနေနေ့က နေရာရှင်းလင်းခဲ့ပြီး ဖမ်းဆီးထားတဲ့ တော်ဝင်မိသားစုဝင်တွေကို ထားရှိဖို့အတွက်အသုံးပြုမယ်လို့ ကောလာဟလတွေလည်း ပျံ့နှံ့ခဲ့ပါတယ်။ ပုဂ္ဂလိကလေယာဉ်ပြေးဆွဲတဲ့ လေဆိပ်တွေကိုလည်း ပိတ်ထားခဲ့ပြီး အိမ်ရှေ့မင်းသားက ဒီထက်ပိုပြီး ဖမ်းဆီးမှုတွေ မလုပ်ခင် ချမ်းသာကြွယ်ဝသူတွေ လေကြောင်းကနေ ထွက်ပြေးမသွားနိုင်အောင် ပိတ်ဆို့တားဆီးဖို့ လုပ်ဆောင်နေခြင်းဖြစ်တယ်လို့ ခန့်မှန်းပြောဆိုသံတွေ ထွက်ခဲ့ပါတယ်။

အသစ်ဖွဲ့စည်းလိုက်တဲ့ အကျင့်ပျက်ခြစားမှုနှိမ်နင်းရေးကော်မရှင်ရဲ့ ရည်ရွယ်ချက်ကတော့ ပြည်သူ့ဘဏ္ဍာငွေတွေကို ထိန်းသိမ်းဖို့၊ အကျင့်ပျက်ခြစားသူတွေ လုပ်ပိုင်ခွင့် အာဏာကို အသုံးပြုပြီး ကိုယ်ကျိုးရှာသူတွေကို အပြစ်ပေးဖို့ဖြစ်တယ်လို့ Saudi Press သတင်းဌာနက ဖော်ပြခဲ့ပါတယ်။ ယခု ဖမ်းဆီးမှုအတွင်းမှာ အဖမ်းခံလိုက်ရတဲ့သူတွေဟာ ထိပ်တန်းပုဂ္ဂိုလ်တွေချည်းပါပဲ။

ဆော်ဒီရဲ့ နိုင်ငံရေး၊စီးပွားရေးတွေမှာ ဦးဆောင်နေတဲ့သူတော်တော်များများ အဖမ်းခံလိုက်ရတာပါ။ လက်ရှိစီးပွားရေးဝန်ကြီး အဒဲလ်ဖာကီယာနဲ့ ဆော်ဒီအာရ်ရမ်ကို ရေနံကုမ္ပဏီ ဒါရိုက်တာ အီဘရာဟင်အယ်လ်အာဆစ်ဖ်တို့လည်း ပါဝင်ပါတယ်။

ဆော်ဒီအိမ်ရှေ့မင်းသားရဲ့မြန်ဆန်တဲ့အာဏာရရှိလာမှုဟာ ဆော်ဒီကို ပြိုကွဲမှုတွေ ဖြစ်လာစေခဲ့ပါတယ်။ အများစုကတော့ ၎င်းဟာ စီးပွားရေး ပြဿနာတွေနဲ့ရင်ဆိုင်နေရတဲ့ ဘုရင့်နိုင်ငံတော်ကို ရေနံကိုမှီခိုအားထားနေရမှုကနေလွှန်မြောက်အောင် စီစဉ်နေတဲ့ သူအဖြစ် လက်ခုပ်ဩဘာ ပေးချီးမွမ်းခဲ့ကြတယ်။

> “ ဆော်ဒီအိမ်ရှေ့မင်းသားရဲ့မြန်ဆန်တဲ့အာဏာရရှိလာမှုဟာ ဆော်ဒီကို ပြိုကွဲမှုတွေ ဖြစ်လာစေခဲ့ပါတယ်၊ အများစုကတော့ ၎င်းဟာ စီးပွားရေး ပြဿနာတွေနဲ့ ရင်ဆိုင်နေရတဲ့ ဘုရင့်နိုင်ငံတော်ကို ရေနံကို မှီခိုအားထားနေရမှုကနေ ကျော်လွှန်မြောက်အောင် စီစဉ်နေတဲ့သူအဖြစ် လက်ခုပ်ဩဘာ ပေးချီးမွမ်းခဲ့ကြတယ်”

ရှေးရိုးစွဲကျင့်သုံးမှုတွေရှိတဲ့ ဆော်ဒီနိုင်ငံအတွင်းမှာ ခေတ်မီပွင့်လင်းတဲ့ ပြုပြင်ပြောင်းလဲရေးသမား တစ်ဦးအနေနဲ့ လူငယ်တွေကြားမှာ ရေပန်းစားခဲ့ပြီး ဆော်ဒီအမျိုးသမီးတွေကို ကားမောင်းခွင့်ပေးခြင်းလိုမျိုး သိသာထင်ရှားတဲ့ ပြုပြင်ပြောင်းလဲမှုတွေကိုလည်း လုပ်ဆောင်ခဲ့သူဖြစ်ပါတယ်။

တချို့ကတော့ မင်းသားမိုဟာမက်ဟာ အတင့်ရဲပြီး မထီမဲ့မြင်ပြုတတ်သူ၊ အာဏာရူးရူးနေတဲ့သူ၊ ဘာအတွေ့အကြုံရင့်ကျက်မှုမှမရှိတဲ့သူအဖြစ် မကောင်းမြင်ခဲ့ကြပြီး ဆွေမျိုးတွေရဲ့ အရှိန်အဝါကို သုံးပြီး တော်ဝင်မိသားစုအတွင်းမှာ အာဏာအကြီးအကျယ် အာဏာသွေးနေတဲ့သူအဖြစ် သိက္ခာချခဲ့ကြပါတယ်။

မင်းသားဟာပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်မှာ ၎င်းသေဆုံးပြီးနောက် အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံကိုပရဟိတ အဖွဲ့အစည်းကို လှူဒါန်းမယ်လို့ ကတိပြုခဲ့ပါတယ်။ ဆော်ဒီအာရေဗျရဲ့ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကော်မတီဟာ မင်းသားရဲ့ အမွေတွေကို နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းဖို့ ကြိုးစားနေတာ ဟုတ်မဟုတ်ဆိုတာ ရှင်းရှင်းလင်းလင်းပြောလို့မရဘူးလို့ တချို့က ဝေဖန်နေကြပါတယ်။

ဆော်ဒီအာရေဗျနိုင်ငံဟာ သက်ဦးဆံပိုင်ဘုရင်စနစ်နဲ့အုပ်ချုပ်တဲ့နိုင်ငံဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းထားခြင်းမရှိသလို ပါလီမန်လွှတ်တော် နဲ့ တရားရုံးတွေလိုမျိုး လွတ်လပ်တဲ့ အစိုးရအဖွဲ့အစည်းတွေလည်း မရှိပါဘူး။

ဒါကြောင့် အကျင့်ပျက်ခြစားမှုတွေနဲ့ပတ်သက်ပြီး စွပ်စွဲထားတာတွေကို အကဲဖြတ်ဖော်ထုတ်ဖို့လည်း ခက်ခဲတဲ့အုပ်ချုပ်ရေးစနစ်ပါ။ ပြည်သူ့ဘဏ္ဍာငွေနဲ့ တော်ဝင်ဘုရင့်မိသားစုရဲ့ကြွယ်ဝချမ်းသာမှုကို ရှင်းရှင်းလင်းလင်း ပိုင်းခြားကန့်သတ်ထားတာမျိုးလည်း မရှိပါဘူး။

ဒါ့အပြင် တခြားနိုင်ငံတွေက ထောက်ပြနေကြတဲ့ အကျင့်ပျက်ခြစားမှုတွေကလည်း နိုင်ငံအတွင်းမှာ တော်တော်လေး ပျံ့နှံ့ကြီးစိုးလာနေပါတယ်။

ဆော်ဒီဘုရင်ဟာ ၂၀၁၅ ခုနှစ်မှာ သူ့ရဲ့အချစ်ဆုံးသား အိမ်ရှေ့မင်းသား မိုဟာမက်ကို ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ပါတယ်။ ယခုနှစ်အစောပိုင်းမှာ ဆော်ဒီဘုရင်မင်းမြတ်ဟာ သူ့ရဲ့တူဖြစ်သူ မင်းသား မိုဟာမက်ဘင်နာယက်ဖ်ကို ပြည်ထဲရေးဝန်ကြီးဌာနအကြီးအကဲအဖြစ်ကနေ ဖယ်ရှားလိုက်ပြီး အကျယ်ချုပ်ဖမ်းဆီးထားခဲ့သလို ပြည်ထဲရေးဝန်ကြီးဌာနရဲ့ တပ်ဖွဲ့တွေအပေါ်မှာ အိမ်ရှေ့မင်းသားကို ဩဇာတိက္ကမကြီးထွားလာစေခဲ့ပါတယ်။

အဲဒီ အဖြစ်အပျက်တွေပြီးတဲ့နောက်မှာတော့ ဆော်ဒီဘုရင် ဆော်လမွန်နဲ့ ၎င်းရဲ့ အချစ်တော်မင်းသားမိုဟာမက်တို့ဟာ မကြာခင်မှာ နိုင်ငံရဲ့တတိယမြောက်တပ်မတော်အင်အားစုရဲ့အကြီးအကဲ မင်းသားမုတိုက်ဘ်ကို အတိုက်အခံ ဆန့်ကျင်မှုတွေ ဆက်လုပ်လာဦးမယ်လို့ သတင်းတွေထွက်ပေါ်လျက်ရှိနေပါတယ်။

**နယူးယောက်တိုင်းမ်**

# ဘီအိုင်အေ ထားဝယ်မြို့သိမ်း အလံတိုင်

**မောင်စိမ်းထွေး(ထားဝယ်)**



မြန်မာ့မြေပေါ်တွင် အစောဆုံး စိုက်ထူခဲ့သော ဘီအိုင်အေ ထားဝယ်မြို့သိမ်း အလံတိုင်ကို ထားဝယ်မြို့မှ အရှေ့စူးစူး ထိုင်းနိုင်ငံ ဘက်ခြမ်းသို့ ၂၈ မိုင်အကွာ တောင်သုံးလုံးရွာထိပ် ကားလမ်းမကြီးနံဘေး၌ ယနေ့ထက်တိုင် မားမားစွင့်စွင့် အထင်ကရ တွေ့မြင်နိုင်ပါသည်။ ယင်းမြို့သိမ်း အလံတိုင်၏ အင်္ဂတေခုံတုံး အရှေ့မျက်နှာစာတွင် '၁၃၀၃ ခု တပို့တွဲလဆန်း ၄ ရက်နေ့တွင် သိမ်းပိုက်သည်' ကမ္ပည်းစာတန်းရေးထိုးထားသည်။ ယင်း စာတမ်းပါနေ့စွဲမှာ ဘီအိုင်အေက ထားဝယ်မြို့ကို သိမ်းပိုက်သောနေ့ ခရစ် ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁၉ ရက် တနင်္လာနေ့ဖြစ်သည်။ မြို့သိမ်းအလံတိုင်ကို ဘီအိုင်အေထားဝယ် စစ်ကြောင်းမှ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်ညဏဦးဆောင်၍ ဘီအိုင်အေတပ်မှူးများနှင့် တပ်ဖွဲ့ဝင်တို့က အမှတ်တရစိုက်ထူခဲ့ခြင်းဖြစ်သည်။

၈-၁-၁၉၄၂ နေ့တွင် ဗန်ကောက်မှ စတင်ထွက်ခွာသော ထားဝယ်စစ်ကြောင်းကို ဂျပန်တပ်မှ ဗိုလ်မှူးကြီးကာဝါရှီးမား၊ ရဲဘော် သုံးကျိပ်မှ ဗိုလ်လက်ျာတို့ ဦးစီးပြီး ဂျပန်တပ်မှူးများနှင့် ရဲဘော်သုံး ကျိပ်ဝင် ဗိုလ်လရောင်၊ ဗိုလ်ဗလ၊ ဗိုလ်ညဏ၊ ဗိုလ်မင်းရောင်၊ ဗိုလ်မြင့်အောင်တို့ ပါဝင်သည်။ ထိုင်းနိုင်ငံ ကန်ချနဘူရီ၊ ဘွန်တီး၊ ဝန်ပိုတို့ကို အဆင့်ဆင့်ဖြတ်သန်း၍ မြန်မာနယ်စပ်ဆင်ဖြူတိုင်၊ ထိုမှတနင်္သာရီမြစ်ကြောင်းအတိုင်း ချီတက်လာသော ထားဝယ်စစ်ကြောင်းသည် ၁၆-၁-၁၉၄၂ နေ့တွင်ထားဝယ်မှ ၃၄ မိုင်ဝေးသောမေတ္တာရွာ (ယခုမေတ္တာမြို့နယ်ခွဲ)သို့ ရောက်ရှိသည်။

မေတ္တာရွာ တစ်ဖက်ကမ်း ဘန်းချောင်းကမ်းနဖူးထိပ်၌ ဗြိတိသျှဘားမားရိုင်ဖယ်တပ်ရင်း ၆ ရှေ့ကာကင်းနှင့် ဗွေဆော်ဦးတိုက်ပွဲဖြစ်ပွားသည်။ နှစ်နာရီကြာအပြင်းအထန် တိုက်ခိုက်ကြပြီးနောက် ယင်းနေ့မှာပင် မေတ္တာရွာကို သိမ်းပိုက်သည်။ ဆက်လက်၍ မေတ္တာရွာနှင့် တောင်သုံးလုံး ရွာအကြားရှိ ဗြိတိသျှခံစစ်စခန်းများကို တိုက်ခိုက် ရှင်းလင်းပြီး ၁၇-၁-၁၉၄၂ နေ့တွင် မိုင်တိုင် ၂၈ တောင်သုံးလုံးနှင့် သတ္တုတွင်းနယ်မြေကို အုပ်စီးသိမ်းယူနိုင်ခဲ့သည်။ ၁၈-၁-၁၉၄၂ နေ့တွင် တောင်သုံးလုံးမှ ထားဝယ်သို့ အပြင်း ချီတက်၍ အင်္ဂလိပ်အုပ်ချုပ်မှုအောက်ရှိ ထားဝယ်မြို့ကို ၁၉-၁-၁၉၄၂ နေ့လယ်တွင်အောင်မြင်စွာသိမ်းပိုက်သည်။

ဗိုလ်ညဏတပ်ဖွဲ့မှာ စစ်ကြောင်းနှင့်အတူ ရှေ့သို့ချီတက်လိုက်ပါခြင်းမပြုရဘဲ ထိုင်းနိုင်ငံဘွန်တီးစခန်း၌ စုပုံကျန်ရစ်သော လက်နက်ခဲယမ်းများကို သွားရောက် သယ်ဆောင်ယူရန် တာဝန်ဖြင့် တောင်သုံးလုံး၌ ကျန်ရစ်ခဲ့ပေသည်။ ဗိုလ်ညဏသည် သတ္တုမိုင်းဘန်ဂလိုကို စခန်းရုံးဖွင့်ကာ ဘီအိုင်အေတပ်သားသစ်စုဆောင်းခြင်း၊ စစ်သင်တန်းပေးခြင်း၊ ရိက္ခာဖြည့်ဆည်းခြင်းတို့ကို ဇောက်ချလုံးပန်းလေသည်။ ထိုကဲ့သို့ ဘီအိုင်အေ တပ်သားသစ်စုဆောင်းခြင်းမှာ မြန်မာပိုင်နက်နယ်မြေအတွင်း ပထမဦးဆုံးဖြစ်သည်။

ဗိုလ်ညဏတပ်သို့ တောင်သုံးလုံးစခန်း အနီးပတ်ဝန်းကျင်မှ ရွာသားများ၊ သတ္တုတွင်းလုပ်သားများ၊ ရော်ဘာခြံအလုပ်သမားများ စုစုပေါင်းတပ်သား ၇၀၀ ကျော် စုစည်းဝင်ရောက်လာကြောင်း မှတ်တမ်းများ၌ ဖော်ပြထားသည်ကို တွေ့ရှိရသည်။ သို့ဖြစ်၍ တောတောင်ထူထပ်ပြီး ငှက်ဖျားပိုးနှင့် သားရဲတိရစ္ဆာန်ပေါများသော တနင်္သာရီရိုးမတောင်တန်းကြီးကို ကျော်ဖြတ်၍ ဘွန်တီးစခန်းမှ ဘီအိုင်အေအတွက် လက်နက်ခဲယမ်းအမြောက်အမြားကို လူအင်အားဖြင့် ခဲရာခဲဆစ် နှစ်ခေါက်တိတိအလျင်အမြန် သယ်ယူနိုင်ခဲ့ပေသည်။

တောင်သုံးလုံးတွင် စခန်းရုံးဖွင့် အခြေပြု နေစဉ် အတောအတွင်း ဗိုလ်ညဏ၏ တပ်ဖွဲ့ဝင်များနှင့် ဒေသခံမျိုးချစ်များက နယ်ချဲ့ဗြိတိသျှကို တိုက်ခိုက်ချေမှုန်းအောင်ပွဲခံသည့် အထိမ်းအမှတ်အဖြစ် ထားဝယ်မြို့သိမ်း အလံတိုင်ကို စိုက်ထူခဲ့ပေသည်။ သတ္တုတွင်းသုံး ကြီး စဉ်ငယ်လိုက်အရွယ် အစားသံမဏိပိုက်လုံး ငါးလုံးကို တစ်လုံးနှင့် တစ်လုံးထိပ်ဝချင်းဆက် အံဝင်ခွင်ကျ စွပ်သွင်းပြီးခိုင်ခံ့အောင် သံဂဟေဆော်ကာ အင်္ဂတေခုံတုံးပေါ်တွင် စိုက်ထူထားသည်။

အင်္ဂတေခုံတုံးမှာ ကြီးစဉ်ငယ်လိုက် အဆင့်ကိုးဆင့်ရှိ၍ ၉ ပေ ၆ လက်မ မြင့်သည်။ ၁၀၈ ပေအမြင့်ရှိသော မြို့သိမ်းအလံတိုင်ကြီး ယိမ်းယိုင်မသွားစေရန် သံမဏိ ဆိုင်းကြိုးလေးကြိုးဖြင့် ဆိုင်းထားပြီး ဆိုင်းကြိုးအား မြေပြင်တွင် သံကွင်းငုတ်တိုင်နှင့် အသေရိုက်ထားသည်။ အောက်ဆုံး အကြီးဆုံး သံမဏိပိုက်လုံး၏ လုံးပတ် ၁ ပေ ၁၀ လက်မရှိသည်။

ထိုမြို့သိမ်းအလံတိုင် စိုက်ထူပြီးနောက် သုံးရောင်ခြယ်အလယ်၌ ဒေါင်းပုံ တို့ဗမာအလံကို လွှင့်ထူလျက် ဗိုလ်ညဏ ကိုယ်တိုင်တပ်သားသစ် ၃၀၀ ကျော်အား ကာလတိုအတွင်း အပြင်းအထန် စစ်သင်တန်းပေးခဲ့သည်ဟု သိရသည်။

ဘီအိုင်အေထားဝယ်မြို့သိမ်းအလံတိုင်သည် ယခုအခါ သက်တမ်းအားဖြင့် ၇၅ နှစ်(စိန်ရတု)ရောက်ရှိပေပြီ။ မြန်မာ့မြေပေါ်အစောဆုံးနှင့် ပထမဦးဆုံးစိုက်ထူခဲ့သော ဘီအိုင်အေ ထားဝယ်မြို့သိမ်းအလံတိုင်ကြီးကား မြန်မာနိုင်ငံတွင် ဘီအိုင်အေ (BURMA INDEPENDENCE ARMY) ကို ပထမဆုံး မော်ကွန်းထိုး မှတ်တမ်းတင်ထားသည့် မြန်မာ့လွတ်လပ်ရေး သမိုင်းဝင်မှတ်တိုင်တစ်တိုင် ဖြစ်ပေသည်။ ။



> **"တောင်သုံးလုံးတွင် စခန်းရုံးဖွင့် အခြေပြုနေစဉ် အတောအတွင်း ဗိုလ်ညဏ၏ တပ်ဖွဲ့ဝင်များနှင့် ဒေသခံမျိုးချစ်များက နယ်ချဲ့ဗြိတိသျှကို တိုက်ခိုက်ချေမှုန်းအောင်ပွဲခံသည့် အထိမ်းအမှတ်အဖြစ် ထားဝယ်မြို့သိမ်း အလံတိုင်ကို စိုက်ထူခဲ့ပေသည်။ သတ္တုတွင်းသုံး ကြီးစဉ်ငယ်လိုက်အရွယ်အစား သံမဏိပိုက်လုံး ငါးလုံးကို တစ်လုံးနှင့် တစ်လုံး ထိပ်ဝချင်းဆက် အံဝင်ခွင်ကျ စွပ်သွင်းပြီး ခိုင်ခံ့အောင် သံဂဟေဆော်ကာ အင်္ဂတေခုံတုံးပေါ်တွင် စိုက်ထူထားသည်။ အင်္ဂတေခုံတုံးမှာ ကြီးစဉ်ငယ်လိုက် အဆင့် ကိုးဆင့်ရှိ၍ ၉ ပေ ၆ လက်မမြင့်သည်။ ၁၀၈ ပေ အမြင့်ရှိသော မြို့သိမ်း အလံတိုင်ကြီး ယိမ်းယိုင်မသွားစေရန် သံမဏိဆိုင်းကြိုး လေးကြိုးဖြင့် ဆိုင်းထားပြီး ဆိုင်းကြိုးအား မြေပြင်တွင် သံကွင်းငုတ်တိုင်နှင့် အသေရိုက်ထား"**

## မကွေးမြို့ပြည်သူ့ဆေးရုံကြီး၌ နှုတ်ခမ်းကွဲ၊အာခေါင်ကွဲများ အခမဲ့ ခွဲစိတ် ကုသပေး

**မကွေး နိုဝင်ဘာ ၇**

ကျန်းမာရေးဝန်ကြီးဌာန မြန်မာဘရူဝါရီ လီမိတက်၏ ကရုဏာရှေးရှုမြန်မာမှုနှင့် ဂျပန်နိုင်ငံမှ Japan Heart International Medical Volunteers Organization တို့ ပူးပေါင်း၍ မကွေးမြို့ပြည်သူ့ဆေးရုံကြီး၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား နိုဝင် ဘာ ၆ရက် မှ ၉ ရက်အထိ အခမဲ့ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကုသမှုခံယူလိုတဲ့ လူနာ၇၀ စုစည်း လို့ရပါတယ်၊ ၃ရက်နေ့ကသွေး စစ်တယ်၊ ၄ ရက်က ဆေးရုံမှာလိုအပ်တဲ့ ဆေးစစ်မှုတွေထပ်လုပ်ပါတယ်၊ စစ်ဆေးပြီး ၅၅ ယောက် ကျန်ပါတယ်၊ သီတဂူမြင့်မိုရ်စံဆေးရုံကြီးမှာ တည်းခိုဖို့စီစဉ်ပေးထားပါတယ်၊ စားသောက်ဖို့နဲ့ ခရီးစရိတ် အားလုံးလည်း ထောက်ပံ့ပေးသွားမှာပါ " ဟု မြန်မာဘရူဝါရီ လီမိတက် Corporate Communications မန်နေဂျာ ဦးမိုးဇော်က ပြောသည်။

ခွဲစိတ်ကုသရသည်မှာ အဆင်ပြေ သော်လည်း ခွဲစိတ်ပြီးသူများကို ခြောက်လအတွင်း ပြန်မကြည့်နိုင်သည့်အတွက် ပိုးမဝင်စေရန် သန့်ရှင်းမှုကို ဂရုစိုက်စေချင်ကြောင်း၊ ဂျပန်နိုင်ငံဆေးရုံများနှင့် ခွဲစိတ်ခန်းသုံးပစ္စည်းအချို့ ကွာခြားချက်ရှိသော်လည်း ကြိုးစား ခွဲစိတ်ပေးသွားမည် ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံတွင် ယခုလုပ်ငန်း စဉ်အပေါ် ကူညီချင်သူများနေပြီး နောင်နှစ်များတွင်လည်း ပြန်လာချင်ကြောင်း ဒေါက်တာ MOTOMU MAEDA, M.D.,Ph.D ကပြောသည်။

Myanmar Care's Smile Project အမည်ဖြင့် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးငယ်များကို အဓိကထား၍ အခမဲ့ခွဲစိတ်ကုသပေးသည့်အစီအစဉ်ကို ၂၀၁၀ ပြည့်နှစ်တွင်စတင်ခဲ့ပြီး ဝေဒနာရှင် ၆၀၂ ဦးကို အောင်မြင်စွာ ကုသပေးနိုင်ခဲ့ကြောင်း၊ ယခုတစ်ကြိမ် ကုသမှုအစီအစဉ်တွင် ငယ်စဉ်ကတည်းက ကုသခွင့်မရခဲ့သည့် အသက် ၄၀ အရွယ် အချို့လည်း ပါဝင်လာကြောင်း မြန်မာဘရူဝါရီလီမိတက် တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။ ကုသမှုဆိုင်ရာ စုံစမ်းလိုသူများ အနေဖြင့် မြန်မာဘရူဝါရီ လီမိတက်ရုံးစိုက်ရာ မြို့နယ်များတွင်လည်းကောင်း၊ မြန်မာဘရူဝါရီလီမိတက်၊ Corporate Communications မန်နေဂျာ ဦးမိုးဇော် ဖုန်းနံပါတ် ၀၉-၅၀၉၁၁၅၈ ဆက်သွယ်နိုင်ကြောင်း သိရသည်။



**ဇေယျတု(မကွေး)**

## ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ၂၈ လုံး ဆောက်လုပ်မည်

**နေပြည်တော် နိုဝင်ဘာ ၇**

နေပြည်တော်ကောင်စီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဝန်ကြီးဌာနပိုင်မြေများနှင့် နေပြည်တော်စည်ပင်သာယာပိုင် နယ်မြေများအတွင်း ဝန်ထမ်းအိမ်ရာအဆောက်အအုံ ၂၈ လုံးဆောက်လုပ်ခြင်း လုပ်ငန်းများကို ဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ် ခေါ်ထားကြောင်း သိရသည်။

တင်ဒါပုံစံများကို နိုဝင်ဘာ ၆ ရက်မှ ၂၀ ရက်အထိ နေပြည်တော်ကောင်စီရုံး၌ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၅ ရက်နောက်ဆုံးထား၍ တင်ဒါပုံစံများကို ပြန်လည်တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။ အိတ်ဖွင့်တင်ဒါခေါ်ယူသည့် အဆောက်အအုံများဆောက်လုပ်ရာတွင် လုပ်ငန်းများစီမံဆောင်ရွက်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းများကို အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေး ကော်မတီက ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေကုက္ကို**

# လျှပ်စစ်မီး သုံးစွဲရာတွင် အသက်အန္တရာယ် ကင်းရှင်းရေးနှင့် တန်ဖိုးရှိစွာ ခြိုးခြံချွေတာသုံးစွဲရေး ပြည်သူလူထု ပူးပေါင်း ပါဝင်သင့်

**သုံးချက်တီး(ကျောက်မဲ)**

ယနေ့မြန်မာနိုင်ငံတော်ကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ တရွေ့ရွေ့သွားနေသော ခေတ်ကာလတစ်ခု ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးလာသည်နှင့်အမျှ စက်မှုလက်မှုကဏ္ဍများ၊ လျှပ်စစ်ကဏ္ဍများ၊ လူမှုစီးပွားရေးကဏ္ဍများ အစရှိသည့် ကဏ္ဍပေါင်းစုံဟာ ခေတ်နှင့်အညီ မလွဲမသွေ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အား သုံးစွဲခြင်းကြောင့် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ဆက်သွယ်ရေး စသည့် ကဏ္ဍတို့တွင် တိုးတက်ပြောင်းလဲခဲ့ရသည်။ ထို့အပြင် နေထိုင်ပုံဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုများလည်း ပြောင်းလဲတိုးတက်လာခဲ့ပါသည်။ လျှပ်စစ်ဓာတ်အားများများ သုံးစွဲလေလေ နိုင်ငံ၏တိုးတက်မှုများ လေလေဖြစ်သည်။ စီးပွားရေးအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းရန်မှာလည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု အခြေခံများဖြင့် အခြေပြုစဉ်းစားကြသည်။ နည်းပညာအဆင့်အတန်းမည်မျှ မြင့်မားသည့်ပ ညာရပ်ဖြစ်ပါစေ လျှပ်စစ်ဓာတ်အားမရရှိပါက ထိရောက်သောပညာရပ်အဖြစ် အသုံးမပြုနိုင်ပေ။ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးစားရင်းနှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ လောကဓမ္မတာအတိုင်း အဆိုးအကောင်း ဒွန်တွဲနေတတ်တာဖြစ်သည့်အတွက် လျှပ်စစ်အန္တရာယ်ကလည်း ပိုမိုပြီးများပြားလာမှာ မုချပါ။

လျှပ်စစ်အန္တရာယ်ဆိုတာ ဘာလဲ၊ ရှင်းရှင်းလေးပါပဲ။ လျှပ်စစ်ဓာတ်အားစနစ်တစ်ခု၏ လျှပ်စစ်ပစ္စည်းတွေမှာရှိတဲ့ ဓာတ်အားကို အကြောင်းပြုပြီး လူ၊ တိရစ္ဆာန်၊ ပစ္စည်း၊ အဆောက်အအုံစတဲ့ အရာတွေ ပျက်စီးတယ်လို့ပဲဆိုချင်ပါတယ်။ လျှပ်စစ်ကြောင့် လူတွေထိခိုက်သေကျေပျက်စီးမယ်၊ ကျွဲ၊ နွား၊ ဝက်၊ မြင်းအစရှိတဲ့ တိရစ္ဆာန်တွေ လျှပ်စစ်စီးနေတဲ့ ပစ္စည်းတစ်ခုခုကို ထိမိပြီး



ခန္ဓာကိုယ်အတွင်း လျှပ်စစ်ဓာတ်အားဖြတ်သန်းစီးဆင်းသွားမှု (အရပ်အခေါ် ဓာတ်လိုက်ခြင်း)၊ လျှပ်စစ်ဝိုင်ယာတွေ Shock Circuit ဖြစ်ပြီး အပူလွန်ကဲရာမှတစ်ဆင့် ပစ္စည်းတွေကွဲမှု၊ ပျက်မှု၊ နေအိမ်တွေမီးလောင်မှုစတဲ့ အရာတွေဟာ လျှပ်စစ်အန္တရာယ်ဖြစ်တယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။

အများပြည်သူတွေအနေနှင့် လျှပ်စစ်အန္တရာယ် မဖြစ်အောင် ဘယ်လိုကာကွယ်မလဲ၊ ဘာတွေလုပ်သင့်သလဲ၊ ဘာတွေရှောင်သင့်သလဲဆိုတော့-

(၁) တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုသောပစ္စည်းများကို အရည်အသွေးကောင်းမွန်သော၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသောပစ္စည်းများကိုအသုံးပြုခြင်း၊

(၂) အကာအကွယ်ပြုပစ္စည်းများကို ကောင်းမွန်ပြည့်စုံစွာတပ်ဆင်ခြင်း၊

(၃) လျှပ်စစ်ဓာတ်အားကိုစနစ်တကျဖြင့်အသုံးပြုခြင်း၊

(၄) လျှပ်စစ်ဓာတ်အားကို အများဆုံးခံနိုင်အားထက် ပိုမိုမသုံးစွဲဘဲ နားလည်တတ်ကျွမ်းသူကို မေးမြန်းစုံစမ်းပြီးမှ အသုံးပြုခြင်း၊

(၅) တရားမဝင်ဓာတ်အားသုံးစွဲမှု မပြုလုပ်ခြင်း၊

(၆) လျှပ်စစ်ဆိုင်ရာဗဟုသုတများကို သိရှိသူများထံမေးမြန်းခြင်း၊ မိမိသိသမျှကို နီးစပ်ရာကို ပြန်လည်မျှဝေခြင်း၊

(၇) လျှပ်စစ်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို လေ့လာမှတ်သား လေးစားလိုက်နာခြင်း စတာတွေနဲ့ လျှပ်စစ်အန္တရာယ် မဖြစ်အောင် ကာကွယ်သွားကြရမှာဖြစ်ပါတယ်။

လျှပ်စစ်ကြောင့် မီးလောင်ဆုံးရှုံးမှုတွေ၊ အသက်ဆုံးရှုံးမှုများ တွေ့ရများလာပါသည်။ အနာသိလျှင် ဆေးရှိပါသည်။ နည်းသိလျှင် ကာကွယ်ရန်လွယ်ကူပါသည်။ လျှပ်စစ်ကြောင့် မီးလောင်ဆုံးရှုံးမှုများကို အဓိက သုံးသပ်ကြည့်လျှင် သုံးစွဲသည့်ပစ္စည်းနှင့် လျှပ်စစ်သုံးစွဲသူသတိပေါ့ဆခြင်း၊ လျှပ်စစ်အသိနည်းခြင်းကြောင့် ဖြစ်ပါသည်။ မီးပျက်ချိန်၊ အပြင်ထွက်ချိန်မှာ လျှပ်စစ်မိန်းခလုတ်ကိုပိတ်ခဲ့ရန် အမြဲသတိရှိနေလျှင် လျှပ်စစ်ကြောင့် မီးလောင်ဆုံးရှုံးမှုများ နည်းပါးသွားပါလိမ့်မည်။ ဆွေးမြည့်ပေါက်ပြဲသည့် ဝိုင်ယာကြိုးများကိုလည်း အမြန်ဆုံးလဲလှယ် ပြုပြင်သင့်ပါသည်။ ခန္ဓာကိုယ်မှာ ရေစိုနေချိန်၊ စွတ်စိုနေချိန်များမှာ လျှပ်စစ်ပစ္စည်းများကို ကိုင်တွယ်ရန် လုံးဝမသင့်လျော်ပါ။ အန္တရာယ်အလွန်ကြီးပါသည်။ လျှပ်စစ်ပစ္စည်းများကို ကိုင်တွယ်မည်ဆိုလျှင် ခြောက်သွေ့သောဖိနပ်စီးထားခြင်းအားဖြင့် ဓာတ်လိုက်မှုအန္တရာယ်ဖြစ်ခဲ့ရင်တောင် သင့်အသက်အန္တရာယ်ကို အထိရောက်ဆုံးကာကွယ်ပေးပါလိမ့်မည်။ ဓာတ်ကြိုးများပြတ်တောက်ခြင်းကိုတွေ့ပါက အများပြည်သူအန္တရာယ်ကင်းရှင်းစေရေး သက်ဆိုင်ရာကို အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရန် လိုပေသည်။ ဓာတ်လိုက်နေသူအား လက်ဖြင့်ဆွဲခြင်းသည် သင့်အသက်အား အန္တရာယ်ရှိစေသည့်အတွက် မလုပ်ဆောင်သင့်ပါ။ ခြောက်သွေ့သော တုတ်၊ ဝါးဖြင့်သာ အန္တရာယ်ကင်းအောင်ဆောင်ရွက်ပေးသင့်ပါသည်။ လျှပ်စစ်ပစ္စည်းများကို သုံးစွဲသည့်အခါတိုင်း လျှပ်စစ်ဓာတ်အားရှိမရှိမသိပါက လျှပ်စစ်ဓာတ်အားရှိနေသည်ဟု သဘောထားကာ သတိထား ကိုင်တွယ်ဆောင်ရွက်သင့်ပါသည်။ အနည်းငယ်သော လျှပ်စစ်အသိဖြင့် လျှပ်စစ်ကြိုးများ၊ ပစ္စည်းများကို တပ်ဆင်ပြုပြင်ခြင်း မပြုလုပ်သင့်ပါ။ နားလည်တတ်ကျွမ်းသည့် ပုဂ္ဂိုလ်၊ ဌာနသို့ ဆက်သွယ်ဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်သည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု လုံလောက်စွာမရရှိသေးသဖြင့် ပြည်သူများအနေဖြင့်လျှပ်စစ်မီးကို တန်ဖိုးရှိစွာ ခြိုးခြံချွေတာသုံးစွဲရန် လိုအပ်ပါသည်။ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု အလေအလွင့် မဖြစ်ပေါ်စေရန် ရုံးဝန်ထမ်းများအနေဖြင့် ရုံးဆင်းအိမ်ပြန်လျှင် ရုံးခန်းရှိ မီးခလုတ်များပိတ်၊ မီးပလပ်တွေဖြုတ်ခဲ့ရန် မမေ့ရန် လိုအပ်ပေသည်။ တရားမဝင်ဓာတ်အားသုံးစွဲမှုများ၊ မီတာမရှိဘဲ တရားမဝင် ဓာတ်အားချိတ်ဆက်သုံးစွဲခြင်း၊ မီတာမလည်အောင် မီတာနှေးအောင် (မီတာအားပြုပြင်ခြင်း) ပြုလုပ်၍ ဓာတ်အားသုံးစွဲခြင်း၊ မီတာမဝင်မီ နေရာမှ ဓာတ်အားသွယ်ယူ အသုံးပြုခြင်း၊ မီတာဖတ်မှုမမှန်ခြင်းများ မပြုလုပ်ရန်လိုအပ်ပါသည်။

ဓာတ်အားသုံးစွဲသူ ပြည်သူများအနေဖြင့်လည်း လျှပ်စစ်ဓာတ်အား အလေအလွင့် မဖြစ်ပေါ်စေရေးနှင့် ပတ်သက်သောအချက်များကို သိရှိရပြီဖြစ်၍ ဓာတ်အား အလေအလွင့်ဖြစ်ပေါ်မှု လျှော့နည်းရေးအတွက် သက်ဆိုင်ရာနေရာများတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်းဖြင့် ဘဏ္ဍာငွေတိုးတက်စေပြီး ဓာတ်အားသုံးစွဲမှု ပိုမိုရရှိလာမည်ဖြစ်ပါသည်။

နိုင်ငံတစ်ခု တိုးတက်ရေးအတွက် အရေးကြီးသောလျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးမှုများ တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရပိုင်းကသာမက ပြည်သူလူထုအပိုင်းကလည်း အသိရှိရှိဖြင့် ပါဝင်ပူးပေါင်းကူညီသင့်ပါကြောင်း တင်ပြအပ်ပါသည်။ ။

## ကြာအင်းကုန်းကျေးရွာ၌ ဖုန်းတာဝါတိုင်စိုက်ထူမှုကို ဒေသခံများကန့်ကွက်

**ရေတာရှည် နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ကြာအင်းကုန်းကျေးရွာ၌ မူလသတ်မှတ်ထားသောနေရာ၌မဟုတ်ဘဲ ကျေးရွာတွင်းကို ပြောင်းရွှေ့ကာ ဖုန်းတာဝါတိုင်စိုက်ထူမှုနှင့်ပတ်သက်၍ ဒေသခံရွာသားများက ကန့်ကွက်နေသည့်ကြားမှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မူလ ရွေးချယ်ထားတဲ့နေရာက ဘုန်းတော်ကြီး ကျောင်းဝင်းထဲမှာပါ ဆရာတော်က အေးအေးနေတတ်တော့ ဘာမှမပြောပါဘူး၊ အခုစိုက်တဲ့နေအိမ်ဝင်းရှင်ကကုမ္ပဏီနဲ့ညှိပြီး သူအိမ်ဝင်းထဲမှာပြောင်းရွှေ့စိုက်ဖြစ်သွားတာ၊ ဖုန်းတာဝါတိုင်တွေက အသံဆူညံတယ်၊ နှီးခါစဆို ပိုတောင်ကျယ်သေးတယ်၊ ဖုန်းတိုင် စိုက်မယ့်နေရာ ပတ်ဝန်းကျင်က အိမ်တွေနဲ့ ရွာခံတွေက ဝိုင်းကန့်ကွက်တယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးကို တင်ပြတော့ နှုတ်မိန့်နဲ့ ဒေသခံတွေ ကျေနပ်မှု



မရှိရင် လုပ်ငန်းတွေ ဆက်မလုပ်ဖို့ပြောတော့လည်း ဆက်လုပ်နေပါတယ်"ဟု ကြာအင်းကုန်းကျေးရွာနေဒေသခံ ကိုနေဇင်အောင်က ပြောသည်။

ဖုန်းတာဝါတိုင်စိုက်ထူသည့်မြေနေရာကို ကုမ္ပဏီများက တစ်လလျှင်ငွေကျပ်နှစ်သိန်းနှင့် အထက်နှစ်ရှည်မြေငှားရမ်းခ သတ်မှတ်ပေးချေကြရပြီး တစ်နှစ်စာပေးချေသည့်အတွက် အဆိုပါ အခွင့်အရေးကို ရယူလိုမှုများကြောင့် အခြားသောဒေသများတွင်လည်း ပြဿနာများဖြစ်ပေါ်ခဲ့သည်ကို စုံစမ်းသိရှိရသည်။

မူလ သတ်မှတ်ထားသည့် နေရာမဟုတ်ဘဲ ကိုက် ၁၀၀ ကျော်ဝေးသည့် ကျေးရွာအတွင်းသို့ ပြောင်းရွှေ့စိုက်ထူခြင်းကို ဒေသခံများ ကန့်ကွက်မှုနှင့်ပတ်သက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က "ကျေးရွာအုပ်ချုပ်ရေးမှူးကတစ်ဆင့် အားလုံးကို ရုံးကိုခေါ်ထားပါတယ်၊ မလုပ်ဖို့တားထားတာ ဟုတ်ပါတယ်၊ ရုံးမှာ နှစ်ဖက်တွေ့ဆုံပြီးတော့ ညှိနှိုင်းပေးမှာပါ" ဟု ပြောသည်။

ကိုလွင်(ဆွာ)



## မှူခင်း ပညာပေး ဟောပြောပွဲ ကမာရွတ်၌ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၇**

ကမာရွတ်မြို့နယ် မှုခင်းပညာပေးဟောပြောပွဲကို အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂) နှင်းဆီခန်းမ၌ အောက်တိုဘာလနောက်ဆုံးပတ်က ကျင်းပရာ မြို့နယ်ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးစောနောင်၊ ယာဉ်ထိန်းတပ်ဖွဲ့စု (၃၉)မှ ဒုတိယရဲမှူးဇော်မျိုးထွန်း၊ မူးယစ်တပ်ဖွဲ့(၄၂)မှ ရဲတပ်ကြပ်ကြီး မင်းဇော်အောင်နှင့် လူကုန်ကူးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုရဲအုပ် သက်ထွန်းအောင်တို့က ဟောပြောကြရာ ကျောင်းအုပ်ကြီး ဒေါ်ခင်ခင်နွယ် အပါအဝင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ပြီး ဆက်လက်၍ မှုခင်းပညာပေးယာဉ်ဖြင့် မှုခင်းအန္တရာယ်ပညာပေးရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ (၃၄၉)

# "မုန်းစွဲ" ရုပ်ရှင် ဇာတ်ကားကြီးရိုက်ကူးမှုအတွက် ကြိုးစားကြသူများ

**ဆရာတော်အရှင်ဆန္ဒဓိကရေးသားထားသော "အသေလှတဲ့သူ" (ဖြစ်ရပ်မှန် စာအုပ်အား) "မုန်းစွဲ"အမည်ဖြင့် 7th Sense Film Production က စီစဉ်ပြီး ဒါရိုက်တာ ဩရသ ရိုက်ကူးသွားမည်ဟု သိရသည် ။**









အဆိုပါ ဇာတ်ကားတွင် အကယ်ဒမီ နေတိုး၊ ကျော်ကျော်ဗို၊ မင်းသွေး၊ အကယ်ဒမီ ဖွေးဖွေး ၊ အေးဝတ်ရည်သောင်းနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး ဇာတ်ကား၏ အဓိကရည်ရွယ်ချက်မှာ လောကတွင် လူသားတို့ အနေဖြင့် ချစ်ခြင်းတရားကို စွဲလမ်းပြီး သေဆုံးတတ်ကြတာမျိုးမဟုတ်ဘဲ အမုန်းတရားတို့ကို စွဲလမ်းသေဆုံးကြပြီး ကွယ်လွန်သည့်အခါ နောင်ဘဝအထိ ဆိုးကျိုးတွေ ကပ်ပါတတ်ပုံကို ပြသရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကားကို နိုဝင်ဘာ ၅ ရက်မှစတင်ကာ ဂန့်ဂေါမြို့တွင် ရိုက်ကူးနေကြောင်း သိရသည်။

**နေတိုး**

လူ့ဘဝအတွက် လိုအပ်တဲ့ အသိပညာဗဟုသုတတွေပါဝင်နေတဲ့ ဇာတ်ကားတစ်ကားပါ၊ ဇာတ်ညွှန်းဖတ်ခဲ့တာ လေးကြိမ်လောက် ရှိတယ်။ ဖတ်တယ် ဆိုတာကလဲ အမှားနည်းအောင်လို့ပါ။ ဇာတ်က အထင်ကရ ဇာတ်တစ်ခုလို့ ပြောလို့ရတယ်၊ ရေးတဲ့သူကလဲ ဆရာတော်ကြီးလေ၊ ပြီးတော့ ဖြစ်ရပ်မှန်ဆိုတော့ အမှားအယွင်းပါလို့မဖြစ်ဘူး၊ ဇာတ်ညွှန်းရေးတာတောင် အချိန်ကို နှစ်နှစ်ခွဲ၊ သုံးနှစ်လောက်ယူခဲ့ရတာ၊ တစ်ခုပဲရှိတယ်၊ ဇာတ်ကားရဲ့ခက်ခဲမှုက အရင်ကားတွေလိုမဟုတ်ဘူး၊ ရိုက်ကူးရက်ကိုသတ်မှတ်ပြီးတော့မှ ပရောဂျက်ကို ပြင်ဆင်တာမဟုတ်ဘူး၊ ပရောဂျက် အစအဆုံးပြင်ဆင်ပြီးမှ ရိုက်ကူးရက်ကို သတ်မှတ်တာ၊ ဇာတ်ကားရိုက်ကူးမှု အရင်မလုပ်ဘဲ ပရီရိုတေးရှင်းကို အရင်လုပ်ပြီးမှ ပြည့်စုံပြီဆိုမှ ရိုက်ရတာပါ။

**မင်းသွေး**

အစ်ကိုနဲ့ ကျွန်တော်ပထမဆုံးတွဲပြီး သရုပ်ဆောင်ရတဲ့ ပထမဆုံး ဟဲဗီးဒရမ်မာကားတစ်ကားပါ၊ အခက်အခဲဆုံးကတော့ ညီအစ်ကို နှစ်ယောက်လုံးအနေနဲ့ ကာရိုက်တာတစ်ခုတည်းကိုပဲ နှစ်ယောက်လုံးသရုပ်ဆောင်ရမှာဆိုတော့ အဲ့ဒါကတော့ အခက်အခဲဆုံးပါပဲ။

**ဖွေးဖွေး**

ဖွေးက ဒီကားကြီးထဲမှာ မသဲအုံဆိုတဲ့ အမျိုးသမီးတစ်ယောက်နေရာကနေ သရုပ်ဆောင်ရမှာပါ၊ ကာရိုက်တာ နှစ်မျိုးလုပ်ရမယ်၊ ကာရိုက်တာအတွက် ပြင်ဆင်ရတဲ့ အပိုင်းတွေအနေနဲ့က ရှေးခေတ်အမျိုးသမီးပုံစံပေါ့နော်၊ အဝတ်အစားကအစ အားလုံးအစစအရာရာ သေချာပြင်ဆင်ခဲ့ရပါတယ်၊ ဖွေးက ငယ်ဘဝနဲ့ကတစ်မျိုး နောက်ကိုနေတိုးရဲ့ အမေနေရာကတစ်မျိုး သရုပ်ဆောင်ရမှာပါ၊ မိတ်ကပ်ကအစ အားလုံးသေချာ ပြင်ဆင်ရတယ်၊ ကိုယ့်အခန်းက ၁၆ ခန်းလောက်ပဲပါမှာဆိုပေမယ့်၊ ဖွေးအနေနဲ့ အသံပိုင်းကအစ အခုလေ့ကျင့်နေပါတယ်၊ အခက်အခဲအနေနဲ့ဆို အသံပိုင်းက နည်းနည်းတော့ အခက်အခဲရှိမယ်၊ ကိုယ်က လူလတ်ပိုင်းဆိုတော့ အမယ်အိုနေရာဆိုအသံက အခက်တွေ့တာတော့ အမှန်ပါပဲ။

**အေးဝတ်ရည်သောင်း**

ပေါက်စီဇာတ်ကားတွေပြန်ရိုက်တဲ့ အခါမှာ ပထမဆုံးပြန်ရိုက်တဲ့ ရုပ်ရှင်ဇာတ်ကားလည်းဖြစ်တယ်။ ကာရိုက်တာအရလည်း စိန်ခေါ်မှုဖြစ်တဲ့ ကာရိုက်တာဖြစ်နေတယ်။ ပထမကာရိုက်တာက ယောကျ်ားကို အရမ်းချစ်ပြီးတော့ အလိုလိုက်တယ်။ လူသတ်ရင်တောင် ဓားပေးလိုက်မယ်ဆိုတဲ့ မိန်းမမျိုး၊ နောက်ကာရိုက်တာက စိန်ခေါ်မှုပိုကြီးတယ်။ ဘုန်းကြီးကို တစ်ဖက်သတ်ကြိုက်ရတဲ့ ဇာတ်ရုပ်ဖြစ်တဲ့အတွက် နည်းနည်းခက်တယ်ပေါ့၊ ဘုန်းကြီးကို တစ်ဖက်သတ်ကြိုက်ရတဲ့ ဇာတ်ရုပ်ကို သရုပ်ဆောင်ရမယ့်အပေါ်မှာ အေးဝတ်ရည်သောင်းက "အရင်ဘဝက အစွဲကြောင့် ဘုန်းကြီးကို တစ်ဖက်သတ်ကြိုက်တဲ့ ကာရိုက်တာအတွက်ကို မြန်မာပရိသတ်ကတော့ Sensitive ဖြစ်မှာပေါ့။ ကိုယ့်မြန်မာတွေက ဘာသာတရားကိုင်းရှိုင်းတဲ့သူ ဒီလိုမျိုးတွေ မရှိဘူးဆိုပြီး လက်ခံထားတဲ့အတွက် ဒီဇာတ်ရုပ်နဲ့ပတ်သက်ပြီးတော့ ကိုယ့်အပေါ်မှာ ချစ်သွားတာ မုန်းသွားတာထက် သူတို့ရဲ့ စိတ်ထဲမှာ တစ်မျိုးပဲဖြစ်သွားနိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။

**ကိုလင်း**




## ခရစ္စမတ်အကြို Opera Musical ပွဲတော်နှင့် Music Education စာအုပ်ပွဲ ပြုလုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၇**

နိုဝင်ဘာ ၁၃ ၊ ၁၄၊ ၁၅ ရက်တို့တွင် နံနက် ၁၀ နာရီ မှ ည ၉ နာရီအထိ ရန်ကုန်မြို့ MCC (Myanmar Convention Center ) မင်းဓမ္မလမ်း မရမ်းကုန်းမြို့နယ်တွင် ခရစ္စမတ်အကြို Opera Musical ပွဲတော်နှင့် Music Education စာအုပ်မိတ်ဆက်ပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂီတပွဲတော်တွင် Jin Dal Loe Choir အဖွဲ့ကို ၂၀၀၈ ခုနှစ်တွင် ဂီတလူငယ်လေးများက စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၀ တွင် ကိုရီးယားနိုင်ငံ၌ ကမ္ဘာ့အဆင့် ဆုတံဆိပ်ရရှိခဲ့သော Gracias Choir အဖွဲ့တွင် သွားရောက်၍ ဂီတပညာများကို သင်ယူခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် Jin Dal Loe Choir အနေဖြင့် ရန်ကုန်၊ မန္တလေး ၊ တောင်ငူ ၊ တိုက်ကြီး၊ ပြည် ၊ မူဆယ် ၊ ကွတ်ခိုင် ၊ နေပြည် ၊ ဖဒိုနှင့် ပုသိမ်မြို့များသို့ သွားရောက်ဖျော်ဖြေခဲ့ပြီး ပရိသတ်များစွာ၏ အားပေးမှုရရှိခဲ့သည်။

"လူငယ်တွေနဲ့ပဲ ကျွန်တော်တို့က ဖွဲ့စည်းတည်ထောင်ထားပါတယ်၊ ဆရာတွေရဲ့ လမ်းညွှန်မှုနဲ့ပေါ့၊ နယ်မြို့တွေအပြင် ကျွန်တော်တို့တွေ ၂၀၁၆ ခုနှစ်က ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား စတဲ့ မြို့ကြီးတွေမှာလည်း ဖျော်ဖြေမှုတွေလုပ်ခဲ့ပါတယ်၊ ကျွန်တော်တို့အဖွဲ့အနေနဲ့ Family Cantata၊ Christmas Cantata၊ Easter Cantata & Choir Concert တွေလည်း ပြုလုပ်ခဲ့ပါတယ်၊ ဒီလိုပွဲတွေကို နှစ်စဉ်နိုဝင်ဘာလတိုင်းလိုလို ပြုလုပ်လေ့ရှိပါတယ်"ဟုပွဲဖြစ်မြောက်ရေး တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါပွဲအပြင် "ငါ့အထဲက ငါမဟုတ်" ဆိုသော စာအုပ်ကိုလည်း မိတ်ဆက်ရောင်းချသွားမည်ဖြစ်ပြီး ယင်းစာအုပ်ကိုရေးသားသူ၊ စာရေးဆရာကြီး Ock Soo Park ကိုယ်တိုင်တက်ရောက်ပြီး အမှတ်တရ လက်မှတ်ရေးထိုးခြင်းကိုပါ ပြုလုပ်ကာ သိမှတ်ဖွယ်ရာများကို ဟောပြောသွားမည်ဟု သိရသည်။

**ကိုလင်း**




## မြန်မာကင်းထောက် ဂီတပွဲတော် နိုဝင်ဘာ ၁၂ တွင်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၇**

၂၀၁၂ နှစ်ခု နှစ်ကုန်ပိုင်းတွင် စတင်တည်ထောင်ခဲ့သော "မြန်မာကင်းထောက်" အဖွဲ့အနေဖြင့် စတင်တည်ထောင်စဉ်က လူငယ်အင်အား၂၀၀၀ ရှိပြီး ငါးနှစ်အတွင်း အင်အားသောင်းဂဏန်းအထိရှိလာခဲ့ကာ ၂၀၂၅ ခုနှစ်တွင် သိန်းကျော်အထိ မျှော်မှန်းထားသော အဖွဲ့အစည်းဖြစ်သည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၁၁ ရက်က ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်၏ ၁၆၄ နိုင်ငံ အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

အဆိုပါ အဖွဲ့အနေဖြင့် လူငယ်များ၏ အနာဂတ်ကို အထောက်အကူပေးနိုင်ပြီး စွမ်းရည်များစနစ်တကျ ပျိုးထောင် ပေးနေသည့် အဖွဲ့ဖြစ်ပြီး ကမ္ဘာ့ကင်းထောက် တည်ထောင်မှု နှစ်(၁၀၀) ပြည့်မြောက်ခြင်းအထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၁၂ ရက်တွင် ရန်ကုန်မြို့သုဝဏ္ဏအားကစားရုံပြိုင်ပွဲ(၁)၌ "မြန်မာကင်းထောက်ဂီတ" အမည်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပွဲတော်တွင် တေးသံရှင် ဟန်ထွန်း၊ R ဇာနည်၊ ဂျီလတ်၊ သအို၊ ဝေလ၊ ဖြိုးပြည့်စုံ၊ သားငယ်၊ နီနီခင်ဇော်၊ ဆိုဖီယာ ၊ ဘီလီလမင်းအေးနှင့် ကင်းထောက်လူငယ်များ၏ သီဆိုဖျော်ဖြေမှုအပြင် ငြိမ်းချမ်းရေးသီချင်းကိုလည်း သီဆိုဖျော်ဖြေသွားမည်ဖြစ်ပြီး လက်မှတ်များကို ငွေကျပ် ၅၀၀၀၀ / ၃၀၀၀၀ / ၂၀၀၀၀ / ၁၅၀၀၀ / ၅၀၀၀ သတ်မှတ်ထားကာ မှာယူလိုပါက ၁၈၇၆ / မန်းသီရိတေးသံသွင်းတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**ကိုလင်း**

# ဒီဇင်ဘာ ဒုတိယပတ်မှာ စတင်ရိုက်ကူးမည့် စာရေးဆရာကြီး မောင်သိန်းဆိုင်၏ "ပုဂံမြို့သူ"

**ရန်ကုန် နိုဝင်ဘာ ၇**

စာရေးဆရာကြီး မောင်သိန်းဆိုင်၏ "ပုဂံမြို့သူ" ဝတ္ထုအား ဒါရိုက်တာ ကျော်သူ၊ သရုပ်ဆောင် ကျော်သူ၊ ဒေါင်း၊ မေမြင့်မိုရ်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး ယင်းဇာတ်ကားကို ၂၀၁၈ ခုနှစ်တွင် ပြသနိုင်ရန်အတွက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ ရိုက်ကူးသွားမည်ဟု သိရသည် ။

"ကျွန်တော် ဒါရိုက်တာလုပ်ဖြစ်ခဲ့တာကတော့ "ပဥ္စလက်ရွာ"ဇာတ်လမ်းတွဲကနေစတာပါပဲ၊ အဲဒီကနေ ကျွန်တော်ဘာတွေ တွေ့ခဲ့လဲဆို MRTV-4 ကရိုက်တဲ့အခါ တကယ်ကို အဆင့်မြင့်တဲ့ နည်းပညာတွေ၊ စက်ပစ္စည်းဆိုင်ရာတွေ တွေ့ခဲ့ရတယ်၊ နောက်ဆုံးပေါ်ကင်မရာတွေ ကျွန်တော် ဒဏ္ဍာရီ ဇာတ်ကားရိုက်တုန်းကဆို ကင်မရာတွေ၊ ထော်လီလိုင်းတွေ၊ မီးလုံးတွေကအစ လေးလံတယ်၊ ပင်ပန်းတယ်၊ အရင်ကပေါ့၊ ကဒ်တစ်ကဒ်ရိုက်ဖို့ဆိုနေရာကအစ အခက်အခဲတွေ ရှိခဲ့တယ်၊ "ပဥ္စလက်ရွာ" ရိုက်တော့ ခေတ်မီတဲ့ စက်ပိုင်းဆိုင်ရာတွေ တွေ့လာခဲ့လို့ ဒါဆိုငါလုပ်ချင်နေတဲ့ ပုံစံတွေ လုပ်လို့ရပြီ၊ ငါရှူးသွပ်ခဲ့တဲ့ ဟာတွေ အခုလုပ်လို့ရတော့မယ်ဆိုပြီး တွေးနေတုန်းလေ၊ Taurus :V ထုတ်လုပ်ရေးကနေ ကျွန်တော့်ကို ဒီဝတ္ထုလေးရှိတယ်ဆိုပြီး "ပုဂံမြို့သူ" ဇာတ်ကိုလာပြကြတယ်၊ ကျွန်တော် ဖတ်ကြည့်တော့ ကြိုက်တယ်၊ အဲ့ဒါကြောင့် ရိုက်ဖြစ်သွားတာပါ" ဟု ဒါရိုက်တာ ကျော်သူက ပြောသည်။



အဆိုပါ ဇာတ်ကားကို ပုဂံညောင်ဦးတွင် သွားရောက်ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်လမ်းတွဲအဖြစ် အပိုင်း ၂၀ ပါဝင်ကြောင်း၊ ယင်းဇာတ်ကားတွင် သရုပ်ဆောင် မေမြင့်မိုရ်အနေနှင့် နှစ်ဘဝကာရိုက်တာကို သရုပ်ဆောင်ရမည်ဟု သိရသည်။

"ဇာတ်ကားလေးက ပုဂံမြို့ကို အခြေခံထားပြီးရိုက်မှာဆိုတော့ ဇာတ်လမ်းတွဲလည်းဖြစ်တာမို့ ပရိသတ်အတွက် ဗဟုသုတတွေအများကြီးရမယ့် ဇာတ်လမ်းတွဲတစ်တွဲပါ၊ ညီမအနေနဲ့ကတော့ ပုဂံခေတ်မှာ တစ်ဘဝ၊ နောက်ဒီဘက်ခေတ်မှာတစ်ဘဝ ပုံစံလေးသရုပ်ဆောင်ရမှာပါ၊ မင်းသားနဲ့ မင်းသမီးရဲ့ အချစ်ဇာတ်လမ်းလေးဆိုလည်း မမှားပါဘူး၊ ခင်စောလတ်နဲ့တစ်ဘဝ ခင်စောမူနဲ့က တစ်ဘဝပါ"ဟု မေမြင့်မိုရ်က ပြောသည်။

သရုပ်ဆောင် ဒေါင်းအနေနှင့် ဒါရိုက်တာ ကျော်သူနှင့် ပထမဆုံး ရိုက်ကူးရသည့် ဇာတ်လမ်းဖြစ်သောကြောင့် ကျေနပ်ကြောင်း၊ မေမြင့်မိုရ်၏ ချစ်သူကောင်လေးအဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်ပြီး ဒါရိုက်တာလိုချင်သော ဇာတ်ကောင်ပုံစံနှင့် မိမိကိုယ်တိုင်လိုချင်သော ဇာတ်ကောင်ပုံစံများကို ပူးပေါင်းပြီး ဇာတ်ကို အကောင်းဆုံးရိုက်ကူးမည်ဟု သိရသည်။

**ကိုလင်း**

# X -Factor ကို ချယ်ရီတစ်ယောက် ပြန်လာမှာလား



X-Factor ပွဲမှာ ဆိုင်မွန်နဲ့အတူ ဒိုင်အဖြစ် ချယ်ရီလုပ်ကိုင်ကတည်းကကြည့်ရှုသူတွေဟာ ချယ်ရီကို သဘောကျခဲ့ကြပြီး ချယ်ရီသာဒိုင်အဖြစ် ပြန်လည်ပါဝင်လာနိုင်မယ်ဆိုရင် အားလုံးအံ့အားသင့်ကုန်ကြမှာပါပဲ။ The Sun ရဲ့ ဖော်ပြချက်မှာတော့ ချယ်ရီဟာဒိုင်အဖြစ် ပြန်လည်ပါဝင်လာဖို့ ပေါင် ၁ ဒသမ ၅ သန်းတန် စာချုပ်မှာ လက်မှတ်ထိုးဖို့ပြင်နေတယ်လို့တွေ့ရပါတယ်။ လက်ရှိမှာ ဒိုင်အဖြစ်ဆောင်ရွက်နေတဲ့ Nicole Scherzinger ဟာ ဒီတစ်ရာသီပြီးရင် X -Factor ပွဲကနေ နုတ်ထွက်သွားဖို့ အလားအလာတွေရှိနေပါတယ်။ နောက်နှစ်အတွင်းမှာ ချယ်ရီဟာ X -Factor ကို ပြန်လာဖွယ်ရှိပါတယ်။

တကယ်တော့ Nicole Scherzinger ဟာ နောက်နှစ်မှာ X -Factor ကနေထွက်ခွာသွားနိုင်တာကို ဆိုင်မွန်လည်းသိပါတယ်။ ဒီတော့သူ့နေရာမှာအစားထိုးဖို့ နာမည်ကြီးတစ်ယောက်လိုနေတာတော့အမှန်ပါပဲ။ ချယ်ရီဟာပရိသတ်တွေကြားမှာ လူကြိုက်များနိုင်တာကို ဆိုင်မွန်လည်းသိပြီးတော့ ဒီစာချုပ်ကို မကြာမီအကောင်အထည်ဖော်နိုင်ဖို့လည်း သေချာချင်နေပါတယ်။ လူးဝစ်ကလည်း ချယ်ရီကို X Factor ကို ပြန်လာစေချင်တယ်လို့ပြောခဲ့ပါတယ်။ Nicole ကတော့ သူဟာ X Factor ကို ပြန်မလာချင်ဘူး။ ဘာလို့လဲဆိုရင် ကျွန်မဟာ အဆိုတော်တစ်ယောက်ဖြစ်တဲ့အတွက် သီချင်းဆိုတာသာပထမဦးစားပေးပါလို့ Nicole က ပြောခဲ့ပါတယ်။ ဒါ့အပြင် အခုအချိန်မှာ အထီးကျန်သလိုခံစားရတဲ့အတွက် သီချင်းဆိုရင်း ကမ္ဘာပတ်ချင်တယ်လို့Nicole က သူ့ဆန္ဒကိုပြောခဲ့ပါတယ်။ X -Factor က လုပ်ဖော်ကိုင်ဖက်တွေနဲ့ ပတ်သက်လို့ကတော့ အတူတကွလှုပ်ရှားခဲ့ကြလို့ အလွန်ချစ်ပါတယ်လို့ ပြောခဲ့ပါတယ်။

ချယ်ရီကတော့ ကလေးမွေးဖွားပြီးနောက် မကြာသေးမီကပဲ အနုပညာလောကထဲကို ပြန်လည်ဝင်ရောက်လာခဲ့ပြီး ရပ်နားထားတဲ့အလုပ်တွေကို ပြန်လည်လုပ်ကိုင်လာခဲ့ပါတယ်။

**ဟယ်လို (ခြူး)**

# ဆယ်လ်ဖီ ရိုက်ရတာ မကြိုက်ဘူးဆိုတဲ့ စူပါမော်ဒယ် ကိတ်မော့စ်



စူပါမော်ဒယ်ကိတ်မော့စ်ဟာ သူ့ရဲ့ပုဂ္ဂိုလ်ရေးရာအကြောင်းအရာတွေကို ထုတ်ဖော်ပြောလေ့မရှိပါဘူး။ ဒါပေမယ့်လည်း The Telegraph နဲ့ အင်တာဗျူးမှာတော့ သူ့ရဲ့မော်ဒယ်အလုပ်နဲ့ အိမ်မှာနေတဲ့ဘဝကို ပြောပြခဲ့ပါတယ်။ အသက် ၄၃ နှစ် အရွယ်ရှိပြီဖြစ်တဲ့ ကိတ်မော့စ်ဟာ ကိုယ်ပိုင် မော်ဒယ်အေဂျင်စီတစ်ခုကို ဦးစီးလုပ်ကိုင်နေပြီး သူ့မှာ အသက် ၁၄ နှစ်အရွယ် လိုင်လာဂရေ့စ်ဆိုတဲ့ သမီးလေးတစ်ဦးရှိပါတယ်။ ကိတ်မော့စ်က မော်ဒယ်အလုပ်အကိုင်နဲ့ ပတ်သက်ပြီးတော့ သူဟာ ဖန်တီးရတာကိုနှစ်သက်ပြီး သူငယ်ချင်းအရင်းကြီးတွေနဲ့ အလုပ်လုပ်ရတာကို ပျော်ရွှင်ပါတယ်လို့ပြောပါတယ်။ ဒါ့အပြင် မော်ဒယ်အလုပ်လုပ်ခြင်းအားဖြင့် ကင်မရာ နောက်ကွယ်မှာလည်း စွမ်းရည်သစ်တွေ ပိုမိုရရှိစေတယ်လို့ဆိုပါတယ်။ ဒီလုပ်ငန်းကို စတင်လုပ်ကိုင်တဲ့အခါ သူထင်ထားတာနဲ့ မတူဘူးလို့လည်းပြောပါတယ်။ ဒစ်ဂျစ်တယ်ခေတ်ပုံပညာပေါ်ထွက်လာတာဟာ ထူးခြားဆန်းပြားတဲ့ စွမ်းပကားတွေ ပျောက်ဆုံးသွားစေတယ်လို့ဆိုပါတယ်။ ပိုပြီးတော့ ထူးခြားတာက ကိတ်မော့စ်ဟာ စူပါမော်ဒယ်ဖြစ်ပေမယ့် ဆယ်လ်ဖီမရိုက်ဘူးလို့ဆိုပါတယ်။ ဒါ့အပြင် သူ့မှာ လူမှုမီဒီယာကိုအသုံးပြုဖို့ အကောင့်လည်းမရှိဘူးလို့ဆိုပါတယ်။

မိခင်တစ်ဦးဘဝအနေနဲ့ကတော့ ကိတ်ဟာ သာမန်ဘဝကို နှစ်သက်ပါတယ်။ အိမ်မှာနေရင် သူငယ်ချင်းမိတ်ဆွေတွေနဲ့ အားလပ်ရက်တွေမှာ အတူအချိန်ဖြုန်းလေ့ရှိပါတယ်။ ကိတ်မော့စ်ဟာ သူ့ရဲ့အားလပ်တဲ့အချိန်တွေမှာ တောဘက်ကို ခွေးနဲ့အတူ လမ်းလျှောက်ထွက်ခြင်း၊ ယောဂလေ့ကျင့်ခြင်း အစရှိတာတွေ လုပ်လေ့ရှိပါတယ်။ မော်ဒယ်အေဂျင်စီအလုပ်နဲ့ပတ်သက်ပြီးတော့ ကိတ်မော့စ်ဟာ သူ့အနေနဲ့ အေဂျင်စီမှာ မော်ဒယ်လုပ်ကိုင်မယ့်ကလေးတွေကို သေချာစောင့်ကြည့်ပြီး ပြုစုပျိုးထောင်ပေးတဲ့အတွက် သူ့အေဂျင်စီက ကလေးတွေဟာ အရည်အချင်းရှိရှိ မော်ဒယ် အလုပ်လုပ်ကိုင်နိုင်တယ်လို့ The Telegraph နဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့ပါ တယ်။ ကိတ်မော့စ်ဟာ သူ့အား မော်ဒယ်လောကထဲကို ဆွဲခေါ်လာတဲ့ သူငယ်ချင်း ဖြစ်သူ နာအိုမီကမ်ဘဲလ်ကိုလည်း ကျေးဇူးတင်ပါတယ်လို့ ဖြေကြားခဲ့ပါတယ်။

**ဟယ်လို (ခြူး)**

# မုံရွာ စက်မှုဇုန်ထွက် စွန့်ပစ်ရေများတွင် ဓာတုဗေဒ ညစ်ညမ်း ပျော်ဝင်မှု အခြေအနေ နှစ်မျိုးတွေ့

**မုံရွာ နိုဝင်ဘာ ၇**

မုံရွာစက်မှုဇုန်မှစွန့်ပစ်ရေများကို ဓာတ်ခွဲခန်းတွင်လက်တွေ့ရယူစမ်းသပ်ရာဓာတုဗေဒညစ်ညမ်းပျော်ဝင်မှု အဆင့်သည် အလွန်မြင့်နေသည့်အခြေအနေနှင့်မြင့်နေသည့်အခြေအနေဟူ၍ နှစ်မျိုးတွေ့နေရကြောင်း စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမျိုးသူ၏ အတည်ပြု ပြောကြားချက်အရ သိရသည်။



"မုံရွာစက်မှုဇုန်က ရေဆိုးတွေကို စမ်းပြီးတဲ့အတွက် ရလဒ်ကနှစ်မျိုးထွက်နေပါတယ်၊ လက်ရှိဓာတုဗေဒညစ်ညမ်းမှုတွေမှာ အခြေအနေနှစ်မျိုးတွေ့တယ်၊ အလွန်မြင့်တဲ့ အခြေအနေနဲ့ မြင့်တဲ့အခြေအနေပါ၊ အလွန်မြင့်တယ်ဆိုတာက COD လို့ခေါ်တဲ့ ဓာတုပျော်ဝင်မှုအဆင့်ကPPMတစ်သောင်းကျော်လောက်သွားဖြစ်နေတယ်၊ တကယ်ရှိရမှာက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက သတ်မှတ်ထားတဲ့စံနှုန်းကPPM250 ပါ၊ မေးစရာရှိလာတာ PPM တစ်သောင်းကနေPPM 250 ကို ဘယ်လိုလျှော့မလဲဆိုတာကို၊ လက်ရှိ မုံရွာစက်မှုဇုန်စက်ရုံတွေကPPM တစ်သောင်းလောက်ရှိတဲ့ရေကို ရေစစ်ကန်တွေထားပြီးတော့ နွားမွေးမြူသူတွေကိုပေးလိုက်တဲ့အတွက် ပြီးသွားပြီလို့ တွက်စရာရှိတယ်၊ နွားမွေးသူတွေကို ပေးလိုက်ပြီးလို့ ကျန်နေသေးတဲ့ ရေကို စစ်ကြည့်တာPPMက ၁၀၀၀ ကျော်လောက်ရှိတော့ PPM250 ရောက်အောင်ဆက်လျှော့ရပါမယ်၊ လက်ရှိ အဲဒီအတိုင်းတွေ့ထားပါတယ်"ဟု ၎င်းက ပြောသည်။

ထိုတွေ့ရှိ စမ်းသပ်ချက်ကို ပိုမိုတိကျမှန်ကန်စေရန် စမ်းသပ်စစ်ဆေးဆက်လက်ဆောင်ရွက်နေရာ မကြာခင် ဒီဇင်ဘာလအတွင်း၌ ပတ်ဝန်းကျင်သန့်ရှင်းရေးသင်တန်းတစ်ရပ်ကို မုံရွာစက်မှုဇုန်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ မုံရွာစက်မှုဇုန်စက်ရုံ ၁၅ ရုံကတာဝန်ရှိသူများ စိမ်းလန်းအမိမြေအဖွဲ့မှ ပညာရှင်တာဝန်ရှိသူများ၊ မုံရွာတက္ကသိုလ်မှပညာရှင်များပါဝင်ကာ မုံရွာစက်မှုဇုန်စက်ရုံများမှ ထွက်သည့်ရေဆိုးအဆင့်တိုင်းကို ကျော်ချဉ်ဖြင့်ချကာ ရေကိုကြည်အောင်မည်သို့ လုပ်မည်နည်းဆိုသည်ကို အဖြေရှာကြမည်ဖြစ်ကြောင်း သိရသည်။

"အဲဒီ အဆင့်ဆင့်က ထွက်လာတဲ့ရေကိုသဘာဝနည်းနဲ့ လုပ်ရင်ရမလား၊ ဓာတုဗေဒဆေးဝါးတွေ ထည့်မှရမှာလား၊ ဒါမှမဟုတ် အဏုဇီဝလို့ခေါ်တဲ့ မိုက်ခရိုဘိုင်အိုလိုဂျီနည်းနဲ့ချေဖျက်ရင်ရမှာလား ဆိုတာကို စမ်းရမှာပါ၊ အဲဒီလိုစမ်းဖို့အတွက် ယာယီဓာတ်ခွဲခန်းကို မုံရွာစက်မှုဇုန်ထဲမှာပဲဆက်ပြီးလုပ်မယ်၊ သင်တန်းသားတွေကို လက်တွေ့ပြသသင်ပြပေးပြီး သင်တန်းသားတွေ သိသွားမယ်ဆိုရင် ညစ်ညမ်းတဲ့ရေကို သူတို့ဘယ်လိုတိုင်းတာ စစ်ဆေးမယ်ဆိုတာကိုယေဘုယျရစေပါမယ်၊ ဆက်ပြီးတော့ပိုကောင်းတဲ့နည်းပညာနဲ့ ဘယ်လို ဆက်လုပ်မယ်ဆိုတာကို ဆောင်ရွက်ဖို့ရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

မုံရွာစက်မှုဇုန်မှထွက်သည့်ရေဆိုးများ ပတ်ဝန်းကျင်သန့်ရှင်းရေးသည် စက်ရုံများ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ဆိုင်သလို ရေဆိုးများကိုဖျန်းပေးနေသည့် နွားမွေးမြူသူများ ဝန်းကျင်သန့်ရှင်းရေးသည်လည်း အရေးကြီးရာတစ်ပြေးညီ သန့်ရှင်းမှုရှိမှသာ မုံရွာစက်မှုဇုန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည် အရာရောက်မည် ဖြစ်ကြောင်း စက်မှုဇုန်ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ဆောင်ရွက်နေသူပညာရှင်က အကြံပြုထားသည်။

**သံတိုင်ထွန်း**

# ဆင်ခြေမအကြိမ် ဒေသတွင်း မုတ်သုံဖိုရမ် ဆွေးနွေးပွဲ ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် နိုဝင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ဆဋ္ဌမအကြိမ်ဒေသတွင်း မုတ်သုံဖိုရမ်ဆွေးနွေးပွဲကိုနိုဝင်ဘာ ၆ ရက်ကမြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး တက်ရောက် အမှာစကားပြောကြားသည်။

ထိုသို့ပြောကြားရာတွင် ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် မတူကွဲပြားသည့် သဘာဝဘေးအန္တရာယ်များ ကြိမ်နှုန်းနှင့် ပြင်းအားများလာကြောင်း၊ ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် မုန်တိုင်းများတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးသည်းထန်စွာရွာခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ တောမီးလောင်ခြင်း စသည့် သဘာဝ ဘေးအန္တရာယ်များ ကြုံတွေ့ခံစားနေရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သော ရာသီဥတုဆိုင်ရာ ခန့်မှန်းချက်များ၊ ကြိုတင် သတိပေးချက်တို့ကို အသုံးချခြင်းအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ တည်ဆောက်ရေး၊ ရေသယံဇာတ စီမံခန့်ခွဲရေးစသည့် ကဏ္ဍများနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစီမံခန့်ခွဲရေးလုပ်ငန်းများကို များစွာ အထောက်အကူ ပြုလျက်ရှိကြောင်း ပြောကြားသည်။



ဆက်လက်၍ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဒေါ်ခင်ချိုချိုရှိန်က ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲကို ဆက်လက် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၏ ၅ ကြိမ်မြောက်ဒေသတွင်း မုတ်သုံဖိုရမ်မှရရှိခဲ့သော အကြံပြုချက်များနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီး ၂၀၁၇ခုနှစ် မိုးရာသီကာလ ပြန်လည်သုံးသပ်ခြင်းနှင့် ဆောင်းရာသီအတွက်ခန့်မှန်းခြင်း၊ ၂၀၁၇ ခုနှစ်မိုးရာသီကာလတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ချက်များအား၊ သက်ဆိုင်ရာကဏ္ဍများအလိုက် အသုံးချမှုများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး၏ မြေလျှင်ဘေးနှင့် လျှင်ဘေး လျှော့ချရေးဆိုင်ရာများ တင်ပြဆွေးနွေးခြင်း၊ မြန်မာနိုင်ငံ၏ ရာသီဥတုသတင်းအချက်အလက် သုတေသနပြုမှုများအတွက် လိုအပ်မှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်မြင့် ( ပြန် / ဆက်)**

## သက်ကြီး စာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲနှင့် စာပေဟောပြောပွဲ ကျင်းပနိုင်ရေး ညှိနှိုင်း

**သန်လျင် နိုဝင်ဘာ ၇**

သန်လျင်မြို့နယ် စာရေးဆရာအသင်းမှ သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲနှင့် စာပေဟောပြောပွဲ ကျင်းပနိုင်ရေး အကြို ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၅ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သန်လျင်မြို့နယ် စာရေးဆရာအသင်းနာယက မျိုးမြင့် (ကျွန်းချောင်း)က အမှာစကားပြောကြားပြီး မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဖိုးစော- (သန်လျင်)က သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲနှင့် စာပေဟောပြောပွဲ ကျင်းပနိုင်ရေးဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲအခမ်းအနားမှူး သန်လျင်မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး သော်ဝင်းကြည် (ရေနံချောင်း) နှင့် တက်ရောက်လာကြသောစာရေးဆရာများက သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲနှင့် စာပေဟောပြောပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

**သက်ခိုင် (သန်လျင်)**

# ရှေးဟောင်း သမိုင်းဝင် အုတ်ကျောင်းတော်ကြီး မိုးရေများဝင်၍ ပြိုကျ ပျက်စီးမှာ စိုးရိမ်နေရ



မိတ္ထီလာမြို့ အနောက်ဘက် မိတ္ထီလာ-ကျောက်ပန်းတောင်း သွားကားလမ်းဘေး ၁၀ မိုင်အကွာ၌ မုန်တိုင်ရွာရှိသည်။ မုန်တိုင်ရွာတွင် အင်းဝခေတ်၊ ကုန်းဘောင်ခေတ်က သမိုင်းဝင် ဘုရားစေတီ ၇၅ ဆူရှိသည်။ ထိုဘုရားစေတီများထဲ၌ မြန်မာနိုင်ငံတွင် ပထမဦးဆုံး တည်ဆောက်ခဲ့သော အုတ်ကျောင်းတော်ကြီးရှိသည်။ မုန်တိုင် အုတ်ကျောင်းတော်ကြီးကို "ဥဩအော်အစ်" အုတ်ကျောင်း သက္ကရာဇ်ဟု ပိဋကတ်သချ်ာနည်းဖြင့် စပ်ဆိုထားသည်။ ၁၁၁၁ ခုနှစ်က ဘုရားဒကာ ဦးပန်းရနှင့် ဇနီး ဒေါ်စိန်သာတို့က တည်ထားခဲ့သော အုတ်ကျောင်းတော်ကြီး ဖြစ်သည်။ ယခုအခါ နှစ်ပေါင်း ၂၆၈ ကြာခဲ့ပြီ ဖြစ်သည်။

မုန်တိုင် အုတ်ကျောင်းတော်ကြီးမှာ ကျောင်းဦးပြာသာဒ် အပါအဝင် အရှေ့အနောက် ၁၁၈ ပေ၊ တောင်မြောက် ၉၁ ပေ၊ အုတ်ကျောင်းတော်ကြီး၏ အရှေ့အနောက် ၅၅ ပေ ၅ လက်မ၊ တောင်မြောက် ၅၅ ပေ ၅ လက်မ စတုရန်းပုံဖြစ်သည်။ အုတ်ကျောင်းအမြင့်မှာ ပေ ၆၀ ခန့် ရှိသည်။ အုတ်ကျောင်းတော်ကြီးမှာ လည်ပေါ်နှစ်ဆင့် လိုဏ်နှစ်ဆင့်ရှိသည်။ မုန်တိုင် အုတ်ကျောင်းတော်ကြီးမှာ အင်းဝရှိ နန်းမတော်မယ်နု အုတ်ကျောင်းတော်ထက် ၇၅ နှစ်စော၍ တည်ထားခဲ့သော အုတ်ကျောင်းတော်ကြီး ဖြစ်သည်။

မုန်တိုင် အုတ်ကျောင်းတော်ကြီးတွင် နံရံတစ်ဖက်လျှင် မုခ်သုံးပေါက်ရှိသည်။ အောက်ခြေတွင်လည်း လိုဏ်များရှိသည်။ ကျောင်းဦးပြာသာဒ်ကို အုတ်ခုံပေါ်တွင် တည်ထားသည့် အတွင်းမုခ်များ၊ လှေကားအထက် ပေါင်းကူးများ တိုစီ ပေါင်းကူး (CORBELLED ARCHES) ဖြင့် တည်ဆောက်ထားသည်။ မုန်တိုင် အုတ်ကျောင်းတော်ကြီး၏ ကျောင်းဦးပြာသာဒ်အတွင်းတွင် နဂါးရုံဆင်းတုတော် ရှိသည်။

မုန်တိုင် အုတ်ကျောင်းတော်ကြီးနှင့်အတူ အုတ်ဇရပ်လည်း ရှိသည်။ အုတ်ဇရပ်မှာ မြို့ဝန် ဦးလူတုတ်က ၁၉ ရာစုတွင် တည်ထားခဲ့သည်။ သမိုင်းဝင် အုတ်ဇရပ်ဖြစ်သည်။ အုတ်ဇရပ်ပေါ်တွင် ကနုတ်ပြာသာဒ် သုံးဆောင်ပေါက်ထားပြီး လှပသော အင်္ဂတေပန်းများ၊ အင်္ဂတေရုပ်များဖြင့် တည်ဆောက်ထားသည်။ မြန်မာနိုင်ငံတွင် အလွန်ရှားပါးသော အင်္ဂတေလက်ရာ ဖြစ်သည်။

မုန်တိုင်တွင် အုတ်ကျောင်းတော်ကြီး၊ အုတ်ဇရပ်အပြင် နံရံဆေးရေးပန်းချီရှိသော ရွှေဘုံသာ (ခ) ဇာတ်ဘုရားလည်း ရှိသည်။ ရွှေဘုံသာဘုရားအတွင်းတွင် ကုန်းဘောင်ခေတ် နံရံဆေးရေးပန်းချီများ ရှိသည်။ ရွှေဘုံသာ (ခ) ဇာတ်ဘုရားမှာ လိုဏ်ဂူခံစေတီပေါက် မုခ်လေးဖက်ပါ ဂူဘုရားတစ်ဆူ ဖြစ်သည်။

မုန်တိုင်ရှိ ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီများကို လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ယဉ်ကျေးမှုဝန်ကြီးဌာနက ရှေးဟောင်းဇုန်အဖြစ် သတ်မှတ်ပြီး ဝန်ထမ်းတစ်ဦး ခန့်ထားခဲ့သည်။ ယခုအခါ ၎င်းဝန်ထမ်းကွယ်လွန်သွားသည်မှာ ၈ နှစ်ခန့်ရှိပြီဖြစ်သည်။ မုန်တိုင်ရှိ ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီများမှာ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သူမရှိဘဲ မိုးရွာအစို၊ နေပူ အခြောက်ဖြင့် ရှိနေသည်။

ယခုနှစ်တွင် မိုးအလွန်ကောင်းသဖြင့် မုန်တိုင် အုတ်ကျောင်းတော်ကြီးအပေါ်တွင် အပေါက်များဖြစ်ပြီး မိုးယိုသဖြင့် အင်္ဂတေနံရံများ ကွာကျနေသည်။ မုန်တိုင် အုတ်ကျောင်းတော်ကြီးရှိ အုတ်လှေကားမှာလည်း မိုးရေဝင်၍ ပျက်စီးနေသည်။ ကျောင်းဦးပြာသာဒ်မှာလည်း မိုးရေများဝင်၍ အက်ကွဲနေသည်။

ထို့ကြောင့် မုန်တိုင်ရှိ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ် အုတ်ကျောင်းတော်ကြီး၊ ကျောင်းဦးပြာသာဒ်တို့ကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်း သုတေသနဌာနက အမြန်ဆုံး ထိန်းသိမ်း ပြုပြင်ရန် မြို့လူထုက လိုလားနေကြသည်။ သို့မဟုတ်ပါက တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်း အဆောက်အအုံကြီး ပြိုကျ ပျောက်ကွယ်သွားမည်ကို စိုးရိမ်ပူပန်နေကြသည်။

**တင်လှိုင် (မိတ္ထီလာ)**

---

## စိုက်ပျိုးရေး သုတေသနခြံ၌ တောင်သူကိုယ်တိုင် ပါဝင်သည့် ရွေးချယ်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး သုတေသနဦးစီးဌာန မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ ကျောက်တံတား စိုက်ပျိုးရေး သုတေသနခြံ၌ စိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှု တစ်ခုအဖြစ် အလားအလာကောင်းသော စပါးမျိုးသစ်နှစ်မျိုးအား တောင်သူများကို ဖိတ်ခေါ်ကာပြသသည့် ကွင်းသရုပ်ပြပွဲကို အောက်တိုဘာလ နောက်ဆုံးပတ်က ပြုလုပ်ခဲ့သည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် ဒေသခံတောင်သူများ လက်ရှိ ကျင့်သုံး စိုက်ပျိုးလျက်ရှိသည့် စပါး၊ ကုလားပဲ၊ စပါးသီးထပ် သီးနှံပုံစံတွင် သက်လျင် အထွက်ကောင်းပြီး မနောသုခစပါးကဲ့သို့ အရည်အသွေးရှိသည့် စပါးမျိုးသစ်များကို တောင်သူများ ကိုယ်တိုင် ပါဝင် ရွေးချယ်နိုင်စေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေး သုတေသန ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသန့်လွင်ဦးက ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးကျင်မောင်က တောင်သူများ ကိုယ်တိုင် မိမိ ကြိုက်နှစ်သက်သည့် မျိုးများကို ရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမည်ဆိုပါက မျိုးသန့်ထိန်းခြင်း၊ မျိုးသန့်ပွားခြင်းကို စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများက တောင်သူများနှင့်အတူ ပူးပေါင်းကာ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ မနောသုခ မျိုးထွန်း ၁-၂၉၊ မနောသုခ မျိုးထွန်း ၉-၁၁၇ မျိုးများကို တောင်သူများ လက်ရှိ စိုက်ပျိုးလျက်ရှိသည့် မနောသုခ၊ ရွှေမနော်၊ ရက် ၉၀ မျိုးများနှင့်အတူ နှိုင်းယှဉ် ပြသထားရာ တောင်သူများက အဆိုပါ စပါးမျိုးသစ် နှစ်မျိုးအား မနောသုခမျိုးထက် ကြိုက်နှစ်သက်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုရှုပ (နေပြည်တော်)**

---

## ပွင့်လင်းရာသီဦး ချင်းပြည်နယ် ဝိတိုရိယတောင်သို့ ခရီးသွားများ စတင် ဝင်ရောက်စပြု

မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင် ထင်ရှားကျော်ကြားသည့် ဝိတိုရိယ တောင်ခေါ် နတ်မတောင်သို့ ယခုနှစ် ဆောင်းဦးရာသီတွင် ပြည်တွင်း ပြည်ပမှ ခရီးသွားဧည့်သည်များ စတင် ဝင်ရောက်စ ပြုလျက် ရှိနေပြီဖြစ်ကြောင်း သိရသည်။

၂၀၁၂ ခုနှစ်တွင် အာဆီယံ အမွေအနှစ် ဥယျာဉ်အဖြစ် တိုးမြှင့် သတ်မှတ်ခြင်း ခံခဲ့ရသည့် ဝိတိုရိယတောင်သည် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် အတွင်း တည်ရှိနေပြီး ပင်လယ်ရေ မျက်နှာပြင် အမြင့်ပေ ၁၀,၂၀၀ မြင့်ကာ နတ်မတောင်ဟူ၍လည်းကောင်း၊ ချင်းတိုင်းရင်းသားဘာသာဖြင့် ခေါ်နုစုမ်ဟူ၍ လည်းကောင်း အမည်သုံးမျိုးဖြင့် ထင်ရှားလျက် ရှိနေကြောင်း သိရသည်။

ဝိတိုရိယတောင်သည် ကန်ပက်လက်မြို့မှ ၁၀ မိုင် ၄ ဖာလုံ အကွာ၌ တည်ရှိနေပြီး ချင်းပြည်နယ်၏ သင်္ကေတ ဖြစ်သည့် တောင်ဇလပ်ပန်းများ ဝေဝေဆာဆာ ဖူးပွင့်နေသည့် အပြင် ကမ္ဘာ့ ရှားပါး မျက်ခုံးဖြူ ငှက်ပြာချောက်နှင့် ရှားပါး သစ်တော ငှက်မျိုးစုံတို့ ကျက်စားရာ နေရာတစ်ခုဖြစ်နေကြောင်း သိရသည်။

ဝိတိုရိယတောင်ခြေသည် ပေ ၉၀၀၀ ကျော်မြင့်ပြီး တောင်ခြေမှ ၃ မိုင် ၆ ဖာလုံ ခရီးကို ဆက်လက် တက်ရောက်ပါက အမြင့်ဆုံး ဖြစ်သည်။ ပေ ၁၀,၂၀၀ အမြင့်သို့ ရောက်ရှိသွားကာ တောင်အဆင့်ဆင့်၊ တိမ်အဆင့်ဆင့်နှင့် ရင်သပ်ရှုမောဖွယ် ရှုခင်းတို့ကို တအံ့တသြ မြင်တွေ့ရမည် ဖြစ်သည်။ ထို့အပြင် တောင်ထိပ်ပေါ်ရှိ ရွှေရောင်တဝင်းဝင်းနှင့် စေတီတော်၊ စကျင်ကျောက်သား ဗုဒ္ဓရုပ်ပွားတော်တို့ ဖူးမြော် ကြည်ညိုနိုင်မည်ဖြစ်သလို တောင်ထိပ်ရှိ ဇရပ်၌လည်း အနားယူ အပန်းဖြေနိုင်သည်။

တောင်ခြေမှ တောင်ထိပ်ပေါ်သို့ ခြေကျင်ခရီးဖြင့်ဖြစ်စေ၊ အသင့်စောင့်ဆိုင်းနေသော ဆိုင်ကယ် ကယ်ရီများနှင့်ဖြစ်စေ တက်ရောက်နိုင်ပြီး တောင်ပေါ်တက် လမ်းတစ်လျှောက်တွင် နာမည်ကျော် တောင်ဇလပ်ပန်းများနှင့် သဘာဝ သစ်ခွမျိုးစုံတို့ကို လေ့လာကြည့်ရှု ခံစားနိုင်သည်။ တောင်ထိပ်ပေါ်သို့ တက်ရောက်လာကြသည့် ခရီးသွားဧည့်သည်တို့ စိတ်အကျေနပ်ဆုံး ရှုခင်းတစ်ခုမှာ တောင်အောက်တွင် မြင်တွေ့နေရသည့် ပုံသဏ္ဌာန်မျိုးစုံ အလှ္ဟာ အထပ်ထပ် တိမ်ဖြူဖြူတို့ပင် ဖြစ်ကြောင်း သိရသည်။

ဒေသခံတို့၏ အဆိုအရ တောင်ထိပ်ပေါ်မှ အိန္ဒိယနိုင်ငံ၏ အစိတ်အပိုင်း ဒေသ တချို့ကိုပါ မြင်တွေ့နိုင်သည်ဆိုသော်လည်း တိမ် ထူထပ်နေပါက မြင်တွေ့နိုင်ရန် ခဲယဉ်းကြောင်းကိုလည်း သိရသည်။ ချင်းပြည်နယ်ဒေသသည် ယခုအခါ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အညီ ဝိတိုရိယတောင်သို့ လာရောက် လည်ပတ်သူများပြားလျက်ရှိနေကြောင်းလည်း သိရသည်။

**သက်နိုင် (ပြင်ဦးလွင်)**



---

## ကူးစက်ရောဂါများအား လက်ဆေးခြင်းဖြင့် ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်ချက်

လူတိုင်း အစားအစာနှင့် အရာဝတ္ထုများကို မိမိ လက်ဖြင့် နေ့စဉ် ကိုင်တွယ်စားသောက်အသုံးပြုသောကြောင့် လူတို့၏ လက်တွင် ရောဂါပိုးများနှင့် အညစ်အကြေးများ နေ့စဉ် ကပ်ငြိနေနိုင်ပါသည်။ ထိုသို့ရောဂါပိုးများ ကပ်ငြိနေသောကြောင့် အောက်ဖော်ပြပါရောဂါများ ဖြစ်ပွားနိုင်ပါသည်။

- ❏ ကာလဝမ်းရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အသည်းရောင်အသားဝါ ရောဂါ
- ❏ ပိုလီယိုရောဂါ
- ❏ သန်ကောင်ကြောင့်ဖြစ်ပွားသောရောဂါများ
- ❏ အရေပြားသန့်ရှင်းမှု မရှိသောကြောင့် ဝဲ၊ ဒက်၊ ယားနာ၊ ပြည်တည်နာများဖြစ်ပွားပြီး အခြားသူသို့ ကူးစက်လွယ်ခြင်း၊ ပျောက်ကင်းရန် အချိန်ကြာမြင့်ခြင်း။

**ကာကွယ်ရန်နည်းလမ်းများ**

၁။ အလွယ်ကူဆုံးနှင့် စရိတ် အသက်သာဆုံးနည်းလမ်းမှာ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းဖြစ်သည်။

၂။ အစားအစာ မကိုင်တွယ်မီ၊ အစာမစားမီ၊ အိမ်သာတက်ပြီးတိုင်း၊ ကလေးအညစ်အကြေး ကိုင်တွယ်ပြီးတိုင်း၊ အမှိုက်သရိုက် ကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက် တိရစ္ဆာန်၊ အိမ်မွေးတိရစ္ဆာန်များ ကိုင်တွယ်ပြီးတိုင်း၊ ကြက်၊ ငှက်၊ အသားငါး၊ ဥများ ကိုင်တွယ်ပြီးတိုင်း၊ လူနာများကို ထိတွေ့ ကိုင်တွယ်ပြီးတိုင်း လက်ကို ဆပ်ပြာနှင့် စနစ်တကျ စင်ကြယ်အောင်ဆေးကြောရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ လူတိုင်း မိမိလက်ကို ဆပ်ပြာနှင့် စင်ကြယ်အောင် စနစ်တကျ ဆေးကြောရန်နှင့် သူတစ်ပါးကိုလည်း လက်ကိုစင်ကြယ်အောင် စနစ်တကျ ဆေးကြောကြရန် သတိပေးခြင်းဖြင့် ပြည်သူလူထုအတွင်း ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# လမ်းမတော်မြို့နယ်အတွင်း အိမ်ခန်းအငှားဈေးကွက် ကောင်းစပြုလာ

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်မြို့တွင် အိမ်ခြံမြေ ဈေးကွက်အနေအထား အေးစက်နေသည်ဟု ပြောဆိုနေချိန် လမ်းမတော်မြို့နယ်အတွင်းရှိ လမ်းသစ်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေး လုပ်ဆောင်ခြင်း မကြာမီ စတင်မည့် သတင်းများ ထွက်ပေါ်နေခြင်းနှင့်အတူ အိမ်ငှားဈေးကွက် ကောင်းစပြုလာသည်ဟု အိမ်အငှားနှင့် အရောင်းအဝယ် လုပ်ကိုင်နေသည့် အမျိုးသမီးတစ်ဦးက ပြောသည်။

တိုက်ခန်း ၂၄ ခန်းစီပါဝင်သော လေးထပ်တိုက် ၁၁ လုံး ပါဝင်ပြီး သက်တမ်း နှစ်ပေါင်း ၆၀ ဝန်းကျင်ရှိနေသည့် လမ်းမတော်မြို့နယ်အတွင်းရှိ လမ်းသစ်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ဆောင်ရန်ရှိရာ သက်ဆိုင်ရာက အောက်တိုဘာ ၂၅ ရက်က အိမ်ရာတွင် နေထိုင်သူများကို သက်ဆိုင်ရာ ရုံး အစည်းအဝေး၌ တွေ့ဆုံ ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း တက်ရောက်လာခဲ့သူ ဦးကရင်က ပြောသည်။

အဆိုပါ အစည်းအဝေးတွင် အသိပေးထားချက်အရ အိမ်ရာ ပြန်လည်တည်ဆောက်နေမည်ဟု ခန့်မှန်းကာလ သုံးနှစ်အတွက် ယာယီပြောင်းရွှေ့ နေထိုင်သည့်အတွက် အိမ်ခန်းငှားခ တစ်လလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၁၀၈ သိန်း၊ ပြောင်းရွှေ့ခ အဆင်းသုံးသိန်း၊ အတက် သုံးသိန်းနှုန်းကို သက်ဆိုင်ရာက ထုတ်ပေးမည်ဟု သိရသည်။

တိုက်ခန်းတစ်ခန်းအတွင်း အိပ်ခန်း သုံးခန်းအပါအဝင် ဖွဲ့စည်းတည်ဆောက်ထားရာ မိသားစုနည်းသော အခန်းများတွင် အိပ်ခန်းငယ်တစ်ခန်းလျှင် တစ်လငှားရမ်းခ ငွေကျပ် တစ်သိန်းဝန်းကျင်ဖြင့် ပြန်လည် အငှားချထားခြင်းများ ရှိနေသည်ဟု သိရသည်။ စီမံကိန်း စတင် အကောင်အထည်ဖော်ရန် အကြမ်းဖျင်းအားဖြင့် ၂၀၁၈ ခုနှစ် သင်္ကြန်ကာလ ဝန်းကျင်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင်း၌ နေထိုင်လာကြသည်မှာ ဆယ်စုနှစ်ချီလာရာ လုပ်ငန်းစီးပွားရေးများအရ မြို့လယ်၊ မြို့တွင်းနှင့် ပတ်သက်နေသူများမှာ ယင်းသုံးနှစ်ကာလတွင် မြို့တွင်းတွင်သာ ငှားရမ်းနေထိုင်ရန် စီစဉ်နေကြသည်။ ပြောင်းရွှေ့နေထိုင်ခများ စတင်ထုတ်ပေးချိန်တွင် အိမ်ခန်း လိုက်လံငှားရမ်းခြင်းများ များပြားလာနိုင်ဖွယ်ရှိသည်။ ယခုလပိုင်းတွင် လေးလ၊ ငါးလဝန်းကျင် ဝေးကွာနေသေးချိန် အချို့မှာ အိမ်ခန်းကြိုတင်ငှားရမ်းခြင်းများ ပြုလုပ်လာသည်ကို စတင်မြင်တွေ့လာရသည်။

အိမ်ငှားအကျိုးဆောင်လောကတွင် အိမ်ငှားခြင်းအပေါ် အိမ်ငှား တစ်လစာကို အကျိုးဆောင်ခ ယူတတ်သဖြင့် ယင်းအိမ်ရာစီမံကိန်း စတင်မည့်ကာလမတိုင်မီ အရေအတွက်များသော အိမ်ခန်းငှားရမ်းခြင်းကို လမ်းမတော်မြို့နယ်အပါအဝင် မြို့လယ်ပိုင်း အိမ်ငှား ဈေးကွက်တွင် ကြုံတွေ့လာနိုင်မည်ဟု မျှော်လင့်နေကြောင်း လမ်းမတော်မြို့နယ်နေ အိမ်ငှားရမ်းရောင်းဝယ်ခြင်း အကျိုးဆောင်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။ ယခုကာလတွင် ဝါတွင်းကာလ လွန်လာပြီဖြစ်ရာ အိမ်ငှားရမ်းခြင်းများလည်း ပြန်လည် များလာချိန်တွင် လမ်းသစ်လမ်း အိမ်ရာစီမံကိန်းမှ ထွက်ပေါ်လာမည့် ယာယီအိမ်ငှားရမ်းနေထိုင်သူ အိမ်ထောင်စုပေါင်း သုံးရာဝန်းကျင်အနက် အများစုသည် မြို့လယ်ပိုင်းနှင့် ဆက်စပ်နေသော နေရာများတွင် ငှားရမ်းနေထိုင်ကြသည်။

ပုံမှန်ထက် ပိုမိုများပြားလာနိုင်မည့် အိမ်ငှားဈေးကွက်အပေါ် အကျိုးဆောင်များအနေဖြင့် ငှားရမ်းမည့် အိမ်ခန်းအလွတ်များကို ရှာဖွေနေကြကြောင်း သိရသည်။

**ခင်ဆိုင်**



# ထိုင်းနိုင်ငံ၌ အလုပ် သွားရောက် လုပ်ကိုင်လိုသည့် မြန်မာနိုင်ငံသား လေးဦးအား တစ်ဦးလျှင် ငွေကျပ် ၆ သိန်း ရယူကာ မဟာချိုင်ကားဂိတ်တွင် ပစ်ထားခဲ့မှု ဖြစ်ပွား

**မြဝတီ နိုဝင်ဘာ ၇**

ထိုင်းနိုင်ငံသို့ အလုပ်သွားရောက် လုပ်ကိုင်လိုသူ မြန်မာနိုင်ငံသား လေးဦးအား ပွဲစားတစ်ဦးက ငွေကျပ် ၆ သိန်းယူကာ မဟာချိုင်ကားဂိတ်၌ ပစ်ထားခြင်းခံရ၍ AAC အဖွဲ့၏ ကူညီမှုဖြင့် မြဝတီမြို့ပြန်လည်ကြိုဆိုရေးစခန်းသို့ နိုဝင်ဘာ ၄ ရက်က ရောက်ရှိလာခဲ့ကြောင်း သိရသည်။

မြဝတီ ပြန်လည်ကြိုဆိုရေးစခန်းသို့ ရောက်ရှိလာသည့် အလိမ်ခံရသူ မြန်မာနိုင်ငံသားများမှာ မြိတ်မြို့နယ် ကဇွန်းအင်းကျေးရွာမှ ကိုဝင်းနိုင်နှင့် ကိုညီညီ၊ နေပြည်တော် လယ်ဝေးမြို့မှ ကိုကျော်ဇေယျနှင့် မြိတ်မြို့နယ် ကတန်ကျေးရွာမှ ကိုမောင်မောင် တို့ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ အလုပ်ရှိသော်လည်း လုပ်ခလစာ နည်းပါးခြင်းတို့ကြောင့် တစ်ဖက် အိမ်နီးချင်း ထိုင်းနိုင်ငံသို့ သွားရောက် လုပ်ကိုင်ချင်သောကြောင့် ယခုကဲ့သို့ အလိမ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က တစ်နေ့လုပ် တစ်နေ့စား အလုပ်လုပ်ကိုင်နေတဲ့ သူတွေပါ၊ ထိုင်းမှာ အလုပ်သွားလုပ်ချင်ကြတယ်လို့ မြိတ်မြို့ လက်ဖက်ရည်ဆိုင်မှာ ပြောဖြစ်ကြတယ်၊ နောက်နေ့မှာပဲ ပွဲစားဖြစ်သူ တင်မောင်ဦးဆိုသူနဲ့ တွေ့ပြီး ထိုင်းမှာ အလုပ်ကောင်းကောင်းရမယ်ဆိုလို့ ပွဲစားခအဖြစ် သူ့ကို ငွေကျပ် ၆၀၀၀၀၀ ပေးလိုက်ရတယ်၊ သူက ထီးခီးနယ်စပ်ကနေ ထိုင်းကို အောက်တိုဘာ ၂၈ ရက်မှာ ပို့ပေးတယ်၊ ထိုင်းက ထိုင်းလူမျိုးတစ်ဦးက ကားနဲ့ လာကြိုပေးတယ်၊ ပြီးတော့ မဟာချိုင်ရောက်တော့ ကားပေါ်က ဆင်းခိုင်းပြီး ဒီမှာ ခဏနေဦးဆိုတဲ့ ပုံမျိုး ထိုင်းလိုပြောပြီး ထားခဲ့လိုက်တာ၊ လာခေါ်တဲ့ ထိုင်းလူမျိုးက မိုးချုပ်တဲ့အထိ ပေါ်မလာတော့ဘူး၊ အဲဒီမှာ အလိမ်ခံရပြီဆိုတာ သိရပြီး အဖမ်းခံရမှာကြောက်လို့ တောထဲမှာ ၂ ရက် သွားပုန်းနေရတယ်၊ ထမင်းမစားရဘဲ ပုန်းနေခဲ့ရတယ်"ဟု ကိုညီညီက ပြောသည်။

ထို့နောက် အွန်လိုင်းတွင် AAC အဖွဲ့ ဖုန်းနံပါတ်ကို ရှာဖွေကာ ဆက်သွယ်ကူညီတောင်းခံခဲ့တဲ့အတွက် AAC က ကိုရဲမင်းတို့ လာကြိုပေးကာ သူ့ရုံး၌ နှစ်ည နေခဲ့ရပြီး နိုဝင်ဘာ ၄ ရက်မှာ မြဝတီကြိုဆိုရေးစခန်းကို ပို့ဆောင်ပေးလိုက်ကြောင်း ၎င်းက ဆက်လက် ပြောပြသည်။

ထိုင်းနိုင်ငံသို့ သွားရောက် လုပ်ကိုင်မည့်သူများအား လူလိမ်ပွဲစားများကို အထူးသတိထား ရှောင်ရှားကြရန်နှင့် နေရပ်သို့ ပြန်လည်ရောက်ရှိပါက လိမ်လည်သွားသူ ပွဲစား တင်မောင်ဦးဆိုသူအား တွေ့အောင်ရှာဖွေပြီး တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ လူကယ်ရီပွဲစား တင်မောင်ဦးဆိုသူမှာ မည်သည့်အရပ်တွင် နေသည်ကို မသိရှိဘဲ မြန်မာနိုင်ငံအနှံ့မှ ထိုင်းနိုင်ငံသို့ အလုပ်သွားရောက် လုပ်ကိုင်လိုသူများကို လိုက်လံလိမ်လည်နေကြောင်း ၎င်းက ပြောသည်။

**ထိန်လင်းအောင်**




မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာ ကော်မတီမှ ကြီးမှူးကျင်းပသော ငြိမ်းချမ်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၆ ရက်က ရမည်းသင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဦးက ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ အတ်ကလေး (ရမည်းသင်း)

# ဘိုကလေးမြို့နယ်အတွင်းရှိ မီးဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**ဘိုကလေး နိုဝင်ဘာ ၇**

နိုဝင်ဘာ ၆ ရက်က မီးဘေးသင့်ခဲ့ကြသော ဘိုကလေးမြို့ဗိုလ်တေဇလမ်းရှိ မီးဘေးသင့်ပြည်သူများနှင့် ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာမှ မီးဘေးသင့်ပြည်သူများအား ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ယင်းနေ့မှာပင် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဖျာပုံခရိုင် ဘိုကလေးမြို့၌ နိုဝင်ဘာလ ၆ရက်က တစ်နေ့တည်း မီးဘေးနှစ်ကြိမ်ကြုံခဲ့ပြီး ဘိုကလေးမြို့ပေါ် ဗိုလ်တေဇလမ်း၌ ဖြစ်ပေါ်ခဲ့သော မီးလောင်မှုဖြစ်စဉ်၌ နေအိမ် ၁၀ လုံး မီးလောင်ကျွမ်းခဲ့ရာ အိမ်ထောင်စု ၁၃ စုမှ လူဦးရေ ၄၉ဦး မီးဘေးသင့်ခဲ့ပြီး မြင်းကကုန်းကျေးရွာ မီးလောင်မှုဖြစ်စဉ်တွင် နေအိမ် ၁၇ လုံး ပျက်စီးခဲ့ပြီး လူ ၃၃ ဦး မီးဘေးသင့်ခဲ့ကြောင်း သိရသည်။

"လက်ရှိအချိန်မှာ မီးငြိမ်းသတ်ပြီးတဲ့နောက် မီးဘေးသင့်ပြည်သူတွေကို သဘာဝဘေး စီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့် ချိတ်ဆက်ပြီး ဒေသခံပြည်သူတွေရဲ့ပူးပေါင်းပါဝင်မှုတွေနဲ့ အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းတွေဆောင်ရွက်နေပါတယ်။ မီးဘေးသင့်ပြည်သူတွေအတွက် ကယ်ဆယ်ရေးစခန်းတွေ ဖွင့်လှစ်ထားပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု ဘိုကလေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး ပြောသည်။

**သူဇာနွယ် (ဖျာပုံ)**



# တောင်သူလယ်သမား အသက် အာမခံအကြောင်း ပညာပေး ဟောပြော ဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၇**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာနှင့် နှမ်းတောကြီးကျေးရွာတို့၌ နိုင်ငံတော်ပိုင် နေပြည်တော် မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများက တောင်သူလယ်သမား အသက်အာမခံနှင့် မြွေအန္တရာယ် အသက်အာမခံအကြောင်း သိကောင်းစရာ ပညာပေး ဟောပြောဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်က ဟောပြောခဲ့ကြောင်း သိရသည်။

ဆင်သေကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသော အဆိုပါ တောင်သူလယ်သမားများအတွက် အသက်အာမခံအကြောင်း သိကောင်းစရာ ပညာပေး ဟောပြောဆွေးနွေးပွဲ၌ နေပြည်တော် မြန်မာ့အာမခံလုပ်ငန်းတာဝန်ခံ ဒေါ်နီနီအေးက တောင်သူလယ်သမားများနှင့် မိသားစုဝင်များအားလုံး ခိုင်မာသော ဘဝအာမခံချက်ရရှိရေး၊ နောင်ရေး စိတ်အေးချမ်းသာမှု ရရှိရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပေးစွမ်းနိုင်ရန်ရည်ရွယ်ကြောင်း၊ အာမခံသက်တမ်းအတွင်း မတော်တဆထိခိုက်မှုကြောင့် အာမခံထားသူ သေဆုံးပါက အာမခံတန်ဖိုးအတိုင်း အကျိုးခံစားခွင့် ရရှိမည်ဖြစ်ကြောင်း၊ အာမခံတန်ဖိုး ငွေကျပ်တစ်သိန်းလျှင် ပရီမီယံ ငွေကျပ် ၁၀၀၀ ကျသင့်မည်ဖြစ်ပြီး ငွေကျပ်သိန်း ၅၀ လျှင် ငွေကျပ် ၅၀၀၀၀ ကျသင့်မည်ဖြစ်ကာ အာမခံသက်တမ်းမှာ တစ်နှစ်ဖြစ်ကြောင်း ဟောပြောခဲ့သည်။

ဟောပြောပွဲ အပြီး တက်ရောက်လာကြသော ရွာသူရွာသားများက နိုင်ငံတော်ပိုင် အာမခံလုပ်ငန်းအကြောင်း သိလိုသည်များကို မေးမြန်းရာ လုပ်ငန်းတာဝန်ခံက ပြန်လည်ဖြေကြားသွားကြောင်း သိရသည်။

**ကိုကြီးကျော် (ပျဉ်းမနား)**

# ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတွင် ကျေးလက်ဖွံ့ဖြိုးရေးပြခန်း၌ အကြံဉာဏ်များပေးနိုင်

**ဘားအံ နိုဝင်ဘာ ၇**

ကရင်ပြည်နယ် ဘားအံမြို့ ၄ ရပ်ကွက် သီရိကွင်းအတွင်း နိုဝင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် ၆၂ နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်သို့ လာရောက်သည့်ပြည်သူများအနေဖြင့် ပွဲတော်အတွင်း ဖွင့်လှစ်ထားသော ကျေးလက်ဖွံ့ဖြိုးရေးပြခန်းသို့ ဝင်ရောက်လေ့လာကာ ပြည်သူလူထုဗဟိုပြု ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဝိုင်းဝန်း အကြံပေးနိုင်ရေးအတွက် စီစဉ်ထားရှိကြောင်း သိရသည်။

ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပြသသည့် အဆိုပါပြခန်း၌ ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ၊ မြစိမ်းရောင် ဆောင်ရွက်မှုမှတ်တမ်းများ ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း VDP ဆောင်ရွက်နေမှုများကို မှတ်တမ်းဓာတ်ပုံများ၊ စိတ်ဝင်စားဖွယ် ပုံစံငယ်များဖြင့် ခင်းကျင်းပြသထားရှိမည်ဖြစ်ကာ လာရောက်ကြည့်ရှုလေ့လာသူများအနေဖြင့် သိရှိလိုသည်များကိုလည်း မေးမြန်းနိုင်ကြမည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း CDD (တတိယစက်ဝန်း)လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူများက မိမိတို့၏ အမှတ်တရ ရင်တွင်းစကားများ ဖော်ကြူးနိုင်ရန်အတွက် အစီအစဉ်လည်း ပြုလုပ်ထားပြီး ပွဲတော်တွင် ပြခန်းသို့လာရောက်၍ ရပ်ရွာအခြေပြု ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်သော မေးခွန်းများကို စိတ်ဝင်စားစွာဖြင့် မေးမြန်းခြင်း၊ အကြံပေးခြင်းများ ဆောင်ရွက်မည့် ပြည်သူများအား ဦးထုပ်၊ အင်္ကျီ၊ ဘောပင်စသည့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ရန်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ထားကြောင်း အဆိုပါဌာနတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**




# ရပ်ရွာ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အသက်ကယ်လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်

**မန္တလေး နိုဝင်ဘာ ၇**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ရန်ပုံငွေကို မတည်၍ ဟေမာဇလရပ်ကွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဟေမာမောင်မယ် ရပ်မိရပ်ဖများ ပူးပေါင်းလှူဒါန်းငွေဖြင့် ဝယ်ယူခဲ့သည့် အရေးပေါ် အသက်ကယ်လူနာတင်ယာဉ်ကို ရပ်ကွက်အတွင်း လူမှုရေးလုပ်ငန်းများအတွက် အသုံးပြုရန် လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၅ ရက်က ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက်ရှိ အမှတ် (၇) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။



လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ပါမောက္ခ ဒေါက်တာသန်းဝင်းက ပြည်ထောင်စုလွှတ်တော်မှပေးသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ရန်ပုံငွေအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်က အသက်ကယ်သူနာပြုယာဉ်နှင့် ပတ်သက်သော မှတ်တမ်းများကို ရပ်မိရပ်ဖ ဦးမောင်တင်(ဝိန့်လီ စိန်ရွှေရတနာဆိုင်)ထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ လူနာတင်ယာဉ်ကို ပြည်ထောင်စုလွှတ်တော် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ရန်ပုံငွေ ကျပ်သိန်း ၅၀ မတည်၍ ဟေမာဇလရပ်ကွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဟေမာမောင်မယ် ရပ်မိရပ်ဖများ ပူးပေါင်းလှူဒါန်းငွေကျပ် ၁၃၅ သိန်း၊ စုစုပေါင်း ကျပ် ၁၈၅ သိန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကာ ရပ်ရွာအတွင်း သဘာဝ ဘေးအန္တရာယ်ကြုံတွေ့ရမှုများ၊ မတော်တဆထိခိုက်မှုများ၊ အရေးပေါ်လူနာများနှင့် အခြား ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မိုးများသဖြင့် ကျေးရွာချင်းဆက် ကားလမ်းမကြီး ပျက်စီးပြီး သွားလာရေး ခက်ခဲနေသဖြင့် ပြင်ဆင်ပေးရန် လိုလားနေ

**ဗန်းမောက် နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ကိုင်းကြီးကျေးရွာအုပ်စု ခေါင်းကိုက်ကျေးရွာနှင့် သဲချောင်းကြီးကြားရှိ ကျေးရွာချင်းဆက် ကားလမ်းမကြီးသည် အောက်တိုဘာလကုန်ပိုင်းက မိုးများ အဆက်မပြတ် ရွာသွန်းမှုကြောင့် ချိုင့်ခွက်ရွံ့နွံအိုင်များဖြစ်ပေါ်လာပြီး ချွတ်ယွင်းပျက်စီးနေကြောင်း သိရသည်။

"ဒီအောက်တိုဘာလကုန်ခါနီးမှာ မိုးက ဆက်တိုက်လို ရွာခဲ့တယ်၊ မိုးမပြတ်ရွာခဲ့တော့ ကျွန်တော်တို့ အုပ်စုအတွင်းမှာရှိတဲ့ ခေါင်းကိုက်ကျေးရွာနဲ့ သဲချောင်းကြီးကြားမှာရှိတဲ့ သဲကျောက်နဲ့ ကားလမ်းခင်းထားတဲ့နေရာတွေ ပျက်စီးသွားတယ်၊ ဘာကြောင့်လဲဆိုတော့ မိုးကလည်း ရက်ဆက်ရွာနေတဲ့ အချိန်မှာ ကျွန်တော်တို့ဒေသမှာရှိတဲ့ ထော်လာဂျီနဲ့ လေးလုံးထိုးကားတွေကလည်း စပါးတိုက်ပြီး သယ်ယူတာတွေရှိတယ်၊ နောက်ပြီး သုံးဘီးတွေလည်း သွားလာနေတော့လမ်းက ပျက်စီးတာတွေဖြစ်လာတာပါ" ဟု ကိုင်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခိုင်ဇော်ဝင်းက ပြောသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းမကြီး ပျက်စီးနေသောနေရာများမှာ ခေါင်းကိုက်ရွာမှ သဲချောင်းကြီးဘက်သို့အထွက် နှစ်မိုင်ခန့်အတွင်းဖြစ်ပြီး ထိုပျက်စီးနေသော ကားလမ်းမကြီးကို မြို့နယ်အဆင့် သက်ဆိုင်ရာဌာနများက ပြန်လည်ပြုပြင်ပေးရန် ကျေးရွာနေပြည်သူများ လိုလားနေကြကြောင်း သိရသည်။ **သန်းမောင်လေး**



# မြို့နယ်တွင်းရှိ ကလေးများအား ဂျပန်ဦးနှောက်အမြှေးရောင် ကာကွယ်ဆေး နှစ်ပိုင်းခွဲ ထိုးနှံပေးမည်

**မိုးကောင်း နိုဝင်ဘာ ၇**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင်းရှိ ကလေးများအား ဂျပန်ဦးနှောက်အမြှေးရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံရန် ဆောင်ရွက်သွားမည့်ကိစ္စနှင့်ပတ်သက်၍ မြို့နယ်အဆင့်အသိပညာပေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၆ ရက်က မိုးကောင်းပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းက အမှာစကားပြောကြားပြီး ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းဆိုင်ရာ အကြောင်းအရာများကို မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာသန်းဦးနှင့် လက်ထောက်ဆရာဝန် ဒေါက်တာချောစုစုဇောတို့က အသေးစိတ် ရှင်းလင်းပြောကြားသည်။

ကာကွယ်ဆေးထိုးပေးရာတွင် ကျောင်းအခြေပြုနှင့် ပြည်သူလူထုအခြေပြုဟူ၍ နှစ်ပိုင်းခွဲကာ ထိုးနှံပေးမည်ဖြစ်ပြီး ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်းကို နိုဝင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ ဆောင်ရွက်ကာ မြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၈၅၃၉ ဦးအား ထိုးနှံပေးမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအခြေပြု ဆေးထိုးပေးခြင်းကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အတွင်း ရပ်ကွက်၊ ကျေးရွာများရှိ စုရပ်များ၌ ဆောင်ရွက်မည်ဖြစ်ကာ ကျောင်းမနေသေးသော ငါးနှစ်အောက် ကလေးငယ် ၁၁၆၄၆ ဦးကို ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဂျပန်ဦးနှောက်အမြှေးရောင် ကာကွယ်ဆေးကို တစ်နိုင်ငံလုံးက အသက် ၁၅ နှစ်အောက် ကလေးတွေကို ဒီနှစ်မှာ အားလုံးထိုးပေးမှာဖြစ်ပြီး နောက်နှစ်တွေမှာတော့ ပုံမှန်ကာကွယ်ဆေးအစီအစဉ်ထဲ ထည့်သွင်းသွားမယ်ဆိုပါက ကာကွယ်ပြီးသားဖြစ်စေဖို့ရည်မှန်းပြီးထိုးပေးတာဖြစ်ပါတယ်၊ ဂျပန်ဦးနှောက်ရောင်ရောဂါဟာ မိုးရာသီမှာ အဖြစ်များပြီး ခြင်ကိုက်တာကြောင့်ဖြစ်တဲ့အတွက် ခြင်နှိမ်နင်းရေးကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ရောဂါဖြစ်ပွားရင် တစ်ဦးနဲ့တစ်ဦး တိုက်ရိုက်ကူးစက်မှုမရှိဘူးဆိုပေမယ့် ရောဂါဖြစ်ပွားရင်တော့ ပျောက်ကင်းအောင် ကုသနိုင်တဲ့ဆေးမရှိသေးပါဘူး"ဟု မြို့နယ်ကျန်းမာရေးမှူးအဆင့် ၁ ဦးလကြံ့ဘရန်က ပြောသည်။

အသိပေးရှင်းလင်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဌာနမှ ဝန်ထမ်းများနှင့် ကျောင်းအုပ်ကြီးများ၊ NGO ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ဂျပန်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားလေ့ရှိသော အရှေ့တောင်အာရှနှင့် အနောက်ပစိဖိတ်ဒေသတို့ရှိ နိုင်ငံပေါင်း ၂၄ နိုင်ငံတွင် ရောဂါဖြစ်ပွားမှုနှုန်းသည် လူဦးရေ တစ်သိန်းတွင် နှစ်ဦးခန့်ဖြစ်ပြီး နှစ်စဉ်ရောဂါဖြစ်ပွားသူ ၆၈၀၀၀ ခန့်နှင့် သေဆုံးသူ ၂၀၄၀၀ ခန့်ရှိသည်ဟု သိရသည်။

**မင်းမင်းဦး(EPN)**

# တံခွန်စိုက်ဒိုင်းဆု ရရှိသည့် သရက်ချောင်းမြို့နယ်မှ အားကစားသမားများအား ဂုဏ်ပြုပွဲ ကျင်းပပေး

**သရက်ချောင်း နိုဝင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် အုပ်ချုပ်ရေးမှူးဖလား အသက် ၁၇ နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသည့် သရက်ချောင်းမြို့နယ် အားကစားသမားများအား ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် အောင်ပွဲရရှိသည့် အားကစားသမားများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးဝင်းမောင်လေးက တံခွန်စိုက်ဒိုင်းဆုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းထံ အပ်နှံခဲ့သည်။ ဆက်လက်ပြီး ဆုရရှိသည့် အားကစားသမားများအား မြို့နယ်အားကစားနှင့် ကာယပညာကော်မတီအဖွဲ့ဝင်များက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ရာ အဆိုပါ ဂုဏ်ပြုလက်ဆောင်များကို ဆုရရှိသော အားကစားသမားများက လက်ခံရယူခဲ့ပြီး အားကစားသမားများကိုယ်စား မောင်ရန်နိုင်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**နိုင်ဝင်း(ပြန်/ဆက်)**

# မြို့လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပ

**သုံးခွ နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ၄ ရပ်ကွက် ရှစ်မျက်နှာစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ၃၇ ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၃ ရက်(တန်ဆောင်းလပြည့်နေ့)က ကျင်းပခဲ့သည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ရှစ်မျက်နှာစေတီတော်ပရိဝုဏ် စုရပ်မှစ၍ အနော်ရထာလမ်း၊ အောင်ဇေယျလမ်း၊ ရှင်စောပုလမ်း၊ ဓမ္မစေတီလမ်းအတိုင်း မြို့မဈေးတစ်ပတ် လှည့်လည်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် သုံးခွမြို့ ၇ ရပ်ကွက် စစ်ကုန်းကျောင်းတိုက် ဦးစီးပဓာနနာယက သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တကောဝိဒအမှူးပြုသည့် မြို့ပေါ်ကျောင်း ၃၅ ကျောင်းမှ သံဃာတော်များနှင့် သီလရှင်များအား မြို့နယ်အတွင်းရှိ စေတနာရှင် ပြည်သူများက သဒ္ဓါတရားထက်သန်စွာဖြင့် ဆွမ်းဆန်စိမ်းများအပြင် အခြားလှူဖွယ်ပစ္စည်းမျိုးစုံကိုလည်း ပေးအပ်လှူဒါန်းခဲ့ကြသည်။ **ကိုကျော်(သုံးခွ)**

# မြဝတီ-ကော့ကရိတ် အမြန်လမ်းကို ပြန်လည်ပြင်ဆင်ရန်နှင့်ပတ်သက်၍ ဂျပန် အင်ဂျင်နီယာနှစ်ဦး အကြံပြု



**မြဝတီ နိုဝင်ဘာ ၇**

မြဝတီ-ကော့ကရိတ်အမြန်လမ်းတွင် မော်တော်ယာဉ်များ မကြာခဏတိမ်းမှောက်နေပြီး ယာဉ်တိုက်မှုများ နေ့စဉ်နီးပါးဖြစ်ပေါ်နေမှုကြောင့် ဂျပန်နိုင်ငံမှလမ်းပိုင်းဆိုင်ရာကျွမ်းကျင်ပညာရှင်အင်ဂျင်နီယာ နှစ်ဦးသည် နိုဝင်ဘာ ၃ ရက်မွန်းလွဲပိုင်းက လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ယာဉ်/လမ်း အန္တရာယ်ကင်းရှင်းရေးအဖွဲ့(Myanmar Organization For Road Safety(MORS) မှ တာဝန်ရှိသူများ၏ ဖိတ်ခေါ်မှုကြောင့် ဂျပန်နိုင်ငံမှ ရန်ကုန်မြို့အခြေစိုက် Five Squares ကုမ္ပဏီမှ လမ်းပိုင်းဆိုင်ရာအင်ဂျင်နီယာ Mr.Shimorenjyaku Mitakashi နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပိုင်း ပညာရှင် Mr.Kazuhiko Yoshino တို့ နှစ်ဦးသည် မကြာခဏယာဉ်တိမ်းမှောက်မှုများဖြစ်နေသော အဆိုပါလမ်းပိုင်းကို နိုဝင်ဘာ ၃ ရက်က လာရောက်ကြည့်ရှုခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ယခုလမ်းပိုင်းတွင်ကုန်းတက်ကုန်းဆင်း နေရာ၌ ကီလိုမီတာ ၄၀ သာ မောင်းနှင်ရန် သတ်မှတ်ထားသော်လည်း မြန်မာယာဉ်မောင်းများမှာ ၎င်းနေရာ၌ ကီလို ၆၀ မှ ၈၀ အထိ မောင်းနှင်နေခြင်းကြောင့် လမ်း၏အပြစ်မဟုတ်ဘဲ ယာဉ်မောင်းများစည်းကမ်းမရှိခြင်းကြောင့်ဖြစ်ခြင်း၊ Slow Down များကို ရှောင်၍ မောင်းနှင်နေခြင်း၊ Slow Down များကို ကုန်းဆင်းနေရာမှ စတင်ပြုလုပ်သင့်သော်လည်း ယခုပြုလုပ်ထားသည်မှာ ကုန်းဆင်း အောက်ခြေတွင် ပြုလုပ်ထားခြင်း၊ အဆိုပါလမ်း နေရာတွင် မြေနေရာရှိသေးသဖြင့် လမ်း၏ ဘေးဘယ်ညာတွင် ထပ်မံချဲ့ထွင်ရန် လိုအပ်ခြင်း၊ ဖြစ်နိုင်ပါက ၎င်းနေရာတွင် လမ်းမှာ ကွေ့အရှည်ကြီးဖြစ်နေသည့်အတွက် ၎င်းကွေ့ကိုဖြတ်၍ တစ်ဖြောင့်တည်း တံတားထိုးလိုက်လျှင် ပိုမိုအန္တရာယ်ကင်းစေမည်ဖြစ်ခြင်း၊ ယခုပြုလုပ်ထားသော Slow Down များကို ပြန်လည်ဖျက်သိမ်းကာ ယခင်မူလအတိုင်းထားပြီး ဖြည်းဖြည်းမောင်းပါဟူသော ဆိုင်းဘုတ်များ စိုက်ထူခြင်း စသည်တို့ ပြုလုပ်ရန်လိုအပ်ကြောင်း သိရသည်။

ထို့အပြင် ၎င်းနေရာတွင် ကီလိုမီတာ ၄၀ ထက် ပိုမောင်းပါက ဒဏ်ငွေရိုက်သည့်စနစ်ကျင့်သုံးခြင်း၊ လမ်းဘေးဝဲယာမှ သစ်ပင်များကို ရှင်းလင်းခုတ်ထွင်ခြင်း၊ တစ်ဖက်ယာဉ်ကြောရှင်း မရှင်း မကြည့်ဘဲ စည်းကမ်းမဲ့စွာ အရှိန်မြှင့်မောင်းနှင်၍ ကျော်တက်နေသည်များကိုမပြုလုပ်ကြဘဲ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ခြင်း၊ မည်သည့်နေရာမဆို အသေးအဖွဲကလေးမှစ၍ ဂရုစိုက်ခြင်း စသည်တို့ကိုလည်း လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း အဆိုပါ ဂျပန်ပညာရှင်နှစ်ဦးစလုံးက ရှင်းလင်းပြောကြားသည်။

အဆိုပါ လမ်းနှင့်ပတ်သက်၍ ဂျပန်ပညာရှင်နှစ်ဦး၏ စစ်ဆေးတွေ့ရှိချက်များနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆက်လက်ဆောင်ရွက်ရန်များကို နိုင်ငံတော်အစိုးရသို့တင်ပြသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ထိန်လင်းအောင်**



## သူတစ်ပါးထိခိုက်မှု အာမခံ နစ်နာကြေး ပေးအပ်ပွဲကျင်းပ

**ကလေး နိုဝင်ဘာ ၇**

အောက်တိုဘာလဆန်းပိုင်းက တီးတိန်မြို့နယ် သိုင်းငင်းကျေးရွာအနီး၌ လမ်းဘေးချရပ်၍ ကားရှောင်စဉ် လမ်းဘေးမြေသားအိကျကာ လမ်းဘေးချောက်ကမ်းပါးသို့ ပြုတ်ကျပြီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသူ ခရီးသည်များအနက် ခရီးသည် ငါးဦး သေဆုံးခဲ့ပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့ခြင်းအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း ကလေးခရိုင်ရုံးခွဲက သူတစ်ပါးထိခိုက်မှုအာမခံ နစ်နာကြေးပေးချေခြင်း လျော်ကြေးပေးအပ်ပွဲကို နိုဝင်ဘာ ၆ ရက်က ကလေးမြို့နယ် စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် သူတစ်ပါးထိခိုက်မှုအာမခံ နစ်နာကြေး တစ်ဦးလျှင်ကျပ် ၁၀ သိန်းနှုန်းဖြင့် ငါးဦးတို့အတွက် ငွေကျပ် သိန်း ၅၀၊ ဒဏ်ရာရသူ ၁၂ ဦးတို့အတွက် ငွေကျပ် ၂၂ သိန်း၊ စုစုပေါင်းငွေကျပ် ၇၂ သိန်းကို ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက အကျိုးခံစားခွင့်ရှိသူများထံသို့ ပေးအပ်ခဲ့သည်။ ကျန်သော ဒဏ်ရာရရှိသူတစ်ဦးအတွက် လျော်ကြေးငွေကို ပြည်သူ့ဆေးရုံမှဆင်းသည့်အခါ ပြည်သူ့ဆေးရုံ ဆရာဝန်ကြီး၏ ထောက်ခံချက်အရ ဆက်လက်ပေးချေသွားမည်ဖြစ်ကြောင်း သိရသည်။

လျော်ကြေးငွေ ပေးအပ်ပွဲတွင် အဆိုပါ ယာဉ်မှောက်မှုအပြင် ဇူလိုင် ၁၂ ရက်က ဖလမ်းမြို့ တလန်လိုရပ်ကွက်အနီးတွင် ယာဉ်ချောက်ထဲသို့ပြုတ်ကျ၍ သေဆုံးသူတစ်ဦးအတွက် သူတစ်ပါးထိခိုက်မှုအာမခံကြေးငွေ ကျပ် ၁၀ သိန်း၊ ဩဂုတ် ၂၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ စက်သုံးဆီဆိုင်ဝင်းအတွင်း ယာဉ်နောက်ဆုတ်စဉ် ကြိတ်မိ၍ တစ်နှစ်ခွဲအရွယ် ကလေးငယ်တစ်ဦး သေဆုံးခြင်းအတွက် သူတစ်ပါးထိခိုက်မှုအာမခံကြေးငွေကျပ် ၁၀ သိန်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း၏ ဇနီးနှင့်သားဖြစ်သူ သေဆုံးမှုအတွက် တစ်ဦးလျှင် ကျပ်ငါးသိန်းစီဖြင့် ကျပ် ၁၀ သိန်းတို့ကိုလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်ပိုင် မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား လုပ်သားပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်၊ စီးပွားရေးလုပ်ငန်းများကို အာမခံအကာအကွယ်ပေးခြင်းဖြင့် ကူညီပေးလျက်ရှိရာ အာမခံလုပ်ငန်းအမျိုးအစား ၂၉ မျိုးကို လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး အာမခံအလုပ်လက်ခံဆောင်ရွက်ခြင်း၊ ဆုံးရှုံးမှုဖြစ်စဉ်များအတွက် အမြန်ဆုံးနှင့် အမှန်ကန်ဆုံး လျော်ကြေးပေးချေခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက လျော်ကြေးငွေပေးအပ်ပွဲတွင် ရှင်းလင်းပြောကြားသည်။

**ဂျူနိုင်း**

## မုံရွာမြို့နယ်တွင် ကြက်သွန်နီမျိုးစေ့ဈေး အမြင့်ဆုံးသို့ရောက်နေ

မုံရွာမြို့ ကြက်သွန်ဈေးကွက်တွင် ကြက်သွန်နီမျိုးစေ့ဈေးသည် လက်ရှိတွင် တစ်ပြည်လျှင် ကျပ်ကိုးသောင်းနှင့်တစ်သိန်းကြားသို့ရောက်ရှိနေရာ မုံရွာဈေးကွက်အနေဖြင့် အမြင့်ဆုံးဈေးသို့ရောက်ရှိနေကြောင်း ကြက်သွန်ပွဲစားများနှင့် ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။

"ကြက်သွန်မျိုးစေ့ တစ်ပြည်ကို အခုလောလောဆယ် ကိုးသောင်းနဲ့ တစ်သိန်းကြားမှာ ရှိနေပါတယ်၊ အရင်နှစ်တွေတုန်းက နှစ်သောင်းနဲ့ သုံးသောင်းဝန်းကျင်ပဲ၊ ဒီနှစ်ကတော့ အမြင့်ဆုံးပါပဲ၊ မျိုးကြက်သွန်က တစ်ပိဿာ ၂၀၀၀ နဲ့ ၂၂၀၀ ဈေးရှိတယ်၊ ဝယ်တဲ့သူ ပေါပေမယ့် ရောင်းသူ ရှားနေပါတယ်၊ မျိုးဈေးဈေးတက်ရတဲ့အကြောင်းရင်းက ပျိုးတဲ့မျိုးတွေက မိုးထဲပါကုန်လို့ပါ၊ သုံးပုံပုံရင်နှစ်ပုံလောက် ပါသွားတယ်၊ အခုလိုဈေးတက်ပြီး မျိုးစေ့ရှားတဲ့အတွက် ဆောင်းကြက်သွန် ရှားမယ့်လက္ခဏာတော့ တွေ့ရတယ်၊ ပျက်တာတွေများတာကိုး"ဟု မုံရွာမြို့ခံ ကြက်သွန်ပွဲစားတစ်ဦးဖြစ်သူ ဦးမြင့်ဆွေက ရှင်းပြသည်။

ကြက်သွန်စိုက်တောင်သူ အများစုသည် ကြက်သွန်စိုက်သည့်လုပ်ငန်းကို သာ အမြဲလုပ်သည့်အတွက် ကြက်သွန်မျိုးစေ့ရှားနေသော်လည်း အခြားဒေသမှရရှိရန် ရှာဖွေ ဝယ်ယူနေရခြင်းများ ရှိနေသလို တောင်သူများအနေဖြင့်လည်း ကြက်သွန်နီမျိုးစေ့ တစ်ပြည်လျှင် ကျပ်ငါးသောင်းဈေးရှိစဉ်ကာလက စိုက်ခဲ့ပြီးဖြစ်သော်လည်း မိုးကြောင့် ပျက်စီးသွားရာ မျိုးစေ့လက်ကျန်ရှိသူများအနေဖြင့် ဈေးတက်ရောင်းချနေကြခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာ လိုသလောက် ကြက်သွန်နီမျိုးစေ့က မုံရွာနယ်မှာ နည်းသွားပြီဖြစ်တဲ့အတွက် ဆိပ်ဖြူဒေသ၊ တောင်သာဒေသဘက်ကို သွားဝယ်ရတာ တွေ့ရှိပါတယ်၊ သူတို့ဆီကရှားရင် ဒီမှာလာဝယ်၊ ဒီကရှားရင် သူတို့ဆီမှာ သွားဝယ်ရတာတွေ ရှိပါတယ်"ဟု မုံရွာ ကြက်သွန်နီစိုက် တောင်သူတစ်ဦးကပြောပြသည်။



ဆိပ်ဖြူမြို့နယ်သို့ အခြားနယ်မှ လာဝယ်၍သာ ကြက်သွန်နီမျိုးစေ့ ဈေးမြောက်နေခြင်းဖြစ်ကြောင်း၊ ဆိပ်ဖြူဒေသတွင်း ကြက်သွန်နီမျိုးစေ့ဈေးမှာ တစ်ပြည်လျှင် ကျပ်ငါးသောင်းသာရှိကြောင်း ဆိပ်ဖြူမြို့နယ်မှ ကြက်သွန်ကုန်သည် ဦးပေါ်တင်ထံမှ သိရသည်။

"လက်ရှိ ဆိပ်ဖြူဒိုင်ကို ကြက်သွန်နီအဝင် နည်းနေပါတယ်၊ ဈေးနှုန်းက တစ်ပိဿာ ၂၁၀၀ နဲ့ ၂၂၀၀ဈေး ရှိပါတယ်၊ နည်းတဲ့အတွက် ရန်ကုန်ပို့တာလည်း အတော်နည်းနေပါတယ်၊ ဆိပ်ဖြူတစ်ဝိုက်မှာတော့ ကြက်သွန်နီစိုက်ဖို့ ပြင်နေကြသလို တချို့လည်း စိုက်နေကြပါပြီ၊ မြေနုကျွန်းနဲ့ ကျွန်းထ ကိုင်းထဲမှာ အစိုက်များကြပါတယ်၊ အခုစိုက်နေကြတာက ဆောင်းကြက်သွန်ပါ၊ အခုဟာက ဉစိုက်တာပါ၊ ဆိပ်ဖြူဒေသကနေ စလင်းနယ်အထိ ကြက်သွန်စိုက်တဲ့သူတွေများပါတယ်၊ ကြက်သွန်မျိုးစေ့ ဈေးများတာက ဒီဒေသက မဆန်းတော့ဘူး၊ အရင်က မျိုးစေ့တစ်ပြည် ရှစ်သောင်းကိုးသောင်း တစ်သိန်း ရှိတော့ အခုလိုငါးသောင်းဈေးဆိုတော့ များတယ်မသတ်မှတ်ပါဘူး၊ ကြက်သွန်နီမျိုးစေ့ တစ်ပြည်က မြေတစ်ကေရဲ့ လေးပုံ တစ်ပုံအကျယ်အဝန်းမှာ စိုက်လို့ရတဲ့ပမာဏပါ"ဟု ၎င်းက ဆက်ပြောပြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ဆီဘောက်ဆာယာဉ် နောက်တွဲပြုတ်ကျ၍ ရဲတပ်ဖွဲ့ဝင်များ ကူညီခဲ့ရ

**မန္တလေး နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီးအတွင်း မန္တလေး-ပြင်ဦးလွင်အတက်လမ်း ဆင်ဖြူတော်ဘုရားအနီး လမ်းကွေ့တွင် နိုဝင်ဘာ ၅ ရက်က BOC ဆီဘောက်ဆာတွဲယာဉ်တစ်စီး နောက်တွဲပြုတ်ကျပြီး အတက်အဆင်း ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဆီဘောက်ဆာ နောက်တွဲ ပြုတ်ကျသည့် နေရာသို့ မန္တလေး အမှတ် ၁၄ ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ(မန္တလေး)မှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးခင်ဇော်မြင့် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၃၀ ခန့်က လာရောက်၍ လမ်းရှင်းလင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ပေးခဲ့ရပြီး နိုဝင်ဘာ ၆ ရက်တွင် အဆိုပါဆီဘောက်ဆာ နောက်တွဲယာဉ်ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့၍ ယခုအခါ ယာဉ်များ ပုံမှန်အတိုင်း သွားလာလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအတွက် စောင့်ကြည့်ဖမ်းဆီးရေးအဖွဲ့များ ဖွဲ့စည်းထားစေချင်

**ကသာ နိုဝင်ဘာ ၇**

ကသာခရိုင် ကသာမြို့၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများကြောင့် နောက်ဆက်တွဲပြစ်မှုများဖြစ်သော ခိုးမှုဖောက်ထွင်း လုယက်မှုများ ပေါ်ပေါက်လာလျက်ရှိကာ ရပ်ကွက်၊ ကျေးရွာများတွင်လည်း မူးယစ်ဆေးဝါးဖြန့်ချိသူ လူစိမ်းများ နေ့ရောညပါ ဝင်ရောက်ခြင်းများ ရှိနေသဖြင့် မူးယစ်ဆေးဝါးသုံးစွဲ၊ ရောင်းချသူများ တဖြည်းဖြည်းများလာလျက်ရှိရာ ထိုအခြေအနေများကို အဟန့်အတားဖြစ်စေရန်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အထောက်အကူဖြစ်စေရန်အတွက် ဒေသခံပြည်သူများပါဝင်သော စောင့်ကြည့်ဖမ်းဆီးရေးအဖွဲ့များကို ဖွဲ့စည်းပေးရန် ပြည်သူအချို့က ဆန္ဒရှိနေကြောင်း သိရသည်။

ကသာမြို့ပေါ်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးက ကသာမြို့တွင် ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၂ စုနှင့် ကျေးရွာပေါင်း ၁၄၃ ရွာရှိပြီး လူဦးရေ ၁၆၀၀၀၀ ကျော် နေထိုင်လျက်ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် နယ်မြေလုံခြုံရေး ရဲစခန်းနှင့် ကျေးရွာရဲကင်းစခန်းများရှိသော်လည်း ကသာမြို့နယ်သည် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့နှင့် နယ်နိမိတ်ထိစပ်နေရာတွင် ကျရောက်နေသဖြင့် မူးယစ်ဆေးဝါး ဖြန့်ချိသူများ ဝင်ရောက်သွားလာလှုပ်ရှားနေလျက်ရှိရာ ရဲတပ်ဖွဲ့အပေါ် အထောက်အကူပြုနိုင်စေရန်နှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို အထောက်အကူပြုစေရန်အတွက် လူထုအခြေပြု စောင့်ကြည့်စစ်ဆေး ဖမ်းဆီးရေးအသင်းအဖွဲ့များ ဖွဲ့စည်းထားရန်လိုအပ်ကြောင်း အကြံပြုပြောကြားသည်။

ကသာမြို့နေ ဝန်ထမ်းဟောင်း ပြည်သူတစ်ဦးကလည်း "ခရိုင်အတွင်းမှာရှိတဲ့ အင်းတော်မြို့နယ်၊ ဗန်းမောက်မြို့နယ်နဲ့ ပင်လည်ဘူးမြို့နယ်တွေမှာ မူးယစ်ဆေးဝါးဖြန့်ချိနေမှုကို အဟန့်အတားဖြစ်စေဖို့ ပရဟိတလူငယ် လူကြီးများပူးပေါင်းပြီး အသင်းအဖွဲ့တွေ ဖွဲ့စည်းပြီး ရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းလုပ်ဆောင်လာကြတာတွေ့ရပါတယ်၊ မူးယစ်ဆေးတွေ လုံးဝပပျောက်သွားတာမျိုးမရှိပေမယ့် အရင်ကလောက် အခြေအနေ မဆိုးတော့တာကို တွေ့မြင်ရပါတယ်၊ ဘာပဲဖြစ်ဖြစ် သုံးစွဲရောင်းချသူတွေအတွက်လည်း အဟန့်အတား ဖြစ်သွားတာပေါ့။ ဒီလို အသင်းအဖွဲ့တွေ ဖွဲ့စည်းထားရှိပြီး တစ်ရွာနဲ့ တစ်ရွာ၊ တစ်ရပ်ကွက်နဲ့ တစ်ရပ်ကွက်၊ တစ်မြို့နဲ့ တစ်မြို့ချိတ်ဆက်စောင့်ကြည့်ပြီး မူးယစ်ဆေးဝါးသုံးစွဲသူ၊ မူးယစ်ဆေးကူးသန်းရောင်းချတာတွေကို ပစ္စည်းနဲ့လူတွဲလျက်မိအောင် ဖမ်းဆီးရမိတာ များလာရင် မြို့ရွာရပ်ကွက် အေးချမ်းသာယာနိုင်ပြီး မူးယစ်ကင်းစင်တဲ့ နယ်မြေတွေ ပေါ်ပေါက်လာနိုင်မှာ ဖြစ်ပါတယ်"ဟု ၎င်း၏အမြင်ကို သုံးသပ်ပြောကြားသည်။ **ငွေအိုး(ကသာ)**

# လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး အသိပညာပေး ဟောပြော

**ညောင်ဦး နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံး၊ ညောင်ဦးခရိုင်လျှပ်စစ်မန်နေဂျာရုံးနှင့် JICA အဖွဲ့မှ ပညာရှင်များ ပူးပေါင်း၍ ညောင်ဦးမြို့ အမှတ် ၇ ရပ်ကွက် ဝက်ကြီးအင်းရပ်ရှိ (5 MVA)ဓာတ်အားခွဲရုံကို ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်ရေးအတွက် (10 MVA)ဓာတ်အားခွဲရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ အဆိုပါ ဓာတ်အားခွဲရုံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကြောင့် ဒေသခံပြည်သူများ၏ လူမှုအကျိုးစီးပွားနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးထိရောက်မှု ရှိ၊ မရှိ အခြေအနေများနှင့် စပ်လျဉ်း၍ လူထုအသိပေး ရှင်းလင်းခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲကို ညောင်ဦးခရိုင် လျှပ်စစ်မန်နေဂျာရုံး ဧည့်ရိပ်သာတွင် နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် JICA အဖွဲ့မှ ကျွမ်းကျင်ပညာရှင်တစ်ဦးက ဒေသခံရပ်ကွက်နေပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်ရေးအတွက် 10 MVA ဓာတ်အားခွဲရုံအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ချပြရှင်းလင်းဆွေးနွေးကာ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက လူမှုအကျိုးစီးပွားနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် အကြံပြုဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် လျှပ်စစ်ရုံးတို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အသိပညာပေးလက်ကမ်းစာစောင်များကို လိုက်လံဖြန့်ဝေပေးကာ လျှပ်စစ်အန္တရာယ်နှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသေးစိတ် ပညာပေးဟောပြောခဲ့သည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

# ရွှေရတု တိပိဋက စက္ခုပါလ မျက်စိဆေးရုံ ငါးထပ်ဆောင်သစ် ဖွင့်ပွဲ ကျင်းပ



**မြင်းမူ နိုဝင်ဘာ ၇**

မြင်းမူမြို့ ရွှေရတုတိပိဋကစက္ခုပါလ မျက်စိဆေးရုံဝင်းအတွင်း ထိုင်းနိုင်ငံမှ Dr.Prasert Prasarttong-Osoth နှင့် Mrs.Valli Prasarttong-Osoth တို့က လှူဒါန်းသည့် တန်ဖိုး ကျပ်သိန်းပေါင်း ၂၆၀၀၀ ရှိ ငါးထပ်ဆောင် အဆောက်အအုံသစ် ဖွင့်ပွဲနှင့် ရေစက်ချလှူဒါန်းပွဲကို နိုဝင်ဘာ ၅ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ထိုင်းနိုင်ငံမှ ဆရာတော်ကြီးတစ်ပါးနှင့် မြင်းမူဆရာတော်၊ မော်ကျွန်းဆရာတော်၊ မြင်းခြံဆရာတော်နှင့် စစ်ကိုင်းဆရာတော်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများက ငါးထပ်ဆောင် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ကာ ဆက်လက်၍ အလှူရှင် Dr.Prasert Prasarttong-Osoth နှင့် Mrs.Valli Prasarttong-Osoth တို့က အဆောက်အအုံသစ်ကို ရေစက်ချလှူဒါန်းခဲ့သည်။ (၀၇၇)

# အရည်အချင်းပြည့်မီသော အိမ်ထောင်ရှင် အမျိုးသမီး အလှမယ်ရွေးချယ်ပြိုင်ပွဲ ကျင်းပ



**ပခုက္ကူ နိုဝင်ဘာ ၇**

ပခုက္ကူမြို့နယ်အတွင်းမှ အမျိုးသမီးများ၊ အိမ်ထောင်ရှင်အမျိုးသမီးများအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ၊ မိမိဝါသနာပါသော လုပ်ငန်းများ လုပ်ကိုင်နိုင်ခွင့်၊ ဖန်တီးနိုင်ခွင့်များ ရရှိစေရန်ရည်ရွယ်၍ အရည်အချင်းပြည့်မီသော အိမ်ထောင်ရှင်အမျိုးသမီး အလှမယ် ရွေးချယ်ပြိုင်ပွဲကို ပခုက္ကူမြို့ တော်ဝင်နန်းဟိုတယ်၌ နိုဝင်ဘာ ၅ ရက်က ကျင်းပသည်။

ပြိုင်ပွဲတွင် အရည်အချင်းပြည့်မီ အိမ်ထောင်ရှင်အမျိုးသမီး အလှမယ် ၁၁ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်များက ရိုးရိုးဝတ်စုံ၊ မြန်မာဝတ်စုံ၊ ညထွက်ဝတ်စုံတို့ဖြင့် ယှဉ်ပြိုင်ကြသည်။ ထို့နောက် ပြိုင်ပွဲဝင် ၁၁ ဦးမှ ရှစ်ဦးကို ရွေးချယ်ကြပြီး မေးခွန်းများ မေးမြန်းမှုအပေါ် ဖြေဆိုနိုင်မှုအရ ဒုတိယအဆင့် ငါးဦးကို ရွေးချယ်ကာ ၎င်းတို့ထဲမှ Mrs Winner ဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အခြားဆုပိုင်ရှင်များကို ထပ်မံရွေးချယ်ခဲ့သည်။ ပြိုင်ပွဲတွင် အကဲဖြတ် ဒိုင်လူကြီးများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ Mrs. Winner ဆုရှင်များက အကဲဖြတ် အမှတ်ပေးခဲ့ကြပြီး အရည်အချင်းပြည့်မီသောအိမ်ထောင်ရှင်အမျိုးသမီးအလှမယ် (Mrs.Pakokku Winner) ဆုကို ဒေါ်သန္တာလွင်က ရရှိခဲ့သည်။

အရည်အချင်းပြည့်မီသော အိမ်ထောင်ရှင်အမျိုးသမီးအလှမယ် ရွေးချယ်ပြိုင်ပွဲသို့ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ Mrs Winner ဆုရှင်များ၊ အနုပညာ စိတ်ဝင်စားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# မြို့နယ် စည်ပင်က ရပ်ကွက်များအတွင်း ကတ္တရာလမ်းများ ခင်းပေး

**သုဝဏ္ဏဝတီ နိုဝင်ဘာ ၇**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ရှိ ရပ်ကွက်များအတွင်း လမ်းများတွင် ယခင်က မြို့နေလူထုများကိုယ်တိုင် ကွန်ကရစ်လမ်းများကို ကိုယ့်အားကိုယ်ကိုး ခင်းခဲ့ရပြီး ယခုအခါ မြို့ပေါ်ရပ်ကွက်များ သာယာလှပလာစေရေးအတွက် သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်၍ ကတ္တရာလမ်းများကို သုဝဏ္ဏဝတီမြို့ စည်ပင်သာယာရေးအဖွဲ့မှ ခင်းပေးနေကြောင်း သိရသည်။

ယခုနှစ်အတွင်း သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်အတွင်းရှိ ဝဲဂိုထောင်လမ်း အရှည်ပေ ၁၄၀၀ ခန့်၊ ထီပုံးဆုလမ်း အရှည်ပေ ၁၂၀၀ ခန့်၊ သိမ်ဆိပ်ရပ်ကွက် ငါးကြီးအင်းလမ်း အရှည်ပေ ၁၉၀၀ ခန့်ရှိသော မြေနီလမ်းများကို ကတ္တရာလမ်းများအဖြစ်လည်းကောင်း၊ ကျိုက္ကော်ရပ်ကွက် တမံကြီး ၁ လမ်း အရှည်ပေ ၁၂၀၀ ကို ကွန်ကရစ်လမ်းအဖြစ်လည်းကောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခင်းပေးခဲ့ပြီး လက်ရှိအချိန်တွင်လည်း တမံကြီး ၂ လမ်း အရှည်ပေ ၁၄၁၀ တွင် အကျယ်ပေ ၁၂ ကတ္တရာလမ်းကို သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဦးစီး၍ ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်သိန်း ၂၅၀ နီးပါး အကုန်ကျခံ၍ အောက်တိုဘာလအတွင်းမှ စတင်ခင်းပေးခဲ့ရာ ယခုအခါ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

"လမ်းကို သူတို့ ကတ္တရာလမ်းလာခင်းတော့ တအားကောင်းတာပေါ့၊ လာလုပ်ပေးတဲ့ လမ်းအလုပ်သမားတွေကို ကိုယ့်စေတနာနဲ့ကိုယ် ထမင်း၊ ဟင်း ချက်ကျွေးတဲ့သူလည်းရှိတယ်၊ အချိုရေ၊ အအေး ကွမ်းယာက အစ လိုအပ်တာတွေကို သူ့အိမ် ကိုယ့်အိမ် မခွဲခြားဘဲ အားလုံးက သူတို့ကို ဝိုင်းကျွေးမွေးကြတယ်"ဟု တမံကြီး ရပ်ကွက်တွင် နေထိုင်သူ ဒေါ်ခင်သန်းမော်က ပြောသည်။

ဆက်လက်၍ ကျိုက္ကော်ရပ်ကွက်မှ အရှည်ပေ ၁၄၀၀ ခန့်ရှိသည့် အပြင်အနန်းကုန်းလမ်းကိုလည်း ကတ္တရာလမ်းခင်းပေးရန် ကျောက်များကို စတင်ချထားပေးနေပြီး မကြာမီ လုပ်ငန်းများ စတင်တော့မည်ဖြစ်ကြောင်း သုဝဏ္ဏဝတီမြို့ စည်ပင်သာယာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန့်စင်လင်းထံမှ သိရသည်။ **ခွန်(ဝင်းပ)**



# နိုင်ငံတကာ ကလေးပန်းချီပြပွဲတွင် ဆုရသူများအား ဆုချီးမြှင့်

**မန္တလေး နိုဝင်ဘာ ၇**

UFJ Foundation Japan က ကြီးမှူးကျင်းပခဲ့သည့် International Child ART Exhibition ပန်းချီပြပွဲပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုပေးပွဲကို အောက်တိုဘာ ၅ ရက်က မန္တလေး မဟာအောင်မြေမြို့နယ်ရှိ အလင်းတံခါး ပန်းချီပန်းပုသင်တန်းကျောင်း၌ ကျင်းပသည်။


ဆုပေးပွဲတွင် ပါမောက္ခ(ငြိမ်း)ဦးအောင်ကျော်က အမှာစကားပြောကြားပြီး မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်မှ အထွေထွေမန်နေဂျာ ဒေါ်ရှင်မိုးက နိုင်ငံတကာ ကလေးပန်းချီပြပွဲပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ကလေးငယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့မှု အခြေအနေကို ရှင်းလင်းပြောကြားကာ ဆရာစူးမြင့်သိန်း(အလင်းတံခါး)က ဆုရရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရှိကြသော ရွှေတံဆိပ်ဆုရှင် လေးဦး၊ ပို့စကတ်ဆုရှင် ၁၆ ဦးနှင့် နှစ်သိမ့်ဆုရှင် ၅၅ ဦးတို့ကိုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ မန္တလေးမြို့မှ ကလေးငယ် ၁၀၀ အပါအဝင် လားရှိုး၊ မူဆယ်၊နမ့်ခမ်း၊ ဟိုပင်နှင့် ပင်လယ်ဘူးတို့မှ ကလေးငယ်များ စုစုပေါင်း ၄၁၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ပြိုင်ပွဲဝင်ပန်းချီကားများကို ဇူလိုင်လဆန်းပိုင်းက ဂျပန်နိုင်ငံသို့ ပေးပို့ခဲ့ပြီး ဩဂုတ်လကုန်ပိုင်းတွင် ဆုရစာရင်းထုတ်ပြန်၍ စက်တင်ဘာလတွင် ဆုရရှိသူများအတွက် ဂုဏ်ပြုလက်မှတ်နှင့် ဆုပစ္စည်းများပေးပို့လေ့ရှိကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သင် ကောင်းစားနေစဉ် ကျွန်ုပ်ကို သတိရပါ၏လော

## ကြည်လွင်မြင့် (မုံရွာ)



လူတစ်ဦးသည် ငယ်စဉ်က ပင်ပင်ပန်းပန်း ရုန်းကန်ခဲ့ရသည်။ အခက်အခဲများကြားမှ နောက်ဆုံးတစ်နေ့တွင် အောင်မြင်မှု ရခဲ့သည်။ သို့သော် သူဒုက္ခ ရောက်နေစဉ်က ကူညီခဲ့သူ၊ ဖေးမခဲ့သူများကို သူဘယ်တော့မှ မမေ့၊ ကိုယ်မရောက်သော်လည်း စိတ်က အမြဲရောက်နေခဲ့သည်ဟု ဆိုသည်။ အခွင့်ကြုံသောတစ်နေ့တွင် ကျေးဇူးရှိသူများကို ကျေးဇူးဆပ်မည်ဟု ရည်ရွယ်ချက်ထားသည်။ ထိုသူသည် လူတော် လူကောင်းဖြစ်သည်။ သို့သော် လူတော် လူကောင်းများသည် အသက်တိုကြသည်။ သက်ဆိုးမရှည်ကြဟု ဆိုကြပြန်သည်။ သူတို့ သေဆုံးသောအခါ လူများက ဝမ်းနည်းပူဆွေးကြရသည်။ တသသဖြစ်ကြရသည်။ သေမင်းသည် လူဆိုးလူကောင်းမရွေး ခေါ်ချင်သူကို အရင်ခေါ်သည်ဟု ပြောဆိုလေ့ရှိကြသည်။

သို့သော် သေမင်းက သူ့ကိုအပြစ်ပြောနေသူများကို လမ်းလွှဲ၍ အခြားသေမင်းတစ်ဦးကို လက်ညှိုးထိုးပြသည်။ ထိုသေမင်းကပြောကြားသည်မှာ "သင်ကောင်းစားစဉ်က ကျွန်ုပ်ကို သတိရပါ၏လော"ဟု။ ထိုသေမင်းမှာ အခြားမဟုတ်။ သင်၏ ကျန်းမာရေးပင်ဖြစ်သည်။ သင်သည် ကျန်းမာရေးကိုဂရုမစိုက်ခဲ့။

ကမ္ဘာကျော် Apple ကွန်ပျူတာ၏ CEO သူဌေးကြီးဖြစ်ပြီ နည်းပညာရှင်ကြီးလည်းဖြစ်သူ စတိဗ်ဂျော့(Steve Jobs)(၁၉၅၅-၂၀၁၁)သည် အသက် ၅၀ ကျော် အရွယ်ကောင်းတွင် ကွယ်လွန်ခဲ့ရသည်။ သူ နောက်ဆုံး ရေးသွား၊ ပြောသွားသည့် စကားများမှာ အလွန်သင်ခန်းစာယူဖွယ် ဖြစ်သည်။

"ဆေးရုံ၏ အသက်ကယ် ခန်းထဲတွင် လဲလျောင်းနေပြီး အသက်ကယ် စက်များမှ လင်းနေသည့် အစိမ်းရောင် မီးပွင့်လေးများကိုကြည့်ရင်း ဘဝ၏ နောက်ဆုံးအချိန်ကို စောင့်နေရသည်။ ကျွန်ုပ်တို့ ဘဝတွင် သင်ကြားမှုများစွာနှင့် စာအုပ်များစွာ ဖတ်ခဲ့ကြသည်။ အောင်မြင်မှုကို ရခဲ့သည်။ ထို့နောက်တွင် အိပ်ရာထဲလှဲနေရသည့် အချိန်ရောက်မှ ကျွန်ုပ်တို့ဘဝတွင် မဖတ်ခဲ့မိသည့် စာအုပ်တစ်အုပ် ရှိနေသည်ကို သတိပြုမိသည်။ ထိုစာအုပ်မှာ ကျန်းမာရေးဟူသော စာအုပ်ပင်ဖြစ်သည်။ လူတစ်ယောက်၏ဘဝတွင် စားဝတ်နေရေးအတွက် ထိုက်သင့်သော အောင်မြင်မှုတစ်ခု ရပြီးချိန်တွင် ဂရုစိုက်သင့်သည်မှာ ကျန်းမာရေးပင်ဖြစ်သည်"ဟု ဆိုထားသည်။ သူသည် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ရခြင်းဖြစ်သည်။ သူမကွယ်လွန်မီ ပြောခဲ့သောစကားသည် အထူးပင် သံဝေဂရစရာ ဖြစ်ပါသည်။

တစ်နေ့က သတင်းစာတစ်စောင်၏ ကျောဘက်တွင် ကြားညှပ်စာအဖြစ် "သွေးလည်ပတ်မှု ကောင်းစေရန်အတွက် နေ့စဉ်ပုံမှန် လမ်းလျှောက်ပါ"ဟု စာတန်းငယ် ဖော်ပြထားသည်ကိုတွေ့ရသည်။ အမှုမဲ့ အမှတ်မဲ့ပါပဲ။ ဖတ်သူသိပ်မရှိပါ။ အခြားသတင်းစာတစ်စောင်၏ ကြော်ငြာကဏ္ဍ နေရာလွတ်တစ်ခုတွင်လည်း "သင်ကျန်းမာစေရန် အဆီနှင့် အငန်ကို လျှော့စားပါ"ဟု စာတန်းငယ်ကို မကြာခဏ ဖတ်ရှုရ သည်။ သို့သော် သတိထားသူက နည်းသည်။ ဖတ်ရှုမိသည့်တိုင် လိုက်နာသူ မရှိသလောက် ဖြစ်နေသည်။ သတင်းစာတွင် သတင်းကိုသာ ဦးစားပေးဖတ်ကြသည်ကို တွေ့ရသည်။

ဆရာကြီးဦးသုခ၏ "ဘဝသံသရာ... ရှည်လျားထွေပြား... မနေမနား တစ်သွားတည်းသွားကြရှာ.. ခရီးပန်းတိုင် မရောက်မချင်း... တစ်ယောက်ဆင်းတစ်ယောက်တက်... ဆက်လက်ထွက်ခွာလာ"ဟူသော သီချင်းကဲ့သို့ပင် မေ့မေ့လျော့လျော့နှင့် ခရီးဆက်နေကြသည်သာ။ ဘယ်သူသေသွားပြီ၊ ဘယ်သူမရှိတော့ဟု အမှုမဲ့အမှတ်မဲ့ ပြောဆိုနေကြသော်လည်း မိမိကိုယ်မိမိ ထည့်မစဉ်းစားမိကြပေ။

အချို့ကလည်း အသက်ရှည်ခြင်း၊ မရှည်ခြင်းသည် ကံ၊ ကံ၏ အကျိုးသာ ဖြစ်သည်ဟုဆိုကြသည်။ "ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည်၊ ဆေးလိပ်သောက်ခြင်းကြောင့် အဆုတ်ကင်ဆာဖြစ်ပြီး သေနိုင်သည်" ဟု ဆိုလိုက်လျှင် "ဆေးလိပ် သောက်နေတဲ့သူတွေ အပုံကြီးပါကွာ၊ သူဖြစ်ချင်တဲ့သူ ဖြစ်တာပါ"ဟု ပြောကြသည်။

"ကွမ်းစား၍ ပါးစောင်ကင်ဆာ ဖြစ်သည်။ ဆေးရွက်ကြီး၏ ဆိုးကျိုးများက များလှသည်"ဟု ဆိုလျှင် "ကွမ်းဆိုတာ တို့ဘိုးဘေးလက်ထက်ကတည်းက စားလာခဲ့တာ၊ ရိုးရာအမွေအနှစ်၊ ကွမ်းခလေ့ မှတ်တမ်းတွေ ပုဂံခေတ်ကတည်းကရှိတယ်၊ ကင်ဆာဆိုတာ အခု နောက်မှ ပေါ်လာတာ"ဟု ဆိုတတ်ကြပြန်သည်။

"သူဖြစ်ချင် ဖြစ်တာပဲ၊ မဖြစ်ချင် မဖြစ်ဘူး"ဟူသောစကားကို ပေါ့ပေါ့တန်တန် ပြောသူများထဲတွင် လူကြီးများလည်း ပါဝင်သည်ကို တွေ့ရသည်။

စာရေးသူတွင် သူငယ်ချင်း နှစ်ဦးရှိသည်။ တစ်ဦးမှာပညာရေးတက္ကသိုလ်ဆင်း ကျောင်းဆရာ။ သူသည် အလွန်ရိုးသားပြီး ကြောက်တတ်သည်။ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ အရက်ဆို ဝေလာဝေး။ သို့သော် ပင်စင်ယူပြီးနောက် တရှောင်ရှောင်။ နေမကောင်း ဖြစ်လာသည်။ အနာတစ်ခုဖြစ်လာသောအခါ မကျက်၍ စစ်ဆေးကြည့်မှ ဆီးချိုဝင်လာသည်ကို မသိလိုက်သောကြောင့်ဖြစ်သည်ဟု သိရသည်။

အခြားသူငယ်ချင်းမှာ အငြိမ်းစားစစ်ဗိုလ်တစ်ဦးဖြစ်သည်။ ပေပေတေတေနေသည်။ အရက်လည်း သောက်တတ်သည်။ ရောက်တဲ့အရပ်မှာ ပျော်အောင်နေသည်။ တွေ့ကရာ အစုံစားသည်။ သူက ကျောင်းဆရာသူငယ်ချင်းကို "သူငယ်ချင်းရာ၊ ငါတို့ ပေပေတေတေကောင်တွေက ဘာမှမဖြစ်ရဘူး၊ မင်းက ဘာမှမလုပ်တဲ့ကောင်က ဖြစ်ရတယ်ကွာ၊ ဆီးချိုတို့ သွေးတိုးတို့" ဟု ဒေါ်မနသဖြင့် ပြောရှာသည်။

အမှန်ကတော့ ဘာမှမလုပ်၍ ဆီးချိုသွေးတိုး ဝင်လာခြင်းဖြစ်သည်။ ထိုကျောင်းဆရာသူငယ်ချင်းသည် အေးအေးဆေးဆေး နေသည်။ စာ အလွန်ဖတ်သည်။ အထိုင်များသည်။ ဝက်သားအလွန်ကြိုက်သည်။ အအေးကြိုက်သည်။ အိမ်ထဲမှာပဲ အနေများသည်။ လမ်းလျှောက်သည်ဟူ၍ မရှိ။ ပင်စင်ယူပြီးမှ အလွန်ဝလာသည်။ ထို့နောက် သူ့မှာ ဆီးချို၊ သွေးတိုး ရောဂါများ ဝင်လာသည်။ အဆုတ်ရောဂါများမှာ သူ၏အနေအထိုင်ကြောင့်သာ ဖြစ်လာရခြင်း ဖြစ်သည်။ ဆေးလိပ်မသောက်၊ ကွမ်းမစား၊ အရက်မသောက်ရုံဖြင့် ရောဂါမဝင်နိုင်။ သွေးတိုး၊ ဆီးချို မဖြစ်နိုင်ဟု မှတ်ယူ၍ မရပေ။

"ဝ၍ အေးသူ... လူဖြိုးဖြိုး ရောဂါထူမည်မှတ်၊
ပိန်၍ သွက်သူ၊ လှုပ်ရှားသူ ကျန်းမာသူဟုမှတ်၊
အစားများသူ... ထိုင်နေသူ ရောဂါထူမည်မှတ်၊
ရေသောက်နည်းသူ... ချွေးနည်းသူ ရောဂါထူမည်မှတ်၊
လမ်းလျှောက်နည်းသူ... ပျင်းရိသူ ရောဂါထူမည်မှတ်"

အထက်ပါ အချက်များအပြင် ဝမ်းဗိုက်နှင့်ပတ်သက်၍ မှတ်သားစရာလည်း ရှိပါသည်။ "တိုင်းပြည်တစ်ခုသည် ဝမ်းဗိုက်နှင့် တူသည်။ ဝင်ကုန်များ၍ ထွက်ကုန်နည်း

"ဝ၍ အေးသူ၊ လူဖြိုးဖြိုး ရောဂါထူမည်မှတ်၊
ပိန်၍ သွက်သူ၊ လှုပ်ရှားသူ ကျန်းမာသူဟုမှတ်၊
အစားများသူ၊ ထိုင်နေသူ ရောဂါထူမည်မှတ်၊
ရေသောက်နည်းသူ၊ ချွေးနည်းသူ ရောဂါထူမည်မှတ်၊
လမ်းလျှောက်နည်းသူ၊ ပျင်းရိသူ ရောဂါထူမည်မှတ်"

လျှင် ဝမ်းချုပ်၍ သေတတ်လေသည်"ဟူသော စကားရှိသည်။ နိုင်ငံရေးစကားဖြစ်သော်လည်း လူ၏ဝမ်းဗိုက်ကို ဥပမာ ပေးထားသည်။ ဝမ်းချုပ်ခြင်းကြောင့် ဖြစ်နိုင်သော နောက်ဆက်တွဲရောဂါ များစွာရှိသည်ကို သတိပြုဖို့လိုသည်။ ဝမ်းချုပ်ခြင်းသည် အဘယ်ကြောင့်ဖြစ်သနည်းဟု တွေးတောဆင်ခြင်ဖို့လိုသည်။ အမှန်တော့ ဝမ်းချုပ်ခြင်းသည် အစာမကြေခြင်းက စသည်။

"ရောဂါမှန်သမျှ အစာမကြေခြင်းကစသည်"၊ ပါဠိဘာသာအားဖြင့် "ရောဂါမူလံ အဇီဏ္ဏကံ"ဟု ဆိုသည်။ ဤစကားကို ဆေးပညာ ဥပဒေသအဖြစ် အာယုဗေဒကျမ်းများတွင် ဖော်ပြထားသည်ကို တွေ့ရသည်။ အစာမကြေခြင်း လေးမျိုးရှိသည်ကို ဝမ်းမီးလေးမျိုးဖြင့် ပြထားသည်။

၁။ မန္ဒဝမ်းမီး... နုံ့သော (အားနည်းသော) ဝမ်းမီး။
(အစာမချေနိုင်သောဝမ်းမီးမျိုး)

၂။ တိက္ခဝမ်းမီး... ထက်သော (ပြင်းသော) ဝမ်းမီး။
(အစာချေရည် အထွက်လွန်ကဲနေသည်)

၃။ ဝိသမဝမ်းမီး (မမျှတသော) ဝမ်းမီး။
(ကြေတစ်လှည့်၊ မကြေတစ်လှည့် ဝမ်းမီး)

၄။ ဘသမဝမ်းမီး(ပြာကျအောင်လောင်သော)ဝမ်းမီး။
(အစာအိမ်ကို ပြန်လောင်သောဝမ်းမီး)

အထက်ပါ ဝမ်းမီးအမျိုးမျိုး ရှိသူများတွင် အစာအိမ်ရောဂါ ဖြစ်လာမည်။ ကောင်းမွန်သော အစာကြေသော ဝမ်းမီးမှာ မျှတသောဝမ်းမီး သမဝမ်းမီး ဖြစ်သဖြင့် အားလုံးပေါင်းလျှင် ဝမ်းမီး ငါးမျိုးရှိသည်ဟု ဆိုကြသည်။ ဝမ်းမီးသည် လူ၏အသက်ပင်ဖြစ်သည်။ ဝမ်းမီးသည် အိမ်တံခါးနှင့်တူသည်။ ဝမ်းမီးပျက်လျှင် ရောဂါမျိုးစုံဝင်လာမည်ဖြစ်သည်။

လူတို့သည် ပျော်ပွဲရွှင်ပွဲများ ဆင်နွှဲသောအခါ အကြီးအကျယ် ညစာစားပွဲများ ကျင်းပကြသည်။ အမှန်မှာ ညစာဟူသည် မစားသင့်သော အစာမျိုးဖြစ်သည်။ မနက်(သလိပ်)၊ နေ့လည်(သည်းခြေ)၊ ညနေ(လေ)၊ ည(အပုပ်) ဟူသော ဆေးပညာအယူအဆအရ ညနေစာစားလျှင်(လေ)ဖြစ်သည်။ ညစာစားလျှင်(အပုပ်)ဖြစ်သည်။ ဘုရားဟောဒေသနာနှင့်အညီ ကျင့်ကြံကြသော ရဟန်းတော်များသည် ညနေစာ၊ ညစာမစားကြ (ဘုဉ်းမပေးကြ)ပေ။

"ယနေ့အစား မနက်ဖြန်ရောဂါ"ဟူသော စကားကို အစဉ်သတိပြုကြစေချင်သည်။ အစာကိုရွေးချယ်စားသူ၊ အလွန်အကြူး အရသာနောက်မလိုက်ဘဲ ချင့်ချိန်စားသူများသည် အသက်ရှည်ကြသည်။ အထူးသဖြင့် ညစာရှောင်သူများ အသက်ရှည်ကြသည်ကို သတိပြုစေချင်သည်။

နေ့စဉ် နံနက်အိပ်ရာထသည်နှင့် သတိရစေချင်သည်မှာ ကျန်းမာရေး အဓိကဖြစ်သည်။ ပြီးမှ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေးကိစ္စများအတွက် စီစဉ်စရာများကို စီစဉ်ဆောင်ရွက်ပါ။ လူတို့သည် နှစ် ၁၀၀ သက်တမ်းတွင် သေခြင်းတရားကို တစ်နေ့မဟုတ် တစ်နေ့တွင် ရင်ဆိုင်ရမည်သာဖြစ်သည်။ ကျန်းမာရေးကို ဂရုစိုက်ခြင်းအားဖြင့်(ဥပစ္ဆေဒကကံဖြင့် သေခြင်းမှအပ)သေမင်းကို အန်မတုနိုင်သော်လည်း သေချိန်ကို ရွှေ့ဆိုင်းထားနိုင်မည် ဖြစ်သည်။

တစ်နေ့တာ လုပ်ဆောင်စရာများကို လုပ်ဆောင်နေရင်း သွားသတိ... စားသတိ ကျန်းမာရေးကိုလည်း သတိရကြစေချင်သည်။ ကျန်းမာရေးသတိ အမြဲရှိစေချင်သည်။ တစ်နေ့တာလုပ်ဆောင်စရာများ ဆောင်ရွက်ပြီးသော အခါများတွင်လည်း... နောက်ဆုံးအချိန် အနားယူချိန်၊ ညအချိန်တို့ ရောက်လာပါလိမ့်မည်။ တစ်နေ့တာ ဆောင်ရွက်ခဲ့သည်များကို သတိရပါလိမ့်မည်။ ကျေနပ်စရာ၊ မကျေနပ်စရာ များစွာ နေ့စဉ်ရှိပါလိမ့်မည်။ သို့သော် ညအိပ်ရာဝင်ချိန်တွင် စိတ်ကိုလျှော့ချပြီး၊ (သို့မဟုတ်) မိမိကိုးကွယ်ရာဘာသာ၏ အဆုံးအမဖြင့် တရားမှတ်ခြင်း၊ တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်းများဖြင့် ကျန်းမာစွာ အိပ်စက်နိုင်အောင် ကြိုးစားကြပါဟု တိုက်တွန်းလိုပါသည်။

"သင်ကောင်းစားနေချိန်တွင်... ကျန်းမာရေးကိုအမြဲသတိရစေချင်သည်"

ကျန်းမာခြင်းသုခနှင့် ပြည့်စုံနိုင်ကြပါစေ။ ။

## ဧရာဝတီတိုင်းဒေသကြီး၌ ကမ္ဘာ့ဆူနာမီ အသိပညာပြန့်ပွားရေးနေ့ အခမ်းအနား ကျင်းပ

**ပုသိမ် နိုဝင်ဘာ ၇**

နိုဝင်ဘာ ၅ ရက်တွင် ကျရောက်သော ၂၀၁၇ ကမ္ဘာ့ဆူနာမီဆိုင်ရာ အသိပညာပြန့်ပွားရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အထက ၁ ရတနာတန်ဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက ကမ္ဘာ့ဆူနာမီ အသိပညာပြန့်ပွားရေး အထိမ်းအမှတ် အခမ်းအနားကို မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဦးစွာ ကျင်းပခွင့်ရရှိသဖြင့် ဂုဏ်ယူပါကြောင်း၊ ဂျပန်နိုင်ငံ အပါအဝင် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၄၂ နိုင်ငံ၏ စုပေါင်းအဆိုပြုချက်အရ ၂၀၁၅ ခုနှစ်တွင် ကျင်းပပြုလုပ်သော ကုလသမဂ္ဂ အထွေထွေညီလာခံ အစည်းအဝေးဆုံးဖြတ်ချက် (က/၇၀/၂၀၃)အရ နိုဝင်ဘာ ၅ ရက်ကို ကမ္ဘာ့ဆူနာမီ အသိပညာပြန့်ပွားရေး အထိမ်းအမှတ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂ ရက်မှ ၅ ရက်အထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပခဲ့ကြောင်း အမှာစကားပြောကြားသည်။

ယနေ့အထိ ကမ္ဘာပေါ်တွင် ဆူနာမီဘေး ၁၆ ခုကြောင့် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ လူဦးရေ နှစ်သိန်းခွဲကျော် အသက်ဆုံးရှုံးခဲ့ရကြောင်း၊ မြန်မာနိုင်ငံတွင် ဆူနာမီစောင့်ကြည့်ဒေသများအဖြစ် ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ကမ်းရိုးတန်းဒေသများကို အစဉ်မပြတ် စောင့်ကြည့်လေ့လာပြီး ဆူနာမီဘေးဆိုင်ရာ အသိပညာဗဟုသုတများ ပြန့်ပွားစေရေး အစဉ်မပြတ်ဆောင်ရွက်ပေးနိုင်စေရန်နှင့် ဆူနာမီဘေးအန္တရာယ်ကြောင့် ကမ္ဘာပေါ်တွင် သေကျေပျက်စီးဆုံးရှုံးမှု လျော့ပါးစေရေးအတွက် သတိပေးချက်များ ထုတ်ပြန်ပေးနိုင်ရေး၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုအနေဖြင့် ဆူနာမီဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး၊ စောင့်ကြည့်ရေးနှင့် အသိပညာပြန့်ပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်းလည်း ဝန်ကြီးက ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးသန်းစိုးနှင့် မြန်မာနိုင်ငံ လျှပ်ကော်မတီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာယဉ်မျိုးမင်းထွေးတို့က သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများ၊ ဆူနာမီဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိတ္ထီလာမြို့တွင် ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**မိတ္ထီလာ နိုဝင်ဘာ ၇**

ပြန်ကြားရေးဝန်ကြီးဌာန မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မိတ္ထီလာမြို့ အထက ၁ ကျောင်း၌ ကလေးစာပေပွဲတော်ကို နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တွင် နှစ်ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကလေးစာပေပွဲတော်တွင် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ၊ ကလေးများအတွက် ပျော်ရွှင်စရာ ဂိမ်းကစားနည်းများအပြင် ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက် အိမ်ဆောက်ကစားနည်း စသည့် ကစားနည်းအများအပြား ပါဝင်မည်ဖြစ်ပြီး ကလေးများ အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်ကြရန် သရီးဒီကာတွန်းရုပ်များကိုလည်း ထားရှိပေးထားမည်ဖြစ်သည်။ ကလေးစာပေပွဲတော် ကျင်းပမည့်နေ့များတွင် နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မည်သူမဆို လွတ်လပ်စွာပါဝင်ဆင်နွှဲနိုင်မည်ဖြစ်သည်။

မိတ္ထီလာ ကလေးစာပေပွဲတော်တွင် ကလေးများအတွက် ပျော်ရွှင်စရာ ဂိမ်းကစားနည်းများ၊ ပျော်ပွဲရွှင်ပွဲများအပြင် ဆရာကြီး မင်းသုဝဏ်၏ ကလေးကဗျာများပြခန်း၊ စာအုပ်စာပေ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားမည်ဖြစ်ရာ လူကြီး လူငယ်မရွေး လေ့လာဖတ်ရှု ဝယ်ယူနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာ ကလေးစာပေပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်ပညာရေးဌာန၊ ကျန်းမာရေးဌာန စသည့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိက စာသင်ကျောင်းများ၊ ဒေသခံစေတနာရှင် အလှူရှင်များကလည်း ပူးပေါင်းပါဝင် ကူညီဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)



ဇန်နဝါရီလအတွင်းက ကျင်းပခဲ့သော မန္တလေးတိုင်းဒေသကြီး ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနား

# မူးယစ်ဆေးဝါးပြဿနာကို အဖြေရှာ ဖြေရှင်းဖို့ရာ

မူးယစ်ဆေးဝါးပြဿနာသည် ယနေ့ကာလတွင် နေရာဒေသမရွေး၊ လူမျိုးဘာသာမရွေး ကမ္ဘာ့လူသားထုတစ်ရပ်လုံး ရင်ဆိုင်ကြုံတွေ့ခံစားနေရတဲ့ ပြဿနာတစ်ရပ်ဖြစ်လာပါသည်။ ကရင်ပြည်နယ်တွင်လည်း ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှ အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များကဲ့သို့ပင် မူးယစ်ဆေးဝါး ပြဿနာများနှင့် မူးယစ်ဆေးနှင့်ပတ်သက်သည့် ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ နောက်ဆက်တွဲ ပြဿနာအမျိုးမျိုးကို ကြုံတွေ့နေရပြီး ထိုပြဿနာများသည် ကရင်ပြည်နယ်အတွင်းမှ တိုင်းရင်းသားပြည်သူများနှင့် လူငယ်များအကြား စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်နေပါသည်။

မူးယစ်ဆေးစွဲပြဿနာသည် စိတ်ပိုင်းဆိုင်ရာ ရောဂါများဖြစ်သော စိတ်ကျရောဂါ၊ စိတ်ကြွရောဂါ၊ စိုးရိမ်စိတ်လွန်ကဲရောဂါ၊ စိတ်ဖောက်ပြန်ရောဂါများနှင့် တွဲလျက်ဖြစ်ပေါ်လာနိုင်ပြီး အခြား စိတ်ပိုင်းဆိုင်ရာရောဂါများနှင့် နှိုင်းယှဉ်လျှင် ဆေးစွဲရောဂါသည် ကုသရန်ခက်ခဲသော နာတာရှည် ဦးနှောက်ပိုင်းဆိုင်ရာ ဝေဒနာတစ်ရပ်ဖြစ်ကြောင်း၊ မူးယစ်ဆေးစွဲကုသမှုလုပ်ငန်း ပိုမိုထိရောက်အောင်မြင်ရန်အတွက် လူနာများကို ကုသစောင့်ရှောက်မှုသာမက ပြန်လည်ထူထောင်ရေး၊ အသိပညာဗဟုသုတပေးခြင်းများလည်း ဆောင်ရွက်ပါက ဆေးစွဲလူနာများအတွက် ပိုမို အကျိုးကျေးဇူးခံစားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးစွဲလူနာများအား ကျန်းမာရေးဆိုင်ရာ ကုသစောင့်ရှောက်နေစဉ် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအား အသိပညာပေးခြင်း၊ ဒေသအတွင်းရှိ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား မူးယစ်ဆေးစွဲကုသမှုဆိုင်ရာ သင်တန်းများပေးခြင်းတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း ကရင်ပြည်နယ် ဘားအံပြည်သူ့ဆေးရုံကြီးမှ စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီးက ပြောသည်။

ပြည်သူလူထုအခြေပြု စိတ်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာသင်တန်း(Community Mental Health Training) နှင့် အရက်စွဲရောဂါ ကုသစောင့်ရှောက်ခြင်းသင်တန်းကိုလည်း ယခုနှစ် ဇူလိုင်လအတွင်းက ဘားအံပြည်သူ့ဆေးရုံကြီး သုံးထပ်ဆောင် အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ပြီးဖြစ်ကာ ထိုသင်တန်းသို့ ကရင်ပြည်နယ်အတွင်း မြို့နယ်ခုနစ်ခုမှ တာဝန်ခံဆရာဝန် ၁၀ ဦး၊ ကျန်းမာရေးမှူး ၂၀ တို့ တက်ရောက်ခဲ့ကြသည်။ ပြည်သူအခြေပြု မူးယစ်ဆေးစွဲကုသမှုသင်တန်းကိုလည်း ဩဂုတ်လအတွင်းက Gabbana Hotel ၌ ဖွင့်လှစ်ခဲ့ပြီးဖြစ်ကာ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ဆရာဝန် ၂၀ တက်ရောက်ခဲ့ကြောင်းလည်း သိရသည်။

မူးယစ်နွံအတွင်း နစ်ဆင်းနေပြီးသည့် လူငယ်လူရွယ်အားလုံးကို ကယ်ထုတ်နိုင်ဖို့ကြိုးပမ်းကြရမည်ဖြစ်သလို တစ်ဖက်ကလည်း မူးယစ်ဆေးဝါးအန္တရာယ်ကို အမြစ်ပါမကျန် တွန်းလှန်ဖယ်ရှားနိုင်ကြဖို့ရာ လူထုတစ်ရပ်လုံးတွင် တာဝန်ရှိနေပေသည်။ ထို့ကြောင့် 'လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာသော မူးယစ်ဆေးဝါး အန္တရာယ်' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(PublicTalk) ဆွေးနွေးပွဲများကို ပြည်နယ်အတွင်း ကျင်းပနေပြီဖြစ်ပြီး ပို၍ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနိုင်ရန် လိုအပ်လျက်ရှိနေပါသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများတွင် တာဝန်ရှိသူများက ဟောပြောသည်သာမက မူးယစ်အထူးပြု NGO, INGO အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းဖြင့် မိမိတို့ ရပ်ရွာဒေသမှာ ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ထုတ်ဖော်ဆွေးနွေးမှုများ ရှိလာစေပြီး ဆွေးနွေးပွဲများကျင်းပနိုင်ခြင်း ရလဒ်ကောင်းကြောင့်လည်း ပြည်သူလူထုတစ်ရပ်လုံး စဉ်းစားတွေးခေါ်မှု မြင့်မားလာစေကာ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းကိုပါ ရရှိလာနိုင်မည်ဖြစ်ပေသည်။

ပြည်နယ်အတွင်း လူငယ်ထုကို အမှန်တကယ် ခြိမ်းခြောက်နေသည့် မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် အခြေအနေအမျိုးမျိုး၊ အတွေ့အကြုံအဖုံဖုံကို အသိုင်းအဝိုင်း စုံလင်စွာဖြင့် ရှုထောင့်ပေါင်းစုံမှ ပါဝင်ဆွေးနွေးသွားမှသာ ဒေသခံလူငယ်ထုနှင့် ပြည်သူတို့၏ အသိစိတ်တွင် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်ကို ပိုသိလာကြပြီး မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ပိုမိုစိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လာပေမည်ဖြစ်သည်။

လူငယ်ထုအတွင်း အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် တငွေ့ငွေ့လိုက်စား လောင်ကျွမ်း၍ အန္တရာယ်ကြီးမားစွာ ခြိမ်းခြောက်လာသော မူးယစ်ဆေးဝါးများကို အမြစ်ပါမကျန် တွန်းလှန်ဖယ်ရှားပေးကြဖို့ နိုင်ငံသူနိုင်ငံသား အားလုံးမှာ တာဝန်ရှိနေပြီး မူးယစ်နွံအတွင်း နစ်ဆင်းနေသည့် လူငယ်လူရွယ်များကိုလည်း ကျွန်တော်တို့အားလုံးက ချန်လှပ်မထားဘဲ ကယ်ထုတ်နိုင်ရန် ကြိုးပမ်းကြသင့်ပါသည်။ ထိုသို့ဆောင်ရွက်ရေးအတွက် အစိုးရအဖွဲ့အစည်းတစ်ခုတည်းကိုသာ အားကိုးနေ၍ မရနိုင်ဘဲ ပြည်သူလူထုတစ်ရပ်လုံးကိုယ်တိုင်က အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မှတ်ယူ၍ အသိစိတ်ကိုယ်စီရင်ဝယ်ပိုက်ပြီး ပူးပေါင်းကာကွယ် တွန်းလှန်သွားကြစေလိုကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)

# ဖန်းမောက်မြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးများ အောင်မြင်စွာ စတင် ရိတ်သိမ်းလျက်ရှိ

**ဖန်းမောက် နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ်အတွင်း၌ မိုးရာသီကာလအတွင်းက စိုက်ပျိုးခဲ့သော မိုးစပါးစိုက်ဧကပေါင်း ၃၈၅၉ ရှိကာ ယခု နိုဝင်ဘာလဆန်းပိုင်းရက်ပိုင်းများမှစတင်ကာ အဆိုပါ လယ်ယာများကို ရိတ်သိမ်းနေကြပြီဖြစ်ကြောင်း သိရသည်။

'ဖန်းမောက်မြို့နယ်မှာ မိုးစပါး စိုက်ပျိုး ဧကပေါင်း ၃၈၅၉ ဧက ရှိပါတယ်၊ တောင်သူတွေက နိုဝင်ဘာလဆန်းကစတင်လို့ရိတ်သိမ်းနေကြပြီဖြစ်ပါတယ်၊ ရိတ်သိမ်းချိန်မှာ မိုးပြတ်သွားလို့ ဒီနှစ် တောင်သူတွေအတွက် ကောင်းပါတယ်'ဟု ဖန်းမောက်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးက ပြောသည်။

ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ဖန်းမောက်မြို့နယ်၌ တစ်လလုံးနီးပါး မိုးမပြတ်ရွာနေသဖြင့် တောင်သူများအနေဖြင့် မိုးစပါးများအတွက် စိုးရိမ်ပူပန်မှုများ ရှိခဲ့ကြရသော်လည်း ကံကောင်းသဖြင့် နိုဝင်ဘာလဆန်းရောက်သည်နှင့် မိုးပြတ်ကာ ခြောက်ခြောက်သွေ့သွေ့ဖြစ်လာပြီး စပါးခင်းများကို အပျက်အစီးမရှိ အောင်မြင်စွာ ရိတ်သိမ်းနေကြကြောင်း သိရသည်။

သန်းမောင်လေး (ကချင်မြေ)



# အသစ် တည်ဆောက်ပြီးသည့် မြစ်သာမြစ်ကူး စိုင်ဒူးတံတားတွင် မော်တော်ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြု

**ဂန့်ဂေါ နိုဝင်ဘာ ၇**

မုံရွာ- ပုလဲ- ဂန့်ဂေါ- ဟားခါး- ကလေး ကားလမ်းမကြီး၏ ဂန့်ဂေါမြို့နယ်အတွင်းလမ်းပိုင်းမှ စိုင်ဒူးရွာအနီးတွင် ဆောက်လုပ်နေသည့် မြစ်သာမြစ်ဖြတ် စိုင်ဒူးတံတားသစ် တည်ဆောက်မှုများ ပြီးစီးသွားပြီဖြစ်၍ တံတားဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် နိုဝင်ဘာ ၆ ရက် နံနက် ၈ နာရီ ၁၀ မိနစ်မှစတင်၍ ထိုတံတားပေါ်မှ မော်တော်ယာဉ်များ စတင် မောင်းနှင်သွားလာနေကြပြီဖြစ်ကြောင်း သိရသည်။

အဆိုပါနေရာတွင် ယခင်ကရှိသော မြစ်ဖြတ်တံတားဟောင်းမှာ ကြံ့ခိုင်မှုအားနည်းနေပြီဖြစ်သည့်အတွက် ယခု တံတားသစ်ကို တံတားအထူးအဖွဲ့(၁၀)၊ တံတားတည်ဆောက်ရေးအဖွဲ့(၃)က ၂၀၁၆ ခုနှစ် နိုဝင်ဘာလဆန်းမှ စတင်တည်ဆောက်ခဲ့ပြီး တံတားအကျယ် ၃၂ ပေ၊ အရှည် ပေ ၆၀၀ရှိကာ ကျပ် ၁၉၅၀ သန်း အကုန်ကျခံ တည်ဆောက်ထားသော သံကူကွန်ကရစ် တံတားသစ် ဆောက်လုပ်ထားပြီးဖြစ်ကြောင်း သိရသည်။



အဆိုပါ တံတားသစ်ဖြင့် ဖြတ်သန်းနိုင်ပြီဖြစ်သည့်အတွက် ဒေသတွင်း ဆက်သွယ်သွားလာမှု လွယ်ကူစေသည့်အပြင် မန္တလေး-မုံရွာ-ပခုက္ကူ-ပုလဲ-ဂန့်ဂေါ-ဟားခါး-ကလေးလမ်းတွင် ဖြတ်သန်းမောင်းနှင်ကြသည့် မော်တော်ယာဉ်များ လွယ်ကူစွာဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

(၁၀၁)

# ရခိုင်ပြည်နယ်မှ ပြည်သူများအတွက် အနုပညာရှင်များ ရန်ပုံငွေ ဂီတဖျော်ဖြေပွဲနှင့် ဘောလုံးပွဲ ကျင်းပမည်

**စစ်ကိုင်း နိုဝင်ဘာ ၇**

ရခိုင်ပြည်နယ်မှ အကြမ်းဖက်တိုက်ခိုက်မှုခံရသော ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံကျော် ရုပ်ရှင်နှင့် ဗွီဒီယိုသရုပ်ဆောင်များ၊ တေးသံရှင်များ၊ မြန်မာ့လက်ရွေးစင်အသင်းတွင် ပါဝင်သော အားကစားသမားအချို့နှင့် စစ်ကိုင်းမြို့နယ်လက်ရွေးစင်ဟောင်းများပါဝင်သော ဘောလုံးအသင်းတို့၏ ရန်ပုံငွေ ဂီတဖျော်ဖြေပွဲနှင့် ချစ်ကြည်ရေးဘောလုံးပွဲကို စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့် ဘောလုံးကွင်းကြီး၌ နိုဝင်ဘာ ၁၂ ရက် တနင်္ဂနွေနေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂီတဖျော်ဖြေပွဲနှင့် ချစ်ကြည်ရေးဘောလုံးပွဲမှ ရရှိလာသော ကွင်းဝင်ကြေးများနှင့် အခြား လှူဒါန်းမှုအားလုံးကို ရခိုင်ပြည်နယ်မှ အကြမ်းဖက်မှုခံရသော ပြည်သူများထံသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှတစ်ဆင့် လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ကွင်းဝင်ကြေးအဖြစ် အထူးတန်း ၅၀၀၀ ကျပ်နှင့် ရိုးရိုးတန်း ၁၀၀၀ ကျပ် သတ်မှတ်ထားကာ အထူးတန်းအတွက် ကြိုတင်လက်မှတ်များကို ဈေးလမ်းရှိ Hello Mobile ဖုန်းဆိုင်တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

ရန်ပုံငွေပွဲ ကျင်းပသည့်ရက်တွင် မွန်းတည့် ၁၂ နာရီမှ စတင်ကာ နိုင်ငံကျော်တေးသံရှင်များက ဂီတဖျော်ဖြေပွဲ ကျင်းပပြီး ညနေ ၃ နာရီခွဲတွင် ဘောလုံးပွဲ စတင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ခင်အေး (Betty)
### အသက်(၉၅)နှစ်

ပါမောက္ခ ဒေါက်တာပိုင်စိုး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ၊ ပါမောက္ခချုပ်၊ ငြိမ်း)၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) - ဒေါ်ကြည်ကြည်မြင့်တို့၏ မိခင်ဖြစ်သူ ဒေါ်ခင်ခင်အေး(Betty) အသက်(၉၅)နှစ်သည် ၂၈-၁၀-၂၀၁၇ရက်(စနေနေ့) မွန်းလွဲ ၁၂း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ **ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)**

## ဦးငွေသိန်း
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဗဟိုစာရင်းအင်းအဖွဲ့
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၁၅ (ငါးလွှာ)နေ (ဦးကိုကိုကြီး-ဒေါ်ငွေစု)တို့၏သား၊ (ဦးအောင်ငြိမ်း-ဒေါ်ဖွားရင်)တို့၏သားသမက်၊ မရည်မွန်သိန်း (Myanmar Japan Thilawa Development Ltd.)၊ မောင်ထူးမြတ်(အနောက်ပိုင်းနည်းပညာတက္ကသိုလ်)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်စိုးစိုးငြိမ်း (လ/ထ ညွှန်မှူး၊ ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၏ခင်ပွန်းသည် ၆-၁၁-၂၀၁၇ရက် နံနက် ၀၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်မင်းဟန်
### (လှသရဖူ ပရိဘောဂ)
### B.Sc (Phys)/MBA (11th Batch)
### အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝင်္ကပါလမ်း၊ အမှတ် ၅-စီ/ဒီနေ ဦးစောလှိုင် (ဥက္ကဋ္ဌ၊ ရန်ကုန်ချမ်းမြေ့ရိပ်သာ၊ MD Hla Gaber Co.,Ltd)-ဒေါ်ခင်ညိုသင်း (လှကမ္ဘာပရိဘောဂ)တို့၏တစ်ဦးတည်းသောသား၊ ဦးအောင်သန်း(MD Best United Co., Ltd.)-ဒေါ်လှရီတို့၏သားသမက်၊ ဒေါ်မေအိမွန် (လှသရဖူပရိဘောဂ)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာခင်ကိုလတ်-ဒေါ်ရည်မွန်လှိုင် (လှဘုရင်ပရိဘောဂ)တို့၏မောင်၊ ဦးထင်လင်းအောင်(Director Best United Co.,Ltd.)-ဒေါ်အေးအေးဆင့်တို့၏ညီ၊ မောင်အောင်ကောင်းခန့်၊ မမြတ်ရွှေစင်ဝင်း၊မောင်ဉာဏ်မင်းထွန်းတို့၏ဦးလေး၊ဦးသန်းထွန်း(သီရိသုဓမ္မမဏိဇောတရေ)-ဒေါ်အေးမြင့်(ရွှေပင်ငွေပင် ဦးသန်းထွန်း ပရိဘောဂ)တို့၏တူ၊ ဦးအောင်နိုင်ထွန်း-ဒေါ်မေဇင်ထွန်း၊ ဦးနိုင်အောင်-ဒေါ်ရွှေစင်ထွန်း၊ ဦးဇေယျ-ဒေါ်နှင်းနွယ်ဝင်း (ရတနာသီရိ အိမ်ခြံမြေအကျိုးဆောင်)တို့၏အစ်ကိုသည် ၇-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၄း၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## သုံးခွမြို့နယ်အသင်း(ရန်ကုန်)
## ဝမ်းနည်းကြေကွဲခြင်း

သုံးခွမြို့နယ်အသင်း(ရန်ကုန်) ဒု-ဥက္ကဋ္ဌ(၁) ဦးစောလှိုင်-ဒေါ်ခင်ညိုသင်းတို့၏သား၊ သုံးခွမြို့နယ်အသင်း နာယက ဦးအောင်သန်း-ဒေါ်လှရီတို့၏သားသမက်၊ သီရိသုဓမ္မမဏိဇောတရေ ရွှေပင်ငွေပင် ဦးသန်းထွန်း(သုံးခွမြို့နယ်အသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ)-ဒေါ်အေးမြင့်တို့၏တူသား ဦးကျော်မင်းဟန် အသက်(၄၃)နှစ် B.Sc (Phys), MBA (11th Batch) (လှသရဖူပရိဘောဂ)သည် ၇-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၄း၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သုံးခွမြို့နယ်အသင်း**
**အမှုဆောင်အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ ဦးကျော်မင်းဟန် အသက်(၄၃)နှစ် B.Sc (Phys), MBA (11th Batch) (လှသရဖူပရိဘောဂ)သည် ၇-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၄း၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးနိုင်အောင်(ဒုတိယအထွေထွေမန်နေဂျာ၊**
**မြန်မာ့ရေနံ့ဆောင်ဘဏ်)-**
**ဒေါ်ရွှေစင်ထွန်း(ရွှေပင်ငွေပင်ကုမ္ပဏီမိသားစု)**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ ဦးကျော်မင်းဟန် အသက်(၄၃)နှစ် B.Sc (Phys), MBA (11th Batch) (လှသရဖူပရိဘောဂ)သည် ၇-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၄း၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရတနာဂါးဒင်းစားတော်ဆက်**
**ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သန်းမြင့် (ခ) Helen
### အသက်(၇၇)နှစ်

မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်၊ အတွင်းရေးမှူး၊ ဦးပီတာ၏ဇနီး၊ ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောင်ဆန်းအားကစားကွင်း မြောက်ဘက်တန်းနေ ဒေါ်သန်းမြင့် (ခ) Helen သည် ၇-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်**

## ဒေါ်စန်းရီ (မေမြို့)
### အသက်(၇၅)နှစ်

(ဦးလှဘော်-ဒေါ်ရင်မြ)တို့၏သမီး၊ ဦးရဲဝင်း[တိုင်းပို့ဆောင်ရေးမန်နေဂျာ (မမ)(ငြိမ်း)]၏ဇနီး၊ (ဦးမျိုးမင်းသိန်း)-ဒေါ်ဖြူဖြူဝင်း(အထက-၁၊ ဒဂုံ)၊ ဦးမျိုးဝင်း-(ဒေါ်မော်မော်ဦး)၊ ဦးအောင်မိုးကြည်-ဒေါ်နီနီဝင်း၊ ဦးဝင်းဇော်ဦး-ဒေါ်ညိုညိုဝင်း၊ (ဦးဇော်မျိုးထင်)-ဒေါ်နန်းထွေးဝင်းတို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၇-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၇ရက် ညနေ ၃နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## Pa Pome Za Khai @ Moses
### B.A.; C.H.E; D.H.E
### ကျန်းမာရေးအရာရှိဟောင်း၊ GRET ဝန်ထမ်းဟောင်း
### United Christian High School (Cushing) ကျောင်းသားဟောင်း
### ပြည်ထောင်စုကျောင်း(ရှစ်မိုင်-ရန်ကုန်)ကျောင်းသားဟောင်း
### အသက်(၇၂)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ခေါ်ဆကျေးရွာနေ (U Lian Khaw Mang - Daw Nianj Khaw Kam)တို့၏သား၊ (Daw cing Za Lian - U P. Lwa Thowng), U Suang Za Dal-Daw Ngiak Za Huai (ကုန်းမြင့်ချယ်ရီစားသောက်ဆိုင်-သိုင်ငင်း)တို့၏မောင်/ညီ၊ (Daw Pau Man- U Jason Suang Khaw Thawng), Daw Cingh Za Hau(Sister) (ငြိမ်း)၊ U Tual Za Lian Pau-Daw Baby Shwe, U Zam Za Pau, U Kam Thawn Nang-Daw Mang Cingh တို့၏အစ်ကို၊ တူ၊ တူမ ၂၁ယောက်တို့၏ဦးလေး၊ မြေး သုံးယောက်တို့၏အဘိုး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဆင်မလိုက်၊ အောင်သုခလမ်း၊ အခန်း ၄၀၂၊ အမှတ်(၇၆)ဘီနေ Daw Lian Khua Huai ၏ချစ်လှစွာသောခင်ပွန်း၊ U Mang Khan Cin Khai- Daw Dina Lal Lian Mawi တို့၏ဖခင်သည် ၆-၁၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၈း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင်ရန်ကုန်စီးယင်းနှစ်ခြင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်း (YSBC)၌ ဝတ်ပြုဆုတောင်းပြီး ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းခြင်းကို ၁၂-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်၌ပြုလုပ်ပါမည်။] (အောင်သုခလမ်းနေအိမ်မှ မွန်းလွဲ ၁နာရီနှင့် ယုဇနဥယျာဉ်မြို့တော် ပိတောက်ကွေ့တို့မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် YSBC သို့ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသက်ညီညီဇော် (B.Sc, Chemistry)
### H.R.Manager, YKKO Group of Companies Limited
### အထက(၁)လသာကျောင်းသားဟောင်း
### အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၃လမ်း၊ အမှတ် ၁၀၂၊ ပထမထပ်နေ ဦးခင်ဇော်-(ဒေါ်သန်းသန်းမြင့်)တို့၏သား၊ (ဦးသိန်းအောင်)-ဒေါ်ခင်စိန်တို့၏သားသမက်၊ ဦးတင်မောင်မောင်ဇော်-Wendy(ခေတ္တ-USA)၊ ဒေါက်တာအေးမြမြဇော်-ဦးအောင်လှိုင်မော်(ခေတ္တ-USA)တို့၏ညီ/မောင်၊ ဒေါ်သက်နိုင်ဦး (သက်သက်)၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဘုန်းဗလဇော်၊ မောင်ဖွဲ့သီဟဇော်တို့၏ဖခင်သည် ၅-၁၁-၂၀၁၇ရက် ည ၁၀း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၇ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၁-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးချိုသာ အသက်(၅၉)နှစ်
### Toyota Co.,Ltd. Kobe, Japan

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၁၇၅/၁၇၉၊ အခန်း ၉ နေ (ဦးအောင်ဖေ-ဒေါ်ငွေးကြွယ်)တို့၏သား၊ ဒေါ်ယုယုခင်ခင်၏ခင်ပွန်း၊ မောင်ဝင့်ထက်သာ၊ မငုယမုံသာတို့၏ဖခင်သည် ၆-၁၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒုရဲမှူးသန်းဆွေ (ငြိမ်း)
### လ-၁၁၈၂၅
### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ[ဝဏ္ဏကျော်ထင် ဦးရှင် (ရန်ကုန်တိုင်းရဲမင်းကြီး၊ ငြိမ်း)]-ဒေါ်အေးတင်တို့၏သား၊ ပန်းတနော်မြို့နေ[ဦးရီ (ရဲတပ်ကြပ်ကြီး၊ငြိမ်း)-ဒေါ်ညွန့်မေ]တို့၏သားသမက်၊ ဒေါ်ခင်သန်းမြင့်၏ခင်ပွန်း၊ ကိုသူရိန်ဆွေ၊ ကိုသူရ၊ ရဲဒုတပ်ကြပ်ထွန်းသီဟ(နေပြည်တော်-လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့)၊ ရဲတပ်ကြပ် ကျော်ကျော်ဆွေ (ကော့မှူးရဲတပ်ဖွဲ့)-မစန္ဒာဝေ၊ ကိုရှိန်မင်းအောင်-မပွင့်မွန်ဆွေ(အထက်တန်းရှေ့နေ)တို့၏ဖခင်၊ မောင်အောင်ပြည့်ဖြိုး၊ မစုထက်ထက်ရှိန်တို့၏အဘိုးသည် ၅-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၁၁း၃၀နာရီတွင်ပန်းတနော်မြို့သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## အင်ဘွန်တွမ်(ခ)ဒေါ်သန်း
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊အမှတ် ၃၁နေ[လင်ပွေကြီး (ခ)ဦးအုန်းကြိုင်]၏ဇနီး၊ ဒေါ်ကျင်မြ-ဦးစိုးရင်(USA)၊ ဦးသိန်းအောင်-ဒေါ်မြင့်မြင့်လေး၊ဦးသိန်းလွင်-ဒေါ်ခင်သစ်၊ ဒေါက်တာဒေါ်ကျင်လှ - ဦးကျော်မင်း၊ ဒေါ်ကျင်ဟုန်-ဒေါက်တာဦးစိုးဝင်း၊ဒေါ်ကျင်တီ-ဦးဇော်သန်း၊ ဦးထွန်းအောင်-ဒေါ်တင်တင်လှ၊ ဒေါ်ကျင်အေး-ဦးနိုင်ဝင်း(USA)၊ ဦးခင်အောင်-ဒေါက်တာဒေါ်ခင်မာအုန်း(USA)တို့၏မိခင်၊ မြေး ၂၃ယောက်၊ မြစ်ကိုးယောက်တို့၏ဘွားဘွားသည် ၇-၁၁-၂၀၁၇ရက် (အင်္ဂါနေ့)ညနေ ၅း၁၅နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၇ ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ဝါးတန်းလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဆိုင် (ပွဲစားကြီး)
### တောင်တွင်းကြီး
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မော်တင် ၈လမ်း၊ အမှတ် ၆၉၊ အပေါ်ဆုံးထပ်နေ ဒေါ်ကြည်ကြည်သန်း၊ (ဒေါ်ရီရီသန်း)၊ ဒေါ်အေးအေးမြင့်၊ (ဦးထိန်လင်း)၊ ဦးကျော်လင်း၊ ဒေါ်မြင့်မြင့်စန်း၊ ဦးသိန်းဇော်ထွန်းတို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည်၇-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂း၃၀နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ရီ
### အသက်(၅၇)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ စနဲမြို့၊ အလယ်ပိုင်းရပ်ကွက်နေ (ဦးရွှေကြိုင်-ဒေါ်တင်ရွှေ)တို့၏သမီး၊ ဒေါ်တင်တင်အေး(ခ)မကြီး၏ညီမ၊ ဦးခင်မောင်လတ်၏ဇနီး၊ ဦးတင်သိန်း(ခ)ဦးညီစိတ်၊ ဦးလှထွေး-ဒေါ်သင်းသင်းခိုင်၊ ဦးဖိုးလုံး-ဒေါ်အေးအေးရီ၊ ဦးတင်ထွန်း-ဒေါ်တင်ယုဝါ၊ ဦးဇော်မင်းဦး-ဒေါ်တင်တင်ထွေး(ခ)မယေတို့၏အစ်မ၊ ကိုဖြိုးဝေလင်း-မဇင်မာလှိုင်၊ ကိုဖြိုးပိုင်လင်းတို့၏မိခင်၊ မဇပြီဖြိုးဝေ၊ မောင်ထက်အာကာတို့၏အဘွားသည်၆-၁၁-၂၀၁၇ရက် (တနင်္လာနေ့) ည ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြရပ်ကွက်)၊မင်းလမ်း၊ အမှတ် ၂၇ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကြည်ရှိန်(ခ)ဦးကျော်စိုး
### (ကားပွဲစားတန်း)
### အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်၊ တိုက် ၄၊ အခန်း ၂၀နေ(ဦးအုန်းရွှေ-ဒေါ်အေး)တို့၏သား၊ ဒေါ်ကျင်သန်း၏မောင်၊ မောင်ညီညီရှိန်၊ မောင်ရန်လင်းရှိန်တို့၏ဖခင်သည် ၇-၁၁-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၁၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်ကောက်
### (ဒုအရာခံဗိုလ်၊ ငြိမ်း)
### အသက်(၈၉)နှစ်

ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ခရမ်းခြံရွာနေ (ဦးလု-ဒေါ်ချစ်တင့်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်မွေး(၁)၊ အမှတ် ၄/၂/၁၀နေ(ဒေါ်ကြည်သန်း)၏ခင်ပွန်း၊ (ဦးစိုးမြင့်၊ မြန်မာ့မီးရထား)-ဒေါ်လှလှမြင့်(ထ/ပြ-ငြိမ်း၊ ထ-၄၊ မင်္ဂလာတောင်ညွန့်)၊ ဒေါ်မြမြတင့်(အထက စိုက်/မွေး-၁)၊ (ဒေါ်ဆွေဆွေမြင့်၊ အထက စိုက်/မွေး-၁)၊ ဒုအရာခံဗိုလ်သက်ဦးနိုင်-ဒေါ်သန်းသန်းမြင့်၊ ဒေါ်ခင်ခင်မြင့်(အထက စိုက်/မွေး-၁)၊ ဦးထိန်ဝင်း (မြန်မာ့မီးရထား)-ဒေါ်ဖြူဖြူ၊ ဒေါ်လှလှညိုတို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏ဘိုးဘိုးကြီးသည် ၇-၁၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစိန်ပွင့် (သထုံ)
### လက်ထောက်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့ကုန်တိုက်
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်၊ အရှေ့ရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ် ၇၆နေ (ဦးအောင်ခင်-ဒေါ်လှရွှေ)တို့၏သား၊ (ဦးအေး-ဒေါ်မကြီး)တို့၏သားသမက်၊ ဒေါ်ခင်စန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးနိုင်-(ဒေါ်တင်တင်ဝင်း)တို့၏ညီ၊ (ဦးအောင်ဝင်း)-ဒေါ်အေးသန်းစိန်တို့၏အစ်ကို၊ ဦးဆန်းဦး-ဒေါ်မွေးမွေး၊ ဦးမျိုးဆွေ၊ ဦးမျိုးမြင့်အောင်-ဒေါ်နီလာဦး(ခေတ္တ-USA)တို့၏ဖခင်၊ မောင်အောင်ဆက်ပိုင်၊ မစုမြတ်သွယ်၊ မသက်မြတ်ဖြူ၊ မယုသဒ္ဒါအောင်တို့၏ဘိုးဘိုးကြီးသည် ၆-၁၁-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၅း၂၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၇ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကိုကိုလွင် (မော်ကျွန်း)
### ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ဗဟိုကော်မတီဝင်၊
### ပါတီလုပ်ငန်းစိစစ်ရေးအဖွဲ့ဝင်၊ နေပြည်တော်
### အသက်(၅၇)နှစ်

မော်လမြိုင်ကျွန်းမြို့၊ မြို့မ (၉)ရပ်ကွက်၊ အောင်ရိပ်သာလမ်းနေ (ဦးကျော်လွင်)-ဒေါ်စန်းလှိုင်တို့၏သား၊ ဒေါ်စန္ဒာလွင်၊ ဦးကျော်သန်း-ဒေါ်သီတာလွင် (ဘိုကလေး)၊ဦးအောင်ကျော်သူ(D 46, ဗဟိုစံပြငါးဈေးကြီး၊ကြည့်မြင်တိုင်)တို့၏အစ်ကို၊ ဒေါ်မြင့်မြင့်အေး၏ချစ်လှစွာသောခင်ပွန်း၊ကိုပြည့်စုံဦး-မချောပြည့်ကိုကို (Yangon Mobile Store)၊ ကိုကျော်ကိုကိုထူး-မဟေမာမောင် (Yangon Mobile Store)၊ ဒေါက်တာအောင်ထွန်းထွန်းတို့၏ချစ်လှစွာသောဖခင်၊ မောင်ဝီရ၊ မအမရာတို့၏အဘိုးသည် ၇-၁၁-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၀၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၇ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် A/၁၀၃၊ ကောင်းမြတ်သူအိမ်ရာ၊ ဈေးကလေး ၅လမ်း၊ ထီးတန်းအိမ်ရာအနီး၊ ကြည့်မြင်တိုင်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကိုကိုလွင်
### (ဗဟိုကော်မတီဝင်၊ ပြည်ခိုင်ဖြိုးပါတီ)
### အသက်(၅၇)နှစ်

မော်လမြိုင်ကျွန်းမြို့နယ်နေ (ဦးကျော်လွင်) - ဒေါ်စန်းလှိုင်တို့၏သား၊ (ဦးတင်အေး-ဒေါ်နွဲ့)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်အေး၏ ချစ်လှစွာသောခင်ပွန်း ဦးကိုကိုလွင်(ဗဟိုကော်မတီဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)သည် ၇-၁၁-၂၀၁၇ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးအေးအောင်
### အသက်(၆၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းခြံ၊ ဦးမောင်မောင်စိုးလမ်းသွယ်၊ အမှတ် ၁၁၇ နေ ဗိုလ်မှူးချုပ်သိန်းထိုက်(ငြိမ်း)၏ဇနီး ဒေါ်အေးအေးအောင် (မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)သည် ၁-၁၁-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**ဝန်ထမ်းဟောင်းများအသင်း**

## ဦးကျော်ဝင်း (စစ်တွေ)
### ဦးစီးအရာရှိ၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန (စီးပွား/ကူးသန်း)
### အသက်(၅၇)နှစ်

စစ်တွေမြို့၊ ရှုပတောင်ရပ်ကွက်၊ ရွှေဘန်းလမ်း၊ အမှတ် ၄၄နေ (ဦးအောင်ကျော်ဇော)-ဒေါ်စောအေးသာတို့၏ချစ်လှစွာသောသား၊ ရန်ကုန်မြို့၊သင်္ဃန်းကျွန်းမြို့နယ်၊ အောင်ချမ်းသာလမ်း၊ အမှတ် ၁၉ (က)နေ ဦးစိန်လှထွန်း-ဒေါ်စောအေးခင်တို့၏တူမောင်၊ ဦးနေဝင်း-ဒေါ်မမိုးစိန်၊ ဒေါ်ခင်စောဝင်း-ဦးစောသာကျော်၊ ဒေါ်မတင်မေ၊ ဦးစောရွှေ-ဒေါ်ခင်စန္ဒာမြင့်၊ ဒေါ်မမြတင်၊ ဦးထွန်းဝင်းအောင်-ဒေါ်ဝေဝေထွန်း၊ မောင်အောင်ကျော်ထွန်းတို့၏အစ်ကို၊ တူ၊ တူမ ရှစ်ယောက်တို့၏ဘကြီးသည် ၆-၁၁-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ရန်ကုန်သစ်ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အစွမ်းထက်မြက်
အာဏာစက်ဖြင့်
ဆော်ဒီကို ကိုင်လှုပ်သူ
စာ ၁၅

ဘီအိုင်အေ
ထားဝယ်မြို့သိမ်း
အလံတိုင်
စာ ၁၆

လျှပ်စစ်မီးသုံးစွဲရာတွင်
အသက်အန္တရာယ်
ကင်းရှင်းရေးနှင့်
တန်ဖိုးရှိစွာ ခြိုးခြံ
ချွေတာသုံးစွဲရေး
ပြည်သူလူထု
ပူးပေါင်း ပါဝင်သင့်
စာ ၁၇

ပွင့်လင်းရာသီဦး
ချင်းပြည်နယ်
ဝိတိုရိယတောင်သို့
ခရီးသွားများ စတင်
ဝင်ရောက်စပြု
စာ ၂၀

# တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးစီမံဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု လျော့နည်းစေရေး အတွက် တတ်အားသရွေ့ စီမံဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။

ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် သုံးခွမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၏ မေးခွန်းမေးမြန်းမှုကို ပြန်လည်ဖြေကြားရာတွင် ဝန်ကြီးက ထည့်သွင်းဖြေကြား ခဲ့ခြင်းဖြစ်သည်။

သုံးခွမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းက ရန်ကုန်တိုင်းဒေသကြီးသည် နိုင်ငံ၏ စီးပွားရေးအချက်အချာကျသော စက်မှုမြို့တော်ကြီးဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးသော မြို့တော်ကြီးဖြစ်သောကြောင့် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရန်မှာ အလွန်အရေးကြီးကြောင်း၊ နွေဥတုကာလ၌ စက်မှုလုပ်ငန်းရှင်များနှင့် ပြည်သူများမှ လျှပ်စစ်ဓာတ်အား လုံးဝပြတ်တောက်သွားမည့် အခြေအနေများ ဖြစ်ပေါ်လာနိုင်သည့်အတွက် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရထံမှ လျှပ်စစ်ဓာတ်အားကို မည်သည့်ဈေးနှုန်းဖြင့် ဝယ်ယူပြီး မည်သည့်နှုန်းထားဖြင့် ဖြန့်ဖြူးပေးနေသည်ကို သိရှိလိုကြောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာတွင် ဈေးနှုန်းပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ မရှိ၊ မီတာသုံးစွဲမှုတွင် အများပြည်သူနှင့် လုပ်ငန်းရှင်များ အသုံးပြုနိုင်ရန် ထိန်းချုပ်မှုဖြင့် ဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိနှင့် တစ်ယူနစ်တန်ဖိုး မည်သို့ကောက်ခံနေသည်ကို သိရှိလိုပါကြောင်းနှင့် လာမည့်နွေရာသီတွင် တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေး မည်သို့စီမံထားသည်ကို သိရှိလိုကြောင်း မေးမြန်းခဲ့သည်။

အဆိုပါမေးခွန်းမေးမြန်းမှုအပေါ် လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြန်လည်ဖြေကြားရာတွင် လျှပ်စစ်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က

*စာမျက်နှာ ၆ ကော်လံ ၁* ✻



# ဂျပန်ဖလားဂျူဒိုပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနအသင်း တံခွန်စိုက်ဆွတ်ခူး

ရန်ကုန် နိုဝင်ဘာ ၇

**(၁၃)ကြိမ်မြောက် Japan Cup Judo ပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တို့က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲများ ကျင်းပခဲ့သည်။**



**တံခွန်စိုက်ဒိုင်း ဆွတ်ခူးသွားသော ကာကွယ်ရေးဝန်ကြီးဌာနအသင်း။** ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

ပြိုင်ပွဲအပြီး အမျိုးသား၊ အမျိုးသမီး ကီလိုတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယ၊ အမျိုးသား၊ အမျိုးသမီး အတိုးတက်ဆုံးဆု၊ အမျိုးသားအကောင်းဆုံး အားကစားသမားဆုတို့ကို အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်နှင့် ဂျပန်လူမျိုးများအသင်းမှ တာဝန်ရှိသူများက လည်းကောင်း၊ ရွှေရှစ်၊ ငွေရှစ်၊ ကြေးလေးဖြင့် အမျိုးသား၊ အမျိုးသမီး စုပေါင်းတံခွန်စိုက်ဒိုင်း ရရှိသွားသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi က လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန A အသင်းနှင့် B အသင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်း၊ စက်မှုဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ဆက်သွယ်ရေးအသင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်၊မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး)အသင်းများ၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်သာအသင်းတို့မှ အားကစားသမား စုစုပေါင်း ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်း - အေးကေလင်း**

# နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၁ အသင်း လေ့ကျင့်မှု စတင်ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာ ယူ-၂၁ အသင်းသည် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် ယနေ့ညနေပိုင်းမှစ၍ လေ့ကျင့်မှုပြုလုပ်လျက်ရှိပြီး ပဏာမ ကစားသမား ၃၇ ဦးဖြင့် ဖွဲ့စည်းထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် ဒီဇင်ဘာတွင် ကျင်းပမည့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်က ကိုင်တွယ်မည်ဖြစ်ပြီး ၂၀၁၅ ဆီးဂိမ်းတွင် ငွေဆုရခဲ့သည့် အုပ်ချုပ်သူနှင့် နည်းပြအဖွဲ့ဝင်အများစုက ပြန်လည်ကိုင်တွယ်သွားမည်ဖြစ်သည်။

ယခုဖွဲ့စည်းထားသည့် မြန်မာ ယူ-၂၁ အသင်းတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ယူ-၁၉ အသင်းမှ ကစားသမားအများစု ပါဝင်လာပြီး လူငယ်လိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြခဲ့သည့် ကစားသမားများလည်း ပါဝင်လာသည်။ မြန်မာ ယူ-၂၁ အသင်းတွင် **အုပ်ချုပ်သူ**-ဦးသန်းတိုးအောင်၊ **နည်းပြချုပ်**-ဦးကြည်လွင်၊ **လက်ထောက်နည်းပြ**-ဦးကျော်လွင်နှင့် ဦးချစ်နိုင်၊ **ဂိုးနည်းပြ**-ဦးမျိုးကျော်အောင်၊ ကစားသမားများအဖြစ်

*စာမျက်နှာ ၁၃ ကော်လံ ၁* ❖



မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်၊ ဗုဒ္ဓဟူးနေ့

# မြို့တော် ရန်ကုန်နှင့် သူ၏ တစ်နှစ်သား ညဈေးတန်းများ

**ရန်ကုန်** မြို့နေ ပြည်သူတို့အတွက် အေးအေးချမ်းချမ်းဖြင့် အပန်းဖြေအနားယူစရာနေရာမှာ တစ်နေ့ထက်တစ်နေ့ ရှားပါးလာသည်။ မိုးလင်းမှ မိုးချုပ်တိုင်အောင် ကိုယ်စီကိုယ်င လုပ်ငန်းခွင်ဝင်ကြရသဖြင့် မိသားစု ထိတွေ့ဆက်ဆံနိုင်မှုအချိန်က တဖြည်းဖြည်း နည်းပါးလာသည်။ အလုပ်ဆင်းချိန် နောက်ကျမှု၊ ယာဉ်ကြောကျပ်တည်းမှုတို့ကြောင့် မိသားစုအတူနေထိုင်ရန်အချိန်က လျော့နည်းလာသည်။





ရန်ကုန်မြို့တွင် အများနှင့်သက်ဆိုင်သော ပန်းခြံများအား ဝင်ကြေးကောက်ခံခြင်း မရှိသည့်အခါ ပြည်သူများအတွက် ပန်းခြံများသည် အပန်းဖြေအနားယူရာ နေရာသစ်တစ်ခု အဖြစ် ရပ်တည်လာခဲ့သည်။ စနေ၊ တနင်္ဂနွေနှင့် အစိုးရ ရုံးပိတ်ရက်များတွင် ပန်းခြံများ၊ ကုန်တိုက်ကြီးများနှင့် ရုပ်ရှင်ရုံများတွင် လူများ တိုးမပေါက်အောင် ဝင်ရောက်လာလေ့ရှိသည်။

ညစဉ်နောက်ကျ၍ အိပ်ရာဝင်လေ့ရှိပြီး နံနက် နေမြင့်ချိန်မှ အိပ်ရာထတတ်သည့်အကျင့်မှာ ဒေသခံ ရန်ကုန်သူ ရန်ကုန်သားတို့၏ ဓလေ့စရိုက်တစ်ခုဖြစ်သည်။ အလုပ်ပြန်ချိန် နောက်ကျသည့် ရန်ကုန်သားတို့အဖို့ ညအိပ်ရာမဝင်မီ မိသားစု လမ်းလျှောက်ခြင်းများ၊ ညစာ ထမင်းစားပြီးသော်လည်း မိမိကလေးငယ်များအကြိုက် လမ်းတစ်လျှောက်ရှိ မုန့်ပဲသရေစာများကို လိုက်လံစားသောက်ပြီး လေညင်းခံ၍ မိသားစု စကားပြောတတ်ကြသည်။ ညဥ့်နက်သန်းခေါင်ည လေပြည်အေးတိုက်ချိန်မှသာ အလျှိုလျှို အိပ်ရာဝင်တတ်ကြသည်မှာ ရန်ကုန်၏ ဓလေ့ပင်ဖြစ်သည်။

ရန်ကုန်မြို့ပြနေ ပြည်သူတို့၏ ဘဝများကို အုပ်ချုပ်ရေး တာဝန်ရှိသူများက ရိပ်စားမိဟန်တူသည်။ ညဦးပိုင်း အိပ်မပျော်တတ်သူ၊ လေညင်းခံ လမ်းလျှောက်လိုသူတို့အတွက် ရန်ကုန်၏ မြို့လယ်ကောင်ဖြစ်သော ပန်းခြံလမ်း၊ ဘဏ်လမ်းတွင် ညဈေးတန်းတစ်ခု၊ ကမ်းနားလမ်းတွင် ညဈေးတန်းတစ်ခုတို့ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းက ဖွင့်လှစ်ပေးခဲ့သည်။ တာဝန်ရှိသူများအနေဖြင့် ယာဉ်ကြောကျပ်တည်းမှု၊ ကားရပ်နားရန် ခက်ခဲမှုကိုဖြေရှင်းပေးနိုင်ရန် ဦးတည်ခဲ့သော်လည်း ၎င်းတို့ လုပ်ရပ်က ရန်ကုန်မြို့နေသူတို့ အကြိုက်ဖြစ်ခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အနောက်ပိုင်းခရိုင် ဈေးများရုံးမှ လက်ထောက်ဌာနမှူး ဦးမောင်မောင်ဌေးက "ညဈေးတန်းကတော့ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှာ စဖြစ်လာတာပေါ့လေ။ အဓိက ရည်ရွယ်ချက်ကတော့ မြို့တွင်းမှာရှိတဲ့ လမ်းမကြီး ၁၁ လမ်းမှာ ယာဉ်ကြောကျပ်တည်းတာတွေ၊ ကားပါကင်ခက်ခဲတာတွေကို တိုင်းဒေသကြီး အစိုးရရဲ့ ညွှန်ကြားမှု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီရဲ့ကြီးကြပ်မှုနဲ့ အဲဒီကဈေးသည်တွေကို စပြောင်းတုန်းကတော့ ၁၆၀၀ လောက်ရှိတယ်။ အဲဒါတွေကို အသုတ်လိုက် ကမ်းနားလမ်းဈေးတန်းရယ်၊ မဟာဗန္ဓုလပန်းခြံလမ်း ဈေးတန်း

**သတင်း - ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

ရယ်ဆိုပြီး ဈေးတန်းနှစ်ခုမှာ ရွှေ့ပေးလိုက်တာပါ" ဟု ရန်ကုန်မြို့၏ တရားဝင်ညဈေးတန်း ပေါ်ပေါက်လာပုံ အကြောင်းကို ရှင်းပြသည်။ **အချပ်ပို (ဃ) သို့**

**အချပ်ပို (ဃ) သို့**

**ညဦးပိုင်း အိပ်မပျော်တတ်သူ၊ လေညင်းခံ လမ်းလျှောက်လိုသူတို့အတွက် ရန်ကုန်၏ မြို့လယ်ကောင်ဖြစ်သော ပန်းခြံလမ်း၊ ဘဏ်လမ်းတွင် ညဈေးတန်းတစ်ခု၊ ကမ်းနားလမ်းတွင် ညဈေးတန်းတစ်ခုတို့ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်းက ဖွင့်လှစ်ပေးခဲ့သည်။ တာဝန်ရှိသူများအနေဖြင့် ယာဉ်ကြောကျပ်တည်းမှု၊ ကားရပ်နားရန် ခက်ခဲမှုကိုဖြေရှင်းပေးနိုင်ရန် ဦးတည်ခဲ့သော်လည်း ၎င်းတို့လုပ်ရပ်က ရန်ကုန် မြို့နေသူတို့ အကြိုက်ဖြစ်ခဲ့**

# သန့်ရှင်းကြည်လင် ရန်ကုန်မြို့တစ်ခွင်



● ဝေယံဦး

ဘတ်စ်ကားပေါ် စီးရင်း အိပ်ငိုက်လာသဖြင့် သကြားလုံးတစ်လုံးကို ပါးစပ်ထဲ ထည့်လိုက်သည်။ သကြားလုံးအခွံကို မိမိအိတ်အတွင်းထည့်ကာ သိမ်းဆည်းရင်း အလိုအလျောက် အကျင့်တစ်ရပ်လို ဖြစ်သွားသည့် မိမိကိုယ်မိမိ ပြန်သတိပြုမိသည်။ အမှိုက်ကို အလွယ်တကူ စွန့်ပစ်တတ်သည့် အလေ့အထမရှိတော့သည်မှာ ကြာပြီ။

ရန်ကုန်မြို့ပြတစ်ခွင်တွင် ကားလမ်းတိုင်းပေါ်၌ ယခင်လို ကြွပ်ကြွပ်အိပ်များ၊ အမှိုက်များ မတွေ့ရသလောက် နည်းပါးသွားသည်က ထူးခြားတိုးတက်မှုတစ်ရပ်ဖြစ်လာသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးက အမှိုက်များ နေ့စဉ်သန့်ရှင်းသိမ်းဆည်းမှုရှိနေသလို လူတစ်ဦးချင်းစီကလည်း ယခင်က စည်းကမ်းမဲ့အမှိုက်ပစ်မှု အလေ့အကျင့်များ လျော့နည်းလာခြင်းကလည်း သိသိသာသာဖြစ်လာသည်။

ရန်ကုန်မြို့တွင် လူဦးရေ ခုနစ်သန်းကျော် နေထိုင်လျက်ရှိသဖြင့် လူတစ်ဦး အမှိုက်တစ်စ စည်းကမ်းမဲ့စွာ စွန့်ပစ်လျှင်ပင် တစ်နေ့ အမှိုက်ပေါင်းသန်းချီ၍ ထွက်ပေါ် လာမည်ဖြစ်ရာ လမ်းဘေးဝဲယာတွင် အမှိုက်များ ဖွေးဖွေးလှုပ်နေတော့မည်ဖြစ်သည်။ လူတစ်ဦးချင်းစီက အသိတရားကိုယ်စီဖြင့် ထိန်းသိမ်းမှုပြုလုပ်ပါက ရန်ကုန်မြို့ပြတစ်ခွင်တွင် အမှိုက်များ ကင်းစင်နေမည်မှာ မလွဲကေန်ဖြစ်မည်ဟု ယုံကြည်မိသည်။ **အချပ်ပို(ဂ)သို့**

# တန်ဆောင်တိုင်ကာလ Water Bus ခရီးစဉ် အပျော်စီးနင်းမှုများပြား

**သန်းထိုက်(လှိုင်သာယာ)**
**ဓာတ်ပုံ-သန်းစိုး**

**တန်ဆောင်တိုင်ပွဲတော်** **ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ကာလတွင် ဗိုလ်တထောင်မှ အင်းစိန် အောင်ဇေယျကြိုးတံတားထိ ပြေးဆွဲနေသော Yangon Water Bus ခရီးစဉ်တို့၌ အပျော်စီးနင်းမှုများပြားကြောင်း သိရသည်။**

"ရုံးဖွင့်ရက်တွေမှာ ခရီးသည်တွေက ပုံမှန်ပဲသွားလာကြပါတယ်၊ ရုံးပိတ်ရက်နဲ့ တန်ဆောင်တိုင်ပွဲတော်ကာလမှာ စီးနင်းမှုများတယ်၊ လိုကယ်သင်္ဘောက ဦးရေ ၁၂၀ ဆံ့တယ်၊ နှစ်ထပ်သင်္ဘောက ၂၀၀ ဆံ့ပါတယ်၊ အင်းစိန်ဂိတ်အတွက် လူ ၈၀ စာပဲ ရောင်းပေးပြီးတော့ ရွှေပိတောက်ဂိတ်နဲ့ ကြည့်မြင်တိုင်ဂိတ်အတွက် လူချန်ပေးထားပါတယ်၊ ဂိတ်ခြောက်ခုရှိတယ်၊ ဘယ်သင်္ဘောပဲစီးစီး တစ်ယောက် ငွေကျပ် ၃၀၀ ပါ၊ ရုံးပိတ်ရက်တွေမှာ နှစ်စီးဖြည့်ပြီး ပြေးဆွဲပါတယ်၊ ပုံမှန်ခြောက်စီးပြေးဆွဲပြီးတော့ နံနက် ၆ နာရီကနေ ည ၈ နာရီ ၁၅ မိနစ်အထိ ပြေးဆွဲပါတယ်၊ ဒီရက်တွေမှာ တစ်နေ့လူဦးရေ နှစ်ထောင်ဝန်းကျင် စီးနင်းပြီးတော့ ရုံးဖွင့်ရက်တွေမှာ ခြောက်ရာနီးပါး ပို့ဆောင်ပေးရပါတယ်" ဟု အင်းစိန် Water Bus တာဝန်ခံ ဦးနိုင်ဝင်းထွန်းက ပြောသည်။

လက်ရှိတွင် သင်္ဘောရှစ်စင်းဖြင့် ပြေးဆွဲလျက်ရှိပြီး လှိုင်သာယာ၊ သန်လျင်နှင့် ခရမ်း-သုံးခွတို့တွင် တိုးချဲ့ပြေးဆွဲရန် အစီအစဉ်ရှိကြောင်း၊ လိုကယ်သင်္ဘော ခုနစ်စင်းနှင့် နှစ်ထပ်သင်္ဘောတစ်စင်းဖြင့် ပြေးဆွဲပေးလျက်ရှိ၍ ယနေ့ကဲ့သို့ စီးနင်းမှုများသောနေ့တွင် ရှေ့တစ်စင်းထွက်ပြီးမှသာ နောက်တစ်စင်းအတွက် လက်မှတ်ရောင်းချပေးလျက်ရှိရာ လက်မှတ်အရောင်ခွဲ၍ ရောင်းချပေးသည့်အတွက် ခရီးသည်များစီးနင်းရာတွင် အမှားအယွင်းမရှိ အဆင်ပြေကြောင်း၊ နှစ်ထပ်သင်္ဘောစီးနင်းရာတွင် ကလေးငယ်များအတွက် အပေါ်ထပ်သည် အန္တရာယ်များ၍ အောက်ထပ်တွင် စီးနင်းခြင်းဖြင့် စိတ်အေးချမ်းသာစွာ သွားလာနိုင်ကြောင်း ခရီးသွားပြည်သူတို့အား ဝန်ဆောင်မှုပေးနေသော အင်းစိန် Water Bus မှသိရသည်။

တန်ဆောင်တိုင်ရုံးပိတ်ရက်ဖြစ်၍ ကလေးများ ကျောင်းပိတ်ရက်လည်းဖြစ်သောကြောင့် ကလေးများအား လိုက်ပါပို့ဆောင်ပေး သော မဆွေဆွေအောင်က "Water Bus ကို စီးချင်တာကြာပြီ၊ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်မဆုံတော့ မသွားဖြစ်ဘူး၊ အခုစီးရတာ အဆင်ပြေတယ်၊ ကလေးတွေလည်း ပျော်ကြတယ်၊ ခရီးသည်လုံခြုံရေးကို ဦးစားပေးဆောင်ရွက်တာကို ပိုသဘောကျတယ်၊ ပြီးတော့ လာစီးတဲ့သူတွေရဲ့ ယာဉ်ရပ်ဖို့ အခက်အခဲရှိတယ်၊ သင်္ဘောပေါ်ကနေ ဗောတံတားပေါ် တက်တဲ့အခါမှာ ဆိပ်ခံဗောတံတားက မြင့်နေလို့ ကလေးနဲ့ သက်ကြီးရွယ်အိုတွေ အခက်အခဲရှိနေတယ်"ဟု ရွှေပြည်သာမှ ဝန်ထမ်းတစ်ဦးဖြစ်သော မခင်သန်းနွဲ့က ၎င်း၏အမြင်ကို ပြောသည်။



Yangon Water Bus ထပ်မံပြေးဆွဲရန် ရေယာဉ်အချို့ကို ထပ်မံမှာကြားထားပြီး နှစ်ထပ်သင်္ဘောနှစ်စင်းဖြင့် သင်္ဘောကိုးစင်းရှိရာ ရှစ်စင်းဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"သင်္ဘောက ပေါ့တော့လေတိုက်ရင် ဂရုစိုက်ရတယ်၊ မောင်းရတာ စိတ်ချမ်းသာတယ်၊ သင်္ဘောအသစ် ထပ်ရောက်မယ်လို့လည်းကြားတယ်။ အစပိုင်းမှာ အခက်အခဲတော့ရှိတယ်၊ အောင်မြင်မှာပါ။ ခရီးသည်တွေရဲ့လုံခြုံရေးကို ဦးစားပေးပြီး မောင်းနှင်ပါတယ်"ဟု တစ်ချိန်က MPE ရေနံသယ်ပို့ယာဉ် မောင်းနှင်ခဲ့သည့် လုပ်သက် ၃၇ နှစ်ရှိ ရေယာဉ်မှူး ဦးအုန်းမြင့်က ပြောပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ၃၄ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သော ဦးမြင့်စိုးကလည်း "အခုလို ပြည်သူတွေ ရေကြောင်းကနေ ချောချောမွေ့မွေ့နဲ့ သွားလာနိုင်အောင်ဖြစ်စေချင်တာ ကြာပါပြီ။ ကျွန်တော်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှာ T Class ကို အများဆုံးမောင်းခဲ့ရတယ်၊ T Class နဲ့ အခု Water Bus က တည်ဆောက်ပုံချင်း တူတယ်၊ ဘက်ဆွဲရင် လက်ဝဲလိုက်တာချင်းလည်း တူတယ်၊ မောင်းရတာ အခက်အခဲမရှိဘူး၊ စက်တစ်လုံးတည်းဖြစ်တဲ့အတွက် လေတိုက်ရင် အခက်အခဲတော့ ရှိတတ်တယ်၊ ထိန်းပြီးမောင်းရတယ်၊ ဒီအတိုင်းဆက်သွားနိုင်ရင် အောင်မြင်မယ်လို့ မြင်တယ်၊ ရန်ကုန်မြို့ရဲ့ ယာဉ်ကြောပိတ်ဆို့မှုကို ရှောင်ရှားလိုတဲ့ ပြည်သူတွေအတွက် အကောင်းဆုံးဝန်ဆောင်မှုတစ်ခုလို့ မြင်ပါတယ်"ဟု ပြောသည်။

တန်ဆောင်တိုင်ရုံးပိတ်ရက်တွင် အင်းစိန် Yangon Water Bus လက်မှတ်အရောင်းဌာနတွင် ခရီးသွားပြည်သူများဖြင့် စည်ကားလျက်ရှိပြီး အင်းစိန်မှ ဗိုလ်တထောင်သို့ လက်မှတ်ဝယ်ယူရာတွင် အသွား၊အပြန်အတွက် ဝယ်ယူနိုင်ပါက ခရီးသွားများအတွက် အဆင်ပြေစေမည်ဖြစ်ပြီး သင်္ဘောပေါ်မှဆင်း၍ ကုန်းပေါ်ရှိ လက်မှတ်ရုံတွင် ဆင်းဝယ်ရသည့်အတွက် သက်ကြီးရွယ်အိုများနှင့် ကလေးများမှာ သင်္ဘော အတက်၊ အဆင်းတွင် အခက်အခဲများရှိနေကြောင်း ခရီးသွားအချို့က အကြံပြုလျက်ရှိကြောင်း သိရသည်။

# ရန်ကုန်မြို့တော်နေ ပြည်သူများ၏ ကျန်းမာရေးအတွက် တစ်ဖက်တစ်လမ်းက ဖြည့်စွက်ပေးနေသူများ


ခွေးရူးကာကွယ်ဆေး ထိုးနှံပေးနေစဉ်

သတင်းဆောင်းပါး၊ ဓာတ်ပုံ- ခင်မောင်သော်(ကမာရွတ်)

"ဆရာမ၊ ကျွန်တော် ခွေးကိုက်ခံရလို့ပါ" ဟု အသံပေးပြီး ဝင်ရောက်လာသည့် အရွယ်လတ်လတ် အမျိုးသားတစ်ဦး ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံး (ယခင် အခေါ် ဒေသန္တရ ဆေးပေးခန်း)တွင် လာရောက်ပြသသည်ကို ထဘီအနီဝတ် ဆရာမက ချက်ချင်း လူနာမှတ်တမ်းစာအုပ်(အခမဲ့) ပြုလုပ်ပေးကာ ကုသရေးတာဝန်ခံ ဆရာဝန်ထံ ပြသပေးသည်။ ဆရာဝန်က ခွေးကိုက်ခံရသော ဒဏ်ရာကို ကြည့်ရှုစစ်ဆေးပြီး ရေခဲဘူးဖြင့်ထည့်ထားသည့် ခွေးရူးရောဂါကာကွယ်ဆေး လူနာအား ထိုးပေးသည်ကို တွေ့ရသည်။ ယခုအခါ နိုင်ငံတော်၏ အစီအစဉ်အရ ခွေးရူးရောဂါကာကွယ်ဆေးကို ရန်ကုန်မြို့၏ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတိုင်းတွင် အခမဲ့ ကုသထိုးနှံပေးကြောင်း သိရသည်။

ရန်ကုန်မြို့ကြီး၏ မြို့နယ်အဆင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးကို စာရေးသူရောက်ရှိခိုက် ကြုံတွေ့ခဲ့ရသည်ဖြစ်၍ စူးစမ်း စေ့ငုကြည့်ရာ ရန်ကုန်မြို့ကြီးအတွင်းရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးများသည် ရက်သတ္တ တစ်ပတ်အတွင်း တနင်္လာနေ့တွင် ကိုယ်ဝန်ဆောင်မိခင်များကို ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ အင်္ဂါနေ့တွင် ဆီးချို၊ သွေးချို အခမဲ့ စစ်ဆေးကုသမှုပေးခြင်း၊ ဗုဒ္ဓဟူးနေ့တွင် နှလုံးသွေးကြောရောဂါ၊ ကြာသပတေးနေ့တိုင်းနှင့် ပထမ ရက်သတ္တ တစ်ပတ်အတွင်း ကလေးငယ်များအား ကာကွယ်ဆေးပေးခြင်း၊ သောကြာနေ့တွင် တစ်လ နှစ်ကြိမ် ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများကိုသာမက အထွေထွေရောဂါကုသမှုပေးခြင်းကိုလည်း ရက်သတ္တ တစ်ပတ်လုံး ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ကမာရွတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်သင်းသင်းနိုင်(ယခင်အခေါ် မြို့နယ်ဆရာဝန်)က "ဆေးကုသခြင်းလုပ်ငန်းတွေအနေနဲ့ အထွေထွေကုသရေး၊ သွားရောဂါကုသရေး ဆရာဝန်တွေအပြင် ကျောင်းကျန်းမာရေးဆရာဝန်အနေဖြင့်လည်း ကျောင်းသား ကျောင်းသူတွေရဲ့ ကျန်းမာရေးအခြေအနေများကို မျက်ခြည်မပြတ် ကြည့်ရှုကာ ကျန်းမာရေးအသိပညာပေးခြင်း၊ ကာကွယ်ပေးခြင်းလုပ်ငန်းတွေလည်း ရန်ကုန်မြို့ကြီးရဲ့ မြို့နယ်တိုင်းမှာ ဆောင်ရွက်နေပါတယ်၊ ဒါ့အပြင် မြို့နယ်အလိုက် စာရင်းပေးပို့လာသော တီဘီရောဂါ ဝေဒနာရှင်တွေကိုလည်း အိမ်တိုင်ရာရောက် ဆေးဝါးပေးခြင်း၊ ကုသပေးခြင်းတွေ ဆောင်ရွက်ရပါတယ်" ဟု ရှင်းလင်းပြောပြသည်။

နိုင်ငံတော်က ကျန်းမာရေးကဏ္ဍ အသုံးစရိတ် မြှင့်တင်ပေးသည့်အတွက် ရောဂါအလိုက် ဆေးဝါးများကိုလည်း ပြည့်ပြည့်စုံစုံ အခမဲ့ပေးနေရာ ရန်ကုန်မြို့တော်ကြီးအတွင်းရှိ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတိုင်းတွင် တစ်နေ့လျှင် လူနာ ၅၀၊ ၆၀ အထိ လာရောက်ကုသမှုခံယူနေသည်ကို တွေ့ရသည့်အပြင် ယခင်ကထက် လာရောက်ပြသသူ များပြားကြောင်း သိရသည်။




အထူးသဖြင့် ကလေးငယ်များကိုလည်း မွေးစမှသည် သက်တန်းအလိုက် အသည်းရောင်၊ အသားဝါ(ဘီ)၊ ပြင်းထန်အဆုတ်ရောင်၊ ပိုလီယို၊ ဝက်သက်၊ ဂျိုက်သိုးကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ကလေးငယ်များ၏ ကျန်းမာရေး စောင့်ရှောက်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနေရာ ကလေးငယ်များ ကာကွယ်ဆေးထိုးခြင်းကို မှတ်တမ်းကတ်ဖြင့် စနစ်တကျ ပြုစုထိန်းသိမ်းထားကြောင်း သိရသည်။ အဆိုပါ ကလေးငယ်များ ကာကွယ်ဆေးထိုးသည့် သတ်မှတ်နေ့ရက်များတွင် ရန်ကုန်မြို့တော်ကြီးအတွင်းရှိ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မှူးရုံးတွင် ကလေးငယ်များနှင့် မိခင်များ တရုန်းရုန်းဖြစ်နေသည်ကို တွေ့ရသည်။

ထို့အပြင် ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် ရောဂါအလိုက် ကာကွယ်ဆေးထိုးခြင်းနှင့် ပတ်သက်သော လုပ်ငန်းများကိုလည်း မြို့နယ်အဆင့် ကျန်းမာရေးဝန်ထမ်းများကို သင်တန်းများ ပို့ချပေးထားကြောင်း သိရသည်။

ရန်ကုန်မြို့တော်အတွင်း မြို့နယ်တိုင်းတွင်ရှိသော မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးများရှိ ကျန်းမာရေးဝန်ထမ်းများသည် ရန်ကုန်မြို့တော်သူ မြို့တော် သားများ၏ ကျန်းမာရေးအတွက် တစ်ဖက်တစ်လမ်းက ဖြည့်စွက်တာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း တွေ့မြင်သိသမျှ တင်ပြလိုက်ရပါသည်။

---

**အချပ်ပို (ခ) မှ**

"စည်းကမ်းမဲ့ အမှိုက်စွန့်တဲ့သူတွေကို ပြစ်ဒဏ်အနေနဲ့ အချုပ်ထဲထည့်တာတွေ၊ ကြိမ်ဒဏ်ပေးတာတွေ ဆောင်ရွက်နိုင်ရင် အမှိုက်ကင်းစင်ရေးကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်မယ်" လို့ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောနေပြီဖြစ်သည်။ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကို ယခင်က ဒဏ်ငွေကျပ် ၂၀၀၀၀ (သို့မဟုတ်)ကျပ် ၁၀၀၀၀ သတ်မှတ်ပြီး ဆိုင်းဘုတ်များဖြင့် သတိပေးထားသော်လည်း အချို့လူများက စည်းကမ်းမဲ့စွာ စွန့်ပစ်နေဆဲဖြစ်သည်ကို တွေ့နေရပြန်သည်။ တစ်ဦးချင်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှု တဖြည်းဖြည်း လျော့ကျပပျောက်အောင် စည်းရုံးရေး၊ အသိပညာပေးရေးများဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်လျှင် မကြာမီအချိန်ကာလအတွင်း စင်ကာပူနိုင်ငံကဲ့သို့ သန့်ရှင်းသော မြို့ကြီးတစ်မြို့အဖြစ် ရောက်ရှိလာမည်မှာ သေချာသည်။

ရန်ကုန်မြို့ရှိ မြို့နယ်ပေါင်း ၃၃ မြို့နယ်တွင် လက်ရှိအချိန်နှင့် အမှိုက်တန်ချိန် ၂၅၀၀ ခန့် နေ့စဉ်ထွက်ရှိလျက်ရှိရာ အများဆုံးမှာ အမှိုက်ပုံးများ၊ သတ်မှတ်ထားသော အမှိုက်ကန်နှင့် အမှိုက်စွန့်ပစ်နေရာများမှ သိမ်းဆည်းသည့်အမှိုက်များ ဖြစ်သည်။ စည်းကမ်းမဲ့အမှိုက်များ စွန့်ပစ်မှုကြောင့် ရေမြောင်းများ ပိတ်ဆို့မှုနှင့် ကြွက်များ ကိုက်ဖောက်မှုကြောင့် မိုးကာလတွင် ရေလျှံခြင်း၊ ရေမြောင်းများ ပျက်စီးခြင်းတို့ ကြုံတွေ့နေရခြင်းဖြစ်သည်။

လက်ရှိအနေအထားအရ ရန်ကုန်မြို့ ၃၃ မြို့နယ်တွင် အမှိုက်အများဆုံး ထွက်ရှိသည့် မြို့နယ်မှာ လှိုင်သာယာဖြစ်ပြီးတစ်နေ့လျှင် အမှိုက်တန်ချိန် ၁၅၅ တန်ခန့် ထွက်ရှိနေကြောင်း သိရသည်။ ဒုတိယအမှိုက်အများဆုံး ထွက်ရှိသည့် မြို့နယ်မှာ သင်္ဃန်းကျွန်းဖြစ်ပြီး တစ်နေ့လျှင် အမှိုက်တန်ချိန် ၁၃၃ ဒသမ ၅ တန်ခန့် ထွက်ရှိနေသလို မြောက်ဥက္ကလာပမြို့နယ်သည်လည်း တစ်နေ့ အမှိုက်ထွက်ရှိနှုန်းမှာ တတိယနေရာတွင် ရှိနေသည်။

ရန်ကုန်မြို့တွင် လူဦးရေ ထူထပ်သော မြို့နယ်များ၊ အမှိုက်အများဆုံး ထွက်ရှိသည့် မြို့နယ်များ၌ စည်ပင်သာယာက တစ်နေ့လျှင် နှစ်ကြိမ်ခန့် လာရောက်အမှိုက်သိမ်းနိုင်လျှင် ကောင်းမည်ဟု မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်းက ပြီးခဲ့သည့် စက်တင်ဘာ ၂၀ ရက်က လွှတ်တော်၌ တင်ပြထားကြောင်း သိရသည်။ ရန်ကုန်မြို့ အမှိုက်ကင်းစင်ရေးအတွက် အလေးထားမှုရှိကြောင်း မီးမောင်းထိုးပြနေခြင်းပင်ဖြစ်သည်။

ရန်ကုန်မြို့အတွက် အမှိုက်သိမ်းကန်များကို ဖြည့်ဆည်းပေးထားသည်ဖြစ်ရာ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ အမှိုက်သိမ်းယာဉ် ၁၁၅ စီး ဝယ်ယူပြီးဖြစ်သလို ကြိုးစားအကောင်အထည်ဖော်နိုင်မှုရလဒ်များလည်း ဖြစ်သည်။

ရန်ကုန်မြို့ ၃၃ မြို့နယ်မှ ထွက်ရှိသော အမှိုက်များမှာ တစ်နေ့လျှင် ပျမ်းမျှ တန်ချိန် ၂၅၀၀ ခန့် ထွက်ရှိနေရာ ယခုနှုန်းအတိုင်းသာ အမှိုက်ထွက်ရှိနေပါက လာမည့် ၂၀၂၀ တွင် ရန်ကုန်မြို့၌ တစ်ရက်လျှင် အမှိုက်တန်ချိန် ၃၃၀၀ သိမ်းဆည်းရတော့မည့် အခြေအနေနှင့် ကြုံတွေ့ရမည်ဖြစ်သည်။

ထိုသို့သော အခြေအနေမျိုးတွင် အမှိုက်သိမ်းယာဉ်ကြီးများ၊ ဆေးရုံသုံးနှင့် ဆေးခန်းသုံးယာဉ်ကြီးများကို ဝယ်ယူကာ ပြည်သူများအတွက် အကောင်းဆုံးဝန်ဆောင်မှု ပေးသွားမည်ဖြစ်သည်။ ရန်ကုန်မြို့မှ နေ့စဉ်ထွက်ရှိလာသော အမှိုက်များကို အမှိုက်သိမ်းယာဉ်များဖြင့် စနစ်တကျ သိမ်းဆည်းလျက်ရှိသလို လုပ်အားပေးလူငယ်များလည်း တွေ့ရသည်။ ယခုအခါ ရန်ကုန်မြို့တွင် လူငယ်အဖွဲ့များက တစ်လတစ်ကြိမ် အမှိုက်ကောက်ပြီး အမှိုက်ပုံးများထဲသို့ ထည့်သွင်းခြင်းဖြင့် နမူနာပြဆောင်ရွက်နေပြီဖြစ်သည်။

အမှိုက်စွန့်ပစ်ရန်အတွက် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံတွင် ဧက ၇၀ ကျယ်ဝန်းသည့် နေရာနှင့် မြောက်ဒဂုံမြို့နယ် ထားဝယ်ချောင်အမှိုက်ပုံမှာ မြေဧက ၄၇ ဧက ရှိကြောင်း သိရသည်။ လောလောဆယ်တွင် အမှိုက်မှ လျှပ်စစ်ဓာတ်အားထုတ်ယူရန် ရွှေပြည်သာမြို့နယ် လှော်ကားလမ်းအနီး၌ တည်ဆောက်ပြီးဖြစ်သည်။ စက်ရုံမှ တစ်နေ့လျှင် တန်ချိန် ၆၀ ခန့် မီးရှို့နိုင်ပြီး လျှပ်စစ်ကီလိုဝပ် ၇၀၀ အနက်မှ ၄၀၀ ကီလိုဝပ်အား မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပြီး ဖြန့်ဖြူးခြင်းဖြစ်သည်။

ရန်ကုန်မြို့တစ်ခွင်ရှိ လမ်းများ၊ အိမ်များ၌ သန့်ရှင်းသပ်ရပ်စေရန် အမှိုက်ကို စနစ်တကျစွန့်ပစ်သည့် ကောင်းမွန်သည့် လူငယ်မျိုးဆက်သစ်ကို ပျိုးထောင်ရမည် ဖြစ်သည်။ အမှိုက်ကောက်ခြင်း အကျင့်များကို နေ့စဉ်မပြတ် လုပ်ကိုင်နေပါက စိတ်ပေါ့ပါးမှုလည်း ဖြစ်စေသည်။ ယခုအခါ လူငယ်များက ဦးစီးပြီး တစ်လတစ်ကြိမ် စုပေါင်းအမှိုက်ကောက်ပွဲများ မပျက်မကွက် ကျင်းပခြင်းဖြင့် အမှိုက်ပစ်ခြင်းမှာ ရှက်စရာအသိကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

ရန်ကုန်မြို့ပြအတွင်း ကားလမ်းများအပေါ်၊ ရပ်ကွက်အတွင်း နေရာအနှံ့၊ ရေမြောင်းများအတွင်းပါမကျန် သန့်ရှင်းရေးလုပ်ကိုင်ရန် ခေါ်ယူရမည်ဖြစ်သည်။ လက်တွေ့ကျသော ပေါင်းစပ်မှုများနှင့် ဆောင်ရွက်မှုသာ သန့်ရှင်းရေးလုပ်ငန်းများ ရည်မှန်းချက်ပြည့်မည်ဖြစ်သည်။ ရန်ကုန်မြို့တစ်ခွင်တွင်လည်း သန့်ရှင်းကြည်လင်နေမည်မှာ အမှန်ပင်။

## တစ်ပတ်အတွင်း ကားဈေးကွက်

မင်းသော်

# ရန်ကုန်ကားဈေးကွက် အရောင်းအေးစက်

၂၀၁၈ခုနှစ်အတွက် မော်တော်ကားတင်သွင်းမှု မူဝါဒများ ထွက်ရှိလာခဲ့သည်မှာ နှစ်ပတ်ကျော်ကြာမြင့်လာသည့် အတွက် ကားဈေးကွက် အတန်ငယ် ပြန်လည်ငြိမ်သက်သွားခဲ့ပြီး အရောင်းအဝယ်လုပ်ငန်းများလည်း နှေးကွေးလာခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

ကားဝယ်ရောင်းဈေးကွက်အတွင်း ကြိုက်ရောင်း ကြိုက်ဝယ်အနေအထားသာရှိနေပြီး ဈေးနှုန်းများ အမြင့်ပိုင်းတွင် ရပ်တန့်နေသည်ကိုလည်း မြင်တွေ့ရသည်။ မော်တော်ကား ဝယ်ရောင်းအများစုနှင့် ကားအရောင်း ပြခန်းပိုင်ရှင်များမှာလည်း မော်တော်ကား အရောင်းအဝယ်ထက် ၂၀၁၇ ခုနှစ် လက်ကျန်ပါမစ် လျှော့က်ထားကာ မော်တော်ကား တင်သွင်းနိုင်ခွင့် ရရှိရေးကိုသာ အာရုံကျနေခြင်းအတွက် ဈေးကွက်အတွင်း အရောင်းအဝယ် ပိုမိုအေးစက်နေရခြင်းဖြစ်ကြောင်း သိရှိရသည်။

၂၀၁၈ ခုနှစ် မူဝါဒများ ထွက်ရှိခဲ့သည့် ပြီးခဲ့သည့် သီတင်းပတ်ကျော်က မော်တော်ကားဈေးနှုန်းများသည် အနိမ့်ဆုံးပင် ငွေကျပ် ငါးသိန်းခန့် မြင့်တက်ခဲ့ပြီး ၁၃၀၀ စီစီ ဟွန်ဒါဖစ် GK3ကဲ့သို့သော မော်တော်ကားများသည် ငွေကျပ် ၁၀ သိန်းမှ ငွေကျပ် သိန်း ၂၀ အထိ မြင့်တက်ခဲ့သေးသည်။ သို့သော် ယခုသီတင်းပတ်တွင်မူ ကားဝယ်ယူခြင်း၊ ရောင်းချခြင်း နှစ်မျိုးစလုံး ငြိမ်သက်ခဲ့ခြင်းကြောင့် ဈေးနှုန်းများလည်း ငွေကျပ် သုံးသိန်းမှ ငွေကျပ် ငါးသိန်းအကြား ပြန်လည် ကျဆင်းလာသည်ကို တွေ့ရသည်။




မူဝါဒ ထွက်ထွက်ချင်း ငွေကျပ် သိန်း ၁၄၄ အထိ မြင့်တက်ခဲ့သည့် စလစ်ဈေးမှာလည်း သီတင်းနှစ်ပတ်ကြာသည့် ယခုအချိန်တွင် ငွေကျပ် ၁၃၀ ဝန်းကျင်သာရှိတော့သည်။ အရောင်းအဝယ်မှာလည်း မူဝါဒထွက်ပြီးပြီးချင်း အချိန်လောက် မကောင်းတော့ကြောင်း သိရသည်။ စလစ်ဈေးမှာ ကားဈေးကွက်ကျွမ်းကျင်သူများ ခန့်မှန်းသည့် သက်တမ်း ၂၀ စလစ်ဈေးနှုန်း ငွေကျပ် သိန်း ၁၅၀ အထိ မြင့်တက်နိုင်သည်ဟူသော ခန့်မှန်းချက်အထိ ပြည့်မီခြင်းမရှိခဲ့ဘဲ ကာလတိုအတွင်း ပြန်လည်ကျဆင်းလာခြင်းကြောင့် လက်ရှိကားဈေးကွက်ကိုလည်း ရိုက်ခတ်လာနိုင်ကြောင်း၊ ကားဈေးနှုန်းများလည်း ဈေးအမြင့်မှ အနည်းငယ်စီ ထပ်မံကျဆင်းဖွယ်ရှိကြောင်း လာမည့်သီတင်းပတ်အတွက် ကျွမ်းကျင်သူအချို့က ခန့်မှန်းကြသည်။

လာမည့်နှစ် မကုန်မီအတွင်း ရန်ကုန်ဈေးကွက်အတွင်းရှိ မော်တော်ကားဈေးနှုန်းများမှာ ယခုကာလထက် ထပ်မံမြင့်တက်နိုင်ဖွယ် လုံးဝမရှိနိုင်ကြောင်း ခန့်မှန်းကြပြီး မော်တော်ကား ဝယ်ယူမည့်သူများအတွက် အချိန်အနည်းငယ် ထပ်မံစောင့်ဆိုင်းပြီးမှသာ ဝယ်ယူခြင်း၊ အလဲအထပ်လုပ်ခြင်းများအတွက် ပိုမိုသင့်တော်နိုင်ကြောင်း ကားလောကအသိုင်းအဝိုင်းမှ သိရှိရသည်။

တစ်ဦးချင်းတင်သွင်းခွင့်များတွင်လည်း ပါမစ်သက်တမ်းများ တိုးမြှင့်ပေးထားခြင်းကြောင့် ဝယ်ယူမည့်ကားများကို ဂျပန်နိုင်ငံဘက်သို့ လေလံဆွဲရာတွင် အချိန်ကာလ ပိုမိုရရှိလာသဖြင့် ဂျပန်လေလံဈေးများလည်း အထိုက်အလျောက် ကျဆင်းလာနိုင်ကြောင်း ကားအရောင်းပြခန်း အချို့က ခန့်မှန်းကြရာ စလစ်ဝယ်ယူကာ မော်တော်ကား တင်သွင်းလိုသူများအတွက် စတင်စောင့်ဆိုင်းလုပ်ကိုင်နိုင်မည့် အချိန်ဖြစ်ကြောင်း ကားအရောင်းပြခန်းများမှ သိရသည်။

ထို့ပြင် နယ်ကားလိုင်စင်များ ရန်ကုန်မြို့သို့ ဝင်ရောက်ခြင်းများ၌ မြို့ဝင်ကြေးများ ပေးဆောင်ရမည်ဟူသော သတင်းများ ထွက်ပေါ်ခဲ့ရာ နယ်ကားများ ရန်ကုန်မြို့တွင် အရောင်းအဝယ် ဖြစ်နိုင်ရန် အခက်အခဲ ဖြစ်စေမည်ဟု ပြောဆိုသံများကိုလည်း ကြားသိရသည်။

လက်ရှိတွင် သီတင်းပတ်အတွင်းအများဆုံး အရောင်းအဝယ်ဖြစ်သည့် မော်တော်ကားအမျိုးအစားများမှာ Alphard၊ Honda Fit Shuttle နှင့် Kluger တို့ ဖြစ်ကြောင်း သိရသည်။

> **“ကားဝယ်ရောင်း ဈေးကွက်အတွင်း ကြိုက်ရောင်း ကြိုက်ဝယ်အနေအထားသာ ရှိနေပြီး ဈေးနှုန်းများ အမြင့်ပိုင်းတွင် ရပ်တန့်နေသည်ကိုလည်း မြင်တွေ့ရသည်၊ မော်တော်ကား ဝယ်ရောင်းအများစုနှင့် ကားအရောင်းပြခန်း ပိုင်ရှင်များမှာလည်း မော်တော်ကားအရောင်းအဝယ်ထက် ၂၀၁၇ ခုနှစ် လက်ကျန်ပါမစ်လျှော့က်ထားကာ မော်တော်ကား တင်သွင်းနိုင်ခွင့် ရရှိရေးကိုသာ အာရုံကျနေခြင်းအတွက် ဈေးကွက်အတွင်း အရောင်းအဝယ် ပိုမိုအေးစက်”**

### တစ်ပတ်အတွင်းအရောင်းအဝယ်ဖြစ်ခဲ့သည့် ကားအမျိုးအစားအချို့

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Kluger | ၂၀၀၁ | ရန်ကုန် | 2400cc | အပြင်ဈေး | ၃၂၅ |
| Fit Shuttle | ၂၀၁၂ | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၅၀ |
| Belta | ၂၀၀၉ | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၇၀ |
| Ractis | ၂၀၁၁ | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၇၅ |
| Subaru | ၂၀၁၁ | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၈၀ |
| Crown | ၂၀၀၁ | ရန်ကုန် | 2000cc | အပြင်ဈေး | ၂၃၅ |
| Suzuki wagon-R | ၂၀၁၀ | ရန်ကုန် | 660cc | အပြင်ဈေး | ၁၁၈ |
| Civic Hybrid | ၂၀၀၆ | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၅၅ |
| Fit GE 6 | ၂၀၀၈ | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၅၅ |
| AD Van | ၂၀၁၀ | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၃၅ |

**ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။**

**အချပ်ပို (က) မှ**

ယခင်က ကြည့်မြင်တိုင်ညဈေးသည် လူသိများခဲ့သော်လည်း ယခုဖွင့်လှစ်သော ကမ်းနားလမ်း၊ ဘဏ်လမ်း၊ ပန်းခြံလမ်း ညဈေးက အုပ်ချုပ်သူအစိုးရ ဝန်ကြီးချုပ်ကိုယ်တိုင် ရေမီးအစုံဖြင့် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်မြို့နယ်အတွင်းရှိ လမ်းမကြီး ၁၁ လမ်းမှ လမ်းဘေးဈေးသည်များက ညဈေးတန်း၏ ဘဝသရုပ်ကို ဖော်ထုတ်နေကြသူများဖြစ်သည်။ လျှပ်စစ်မီး၊ ရေ၊ အဆင့်မြင့်သန့်စင်ခန်းများဖြင့် ညဈေးတန်းက တင့်တင့်တယ်တယ် ဖြစ်တည်နေသည်။ လမ်းဘေးဈေးဆိုင်များဖြင့် ရှုပ်ထွေးပွေလီနေသော ရန်ကုန်မြို့လယ်ကောင်အား ခေတ်မီမြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်အောင် ပြည်သူများကိုယ်တိုင် ဦးစွာကြိုးစားကြရမည်ဖြစ်သည်။

ညဈေးတန်းများတွင် မူလစတင်ရောင်းချစဉ်က အစားအသောက်နှင့် သစ်သီးဆိုင်များသာ ပါဝင်ခဲ့သော်လည်း နောက်ပိုင်းတွင် အခြားရောင်းကုန်များလည်း တဖြည်းဖြည်း ပါဝင်လာလျက်ရှိသည်ကို တွေ့ရသည်။ မိုးတွင်းကာလက အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်နိုင်ခဲ့ခြင်း မရှိသောဆိုင်ခန်းများကို ပွင့်လင်းရာသီတွင် ပြန်လည်အစပျိုး ဖွင့်လှစ်လာကြသည်။

“မိုးတွင်းမှာတော့ ကျွန်တော်တို့ဆင်းပြီး Survey လုပ်ပါတယ်၊ တစ်ဦးချင်းကို မေးတာပါ၊ သူတို့ပြောတာက ကမ်းနားလမ်းကြီးဆိုရင် လေကြောင်းလည်း ကျတယ်၊ လေတိုက်လို့ရှိရင် သူတို့ထီးတွေ လေတွေတိုက်ပြီး ပါသွားမှာလည်း စိုးရိမ်တယ်။ နောက်အောက်က ရေတံခါးတွေက တစ်ဆင့် ဒီရေတက်ချိန်နဲ့ မိုးရွာချိန်နဲ့ ဆုံလို့ရှိရင် ရေမြောင်းတွေက ရေနည်းနည်းလျှံတယ်၊ ရေလျှံတယ်ဆိုပေမယ့် ဆိုးရွားတဲ့ ဆုံးရှုံးမှုတော့ တစ်ခါမှမဖြစ်ခဲ့ဘူး၊ ကျွန်တော်တို့ တောက်လျှောက်လည်း စောင့်ကြည့်တယ်၊ ကျွန်တော်တို့နဲ့ ဆက်စပ်နေတဲ့ ဈေးများဌာနတို့၊ လမ်းတံတားဌာနတို့ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးတွေနဲ့ ပူးပေါင်းပြီးတော့ ရေတံခါးအဖွင့်အပိတ်တွေကို သေချာလုပ်တယ်၊ နောက်တစ်ခုက ဈေးတန်းအတွက်ကို ရေမြောင်းတွေ၊ ရေစီးရေလာတွေ ကောင်းအောင် လုပ်သွားဖို့လည်း ရှိပါတယ်” ဟု လက်ထောက်ဌာနမှူး ဦးမောင်မောင်ဌေးက မိုးတွင်းကာလ ဈေးသည်နည်းပါးခြင်း အကြောင်းအရင်းကို ရှင်းပြသည်။

လာရောက်စားသောက်သူ ပြည်သူများအနေဖြင့် အစားအသောက်မှတစ်ဆင့် အန္တရာယ်မဖြစ်ပွားစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြန်မာ့စားသုံးသူများ သမဂ္ဂ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီလက်အောက်ရှိ ဈေးများဌာန၊ ကျန်းမာရေးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန၊ စီမံရေးရာနှင့် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)တို့ ပူးပေါင်းကာ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးသင်တန်းကို လေးကြိမ်ဖွင့်လှစ်ပေးခဲ့ပြီး ဈေးရောင်းချသူ ၄၁၆ ဦးတို့ကို သင်ကြားပို့ချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပွင့်လင်းရာသီတွင် ည၏အရသာ လေပြည်လေညင်းကို ခံလိုသော ရန်ကုန်မြို့နေ ပြည်သူတို့မှာ ညဈေးတန်းများတွင် သက်ဝင်လှုပ်ရှားကြမည်မှာ မလွဲကေန်ပင်ဖြစ်သည်။ ထို့ကြောင့်ပင် သက်ဆိုင်ရာ တာဝန်ရှိသူတို့က ညဈေးတန်းများ ပိုမိုဖွံ့ဖြိုးရေး၊ သန့်ရှင်းသာယာလှပရေးတို့ကို ယခုထက် ပိုမိုဖော်ဆောင်နိုင်ပါက မြို့တော်သူမြို့တော်သားတို့၏ ဆန္ဒနှင့်ဘဝကို ထပ်တူကျစေမည်ဟု မျှော်လင့်မိပါကြောင်း . . .